# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။

(မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ အင်္ဂါနေ့ အတွဲ (၆၁)၊ အမှတ် (၃၅၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုအကျိုးကို ရှေးရှု၍ ရေရှည်မျှော်တွေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ပြီး တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်

နေပြည်တော် စက်တင်ဘာ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**

ဆုံးဖြတ်ချက်များချမှတ်ရာတွင် သတိပြုဖွယ် လွှမ်းမိုးတတ်မှုများ ...

ဆောင်းပါး စာ - ၆

နှစ်ပေါင်းအစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲလာခဲ့တဲ့ မိတ်ဆွေညီအစ်ကိုဆက်ဆံရေး

ဆောင်းပါး စာ - ၈

# ငါးသလောက်ငါး သယံဇာတမြှင့်တင်ရေး သားပေါက်ချိန် ရာသီအလိုက် တားမြစ်ချက်လိုက်နာ

“ငါးမှာ ငါးသလောက်” ဟူသည့် ဆိုရိုးစကားက ငါးသလောက်သည် အရသာအရှိဆုံးငါးမျိုးဖြစ်ကြောင်း ဖော်ညွှန်းနေပြီး မြန်မာနိုင်ငံတွင် လူကြိုက်များသည့် ငါးမျိုးထဲတွင် ပါဝင်ကြောင်းကိုလည်း ပြဆိုနေခြင်းဖြစ်သည်။ ငါးသလောက်ကို ဘင်္ဂလားပင်လယ်အော် ပတ်ဝန်းကျင်သုံးနိုင်ငံဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့က အဓိကထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ ငါးသလောက်ဖမ်းဆီးရမိမှု ကျဆင်းလာပြီး ငါးအရွယ်အစားမှာလည်း သေးငယ်လာသည့် အခြေအနေသို့ ရောက်ရှိလာရာ ငါးသလောက်ငါး သယံဇာတမြှင့်တင်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်လာသည်။

ငါးသလောက်ငါးများသည် မျိုးပွားဇီဝဗေဒဆိုင်ရာအရ ပင်လယ်ပြင်တွင် ကြီးပြင်းပြီး ရေချို/ရေငန်စပ်ရေပြင် မြစ်ချောင်းများအတွင်းသို့ ဝင်ရောက်သားပေါက်ကြကာ အဆိုပါသားပေါက်များက တစ်ဖန် ပင်လယ်ပြင်သို့ အုပ်စုလိုက် ရွှေ့ပြောင်းကြီးပြင်းသည့် (Anadromous) ငါးမျိုးစိတ်ဖြစ်သည်။ ငါးသလောက်ငါးများကို စနစ်တကျဖမ်းဆီး၍ ရေရှည်သုံးစွဲနိုင်ရန် ရည်ရွယ်ပြီး မျိုးပွားသားပေါက်ရန် စားကျက်များနှင့် ငါးနေငါးထိုင်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ မျိုးပွားသားပေါက်ရန် ဝင်ရောက်လာသော မျိုးဆောင်ငါးများကို အကာအကွယ်ပေးခြင်း၊ ငါးသားပေါက်များကိုလည်း လွတ်လပ်စွာ ကြီးထွားခွင့်ပေးခြင်း၊ အုပ်စုလိုက် ရွှေ့ပြောင်းရာ လမ်းကြောင်းများကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း၊ သဘာဝတွင် သားပေါက်နိုင်သော အခြေအနေများကို တိုင်းတာခြင်း စသည့်သုတေသနလုပ်ငန်းများ ပြုလုပ်ထားပြီးဖြစ်ကြောင်းသိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးသလောက် သားပေါက်သည့်နေရာများအား ထိန်းသိမ်းကာကွယ်ရန် ဘေးမဲ့ဇရိယာ (၁၁)ခု၊ မျိုးဆောင်ငါးသလောက်ငါးများ ရွှေ့ပြောင်းသွားလာရာ လမ်းကြောင်းများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးရှိ တိုးမြစ်ကြောင်း၊ ဘိုကလေးမြစ်ကြောင်း၊ ပြန်မလေ့မြစ်ကြောင်းနှင့် ရွှေးမြစ်ကြောင်း စသည့်မြစ်ကြောင်း (၄)ခုအား စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ငါးသလောက် ဖမ်းဆီးခြင်းမပြုရသည့်ကာလသတ်မှတ်၍ အသိပညာပေးခြင်း၊ သတိပေးတားမြစ်ခြင်းများကို ပြုလုပ်လျက်ရှိသည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်အကြားရှိ မင်းကြောင်းမြစ်အတွင်း ထိန်းသိမ်းရေးနေရာတစ်ခု၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး ဆက်စပ်နယ်မြေဖြစ်သည့် စစ်တောင်းမြစ်ဝ(Ramsar Site) ရှိ ရာသီအလိုက် ငါးသလောက် ကာကွယ်ထိန်းသိမ်းရေးနေရာတစ်ခုနှင့် မွန်ပြည်နယ်ငါးဖမ်းကွက် အမှတ် D2 နှင့် D3 ကို ရာသီအလိုက် ပိတ်ပင်တားမြစ်ထားသည်။

ငါးသလောက်အပါအဝင် ငါးသယံဇာတများကို ထိန်းသိမ်းသည့်အနေဖြင့် ငါးဖမ်းဆီးခြင်းမပြုရန် ရာသီအလိုက် အချိန်ကာလနှင့် ဒေသများသတ်မှတ်၍ တားမြစ်နေခြင်းမှာ ရေရှည်အကျိုးဖြစ်ထွန်းစေရန်အတွက်ဖြစ်သည်။ ငါး၊ ပုစွန် သယံဇာတများကို အမြော်အမြင် ကင်းမဲ့စွာ အလွန်အကျွံ ဖမ်းဆီးခြင်းအားဖြင့် မျိုးသုဉ်းကာ ငါးပုစွန်ထုတ်လုပ်မှု လျော့နည်းကျဆင်းခြင်းနှင့်အတူ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၏ လူမှုစီးပွားဘဝများကို ထိခိုက်စေခြင်း၊ ရေလုပ်ငန်းကဏ္ဍမှ ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်မှု လျော့နည်းကျဆင်းခြင်းနှင့် ပြည်တွင်း ငါးပုစွန်စားနပ်ရိက္ခာရှားပါးမှုတို့ ဖြစ်ပေါ်လာမည် ဖြစ်သည်။ သို့ဖြစ်ရာ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများအနေဖြင့် ပိတ်ပင်တားမြစ်ထားသည့် အချိန်ကာလအတွင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိတို့နှင့်တကွ နိုင်ငံနှင့် ပြည်သူတို့၏ ရေရှည်အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ကြပါစေကြောင်း။ ။

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**




## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ “ **ပြည်သူ့ကြားက ပြည်သူ့စကား**” အစီအစဉ်မှ **“အမှားကိုမြင် အမှန်ကိုသိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ (သို့မဟုတ်) အမြင်မှန်ရလာကြသောလူငယ်များ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ငါန်းဇွန်မြို့နယ်မှ ဖမ်းဆီးရမိ ဇာမနီပြောက်ကျားတပ်ဖွဲ့ဝင်များ၏ ကြောက်မက်ဖွယ်ရာ သတ်ဖြတ်ခဲ့မှုကြီးများအကြောင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စီမံကိန်း၊ ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ကောက်ယူခြင်း သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၂၆**

“စားနပ်ရိက္ခာလုံခြုံရေးနှင့် သတင်းအချက်အလက်များ လေ့လာသုံးသပ်ခြင်းနှင့် အညွှန်းကိန်းများအတွက် ပံ့ပိုးပေးနိုင်ရန် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းကိန်းဂဏန်း သတင်းအချက်အလက် စကြ်န်တစ်ခု ထူထောင်ခြင်း” စီမံကိန်း၊ ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ကောက်ယူခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် က နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန သတင်းအချက်အလက်ဌာန အဆောက်အဦ၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ဌာနမှ တာဝန်ရှိသူများ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ တစ်နိုင်ငံလုံးမှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အရာထမ်း ၃၀ ကို Computerzied Data Entery System ဖြင့် သီးနှံစာရင်းအင်းကောက်ယူမှုဆိုင်ရာ နည်းပညာအချက်အလက်များ သင်ကြားပို့ချပေးမည်ဖြစ်ပြီး အဆိုပါနည်းပညာအား အသုံးပြုခြင်းဖြင့် လယ်ယာမြေများပေါ်၌ စိုက်ပျိုးထားရှိသော သီးနှံများ၏ အချက်အလက်ကိန်းဂဏန်းများအား အချိန်တိုအတွင်း လိုအပ်သည့်နေရာဌာနများသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ဖြန့်ဝေခြင်း၊ ထုတ်ပြန်ကြေညာခြင်း စသောအကျိုးကျေးဇူးများ ရရှိနိုင်မည့်အပြင် တောင်သူလယ်သမားများ တွေ့ကြုံနေရသော စိုက်ပျိုးမှုဆိုင်ရာ အခက်အခဲများအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ပါသဖြင့် လိုအပ်သည့် အကူအညီများ ချက်ချင်းလက်ငင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## လယ်ဝေးမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးမှတ်တမ်းရေးသွင်းနည်း ရက်တိုသင်တန်းဖွင့်

**လယ်ဝေး စက်တင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးမှတ်တမ်းရေးသွင်းနည်း ရက်တိုသင်တန်းဖွင့်ပွဲ ကျင်းပရာ**(အောက်ဝဲပုံ)** မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က အမှာစကားပြောကြားသည်။



ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့စုမှူး ရဲမှူး မြင့်အောင်က ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဆက်လက်ပို့ချသည်။

ဖွင့်ပွဲသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန္တာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၀ မှ ၂၁ ရက်အထိ ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင်တို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

❖ *ရှေ့ဖုံးမှ*

### တက်ရောက်

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်တို့နှင့်အတူ (UWSP)မှ နိုင်ငံရေးဌာနကြီးမှူး ဦးအိုက်နပ်လိုင်း၊ (NDAA)မှ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ (SSPP)မှ အတွင်းရေးမှူး(၂) စဝ်ဆိုင်းဆုနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### အကျေအလည်ဆွေးနွေးသွားမည်

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်မှုရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ယခု ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည် ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန်လိုသည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တို့ကို အခြေခံ၍ ငြိမ်းချမ်းရေး လမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

### ပြန်လည်ဆွေးနွေး

ထို့နောက် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ(၂) စဝ်ခွန်ဆိုင်နှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘောထားကြီးစွာဖြင့် နိုင်ငံရေးဆွေးနွေးမှုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နိုင်ရန် အမြော်အမြင်ကြီးစွာ ကမ်းလှမ်းခဲ့မှုအပေါ် ဝမ်းမြောက်ကြိုဆိုသည့် အခြေအနေများ၊ **နိုင်ငံတော်မှ ခွဲမထွက်ဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို စွဲမြဲစွာ ထိန်းသိမ်းလိုက်နာလျက်**ရှိသည့် အခြေအနေများ၊ သဘောထားကွဲလွဲမှုများကို လက်နက်ဖြင့် ဖြေရှင်းခြင်းမပြုလုပ်ဘဲ ငြိမ်းချမ်းစွာဖြင့်သာ ဆွေးနွေးဖြေရှင်းဆောင်ရွက်ရန် လိုလားပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု အားရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### အပြန်အလှန်ဆွေးနွေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် ဒေသ၊ လူမျိုးမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်သည့် အခြေအနေများ၊ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များ

*စာမျက်နှာ ၄ သို့*

**❖ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိမှသာလျှင် ဒေသ၊ လူမျိုးမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုများကို ဆောင်ရွက်နေခြင်းဖြစ်**

**❖ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) တို့အပေါ်တွင်သာ အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်သွားကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ဒုတိယဥက္ကဋ္ဌ (၂) စဝ်ခွန်ဆိုင် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

*စာမျက်နှာ ၃ မှ*
အပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) တို့အပေါ်တွင်သာ အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည့် အခြေအနေများနှင့် ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏ အကျိုးကို ရှေးရှု၍ စိတ်ရှည်စွာဖြင့် ညီညီညွတ်ညွတ် ဆွေးနွေးဆောင်ရွက်သွားကြမည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်များက လက်ခံရယူကြပြီး ဒေသထွက် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်၍ ရင်းရင်းနှီးနှီး ဆွေးနွေးပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော်မရှင်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင် အဂတိကင်းစင်ရန် အထူးလိုအပ်

**နေပြည်တော် စက်တင်ဘာ ၂၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း(၁/၂၀၂၂) တွင် အမှုတည်ဆောက်ခြင်း၊ သက်သေများနှင့် တရားခံများစစ်ဆေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများ၊ First Information Report (FIR) ရေးဖွင့်ခြင်းနှင့် မှုခင်းမှတ်တမ်းများဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ သက်သေခံပစ္စည်းများ၊ အထောက်အထားများရှာဖွေခြင်းနှင့် သိမ်းဆည်းခြင်း၊ ငွေကြေးခဝါချမှုများနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ တရားရုံးတွင်စစ်မေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ရာတွင် ထားရှိရမည့် သမာဓိတရား၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာများနှင့် စုံစမ်းစစ်ဆေးရေးဝန်ထမ်းများ သိသင့်သိထိုက်သော အကြောင်းအရာများကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။





အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။**(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေက စုံစမ်းစစ်ဆေးရေးလုပ်ငန်းများသည် ကော်မရှင်အတွက် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ သင်တန်းသားဝန်ထမ်းများအနေဖြင့် စုံစမ်းစစ်ဆေးမှုကိစ္စများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ တရားစွဲဆို တင်ပို့နိုင်ရေးဆောင်ရွက်ရာတွင် တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ရန်၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှောင်ကြဉ်ရမည့်အချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို နားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးဆောင်ရွက်တတ်စေရန်၊ တရားစွဲဆိုဆောင်ရွက်သည့်လုပ်ငန်းများတွင်လည်း ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုမိုမြင့်မားသည့် စွမ်းဆောင်ရည်များ ရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

အမှုများ စစ်ဆေးရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ဖြေရှင်းကျော်လွှားရမည့်နည်းလမ်းများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သမာဓိတရားနှင့် စွမ်းဆောင်ရည်မြင့်မားမှုသည် အထူးအရေးကြီးကြောင်း။

ကော်မရှင်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင် အဂတိကင်းစင်ရန် အထူးလိုအပ်ပြီး ကော်မရှင်၏ ကျင့်ဝတ်ကို အမြဲလိုက်နာရန်လည်း လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် နိုင်ငံဆင်းရဲနွမ်းပါးမှု လျော့ကျစေရေးအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းဖြစ်သည့်အတွက် စုံစမ်းစစ်ဆေးရေး ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်နေရာတွင် တရားမျှတမှုရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ လာဘ်ပေးလာဘ်ယူမှုကင်းခြင်း စသည့် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များခွဲခြားမှုမရှိဘဲ ဘက်လိုက်ခြင်း ကင်းစွာဖြင့် ဆက်စပ် တည်ဆဲဥပဒေများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ဆောင်သင့်သည့်အရာများကို လုပ်ဆောင်ရန်လိုကြောင်း ပြောကြားသည်။

စုံစမ်း စစ်ဆေးရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂၁ ရက်အထိ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နယူးဒေလီမြို့၌ ကျင်းပလျက်ရှိသည့် အာရှ -အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO)၏ အကြိမ် (၆၀) မြောက် အထွေထွေညီလာခံတက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၆**

အာရှ – အာဖရိက ဥပဒေ အတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အကြိမ်(၆၀) မြောက် အထွေထွေ ညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ အဆိုပါအထွေထွေ ညီလာခံသို့ အာရှ – အာဖရိက ဥပဒေ အတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kamalinne Pinitpuvadol ၏ ဖိတ်ကြားချက်အရ အာရှ–အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်တို့ တက်ရောက်လျက်ရှိသည်။

**အဖွင့်အမှာစကားပြောကြား**

အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ အာရှ–အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် H.E. Dr. Kamalinne Pinitpuvadol နှင့် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Ms. Meenakshi Lekhi တို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**ငြိမ်းချမ်းစွာဖြေရှင်း**

အထွေထွေ ညီလာခံတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာ သီတာဦးက အာရှ–အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ကို ယခင်က ဥပဒေအတိုင်ပင်ခံကော်မတီ (ALCC) သည် ၁၉၅၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းသည် ၁၉၅၅ ခုနှစ် ဧပြီလတွင်ကျင်းပခဲ့သည့် သမိုင်းဝင် ဘန်ဒေါင်းညီလာခံ၏ ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကနဦးအဖွဲ့ဝင် (Founding Member) ဖြစ်ပြီး မြန်မာနှင့်အတူ သီရိလင်္ကာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ ဂျပန်နှင့် ယူနိုက်တက်အာရပ် စသည့် နိုင်ငံခုနစ်နိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံများဖြစ်ပါကြောင်း၊ ညီလာခံ၏ ရည်ရွယ်ချက်သည် အာရှ–အာဖရိက နိုင်ငံများတွင် စီးပွားရေးနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ရန်ဖြစ်ပါကြောင်း၊ အာရှ–အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) သည် ဘန်ဒေါင်းညီလာခံအပြီး ပေါ်ပေါက်ခဲ့သော ဘက်မလိုက် အဖွဲ့အစည်း Non–Aligned Movement (NAM) ဖြစ်ပြီး အာရှနှင့် အာဖရိကနိုင်ငံများသာ ပါဝင်ပါကြောင်း၊ ဘန်ဒေါင်းညီလာခံကြေညာချက်နှင့် ဘန်ဒေါင်းမူ သဘောတရားများသည် ဘက်မလိုက်ခြင်း Non–Aligned Movement (NAM) ၏ အခြေခံကျသော မူသဘောတရားများဖြစ်ပါကြောင်း၊ ဘန်ဒေါင်းညီလာခံ၏ Legacy သည် ထိရောက်သော နိုင်ငံတကာ ဆက်ဆံမှုများအတွက် အရေးကြီးသည့် မှတ်ကျောက်တစ်ခုဖြစ်ပါကြောင်း၊ ဘန်ဒေါင်းညီလာခံမှထုတ်ပြန်ခဲ့သည့် အခြေခံမူ ၁၀ ချက်သည် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန်နှင့် တိုးမြှင့်ရန် ထိရောက်စွာ ဆောင်ရွက်ခြင်း၊ အခြေခံလူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေစိုးမိုးမှုကို လေးစားလိုက်နာခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု မပြုခြင်းနှင့် မနှောင့်ယှက်ခြင်း၊ နိုင်ငံတစ်နိုင်ငံကဖြစ်စေ စုပေါင်း၍ဖြစ်စေ ကာကွယ်ခုခံပိုင်ခွင့်ရှိခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးလွတ်လပ်မှု သို့မဟုတ် နယ်မြေစိုးမိုးမှုကို ဆန့်ကျင်၍ အင်အားသုံးကျူးကျော်ရန်စမှုကို တားမြစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို လေးစားလိုက်နာ၍ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းတို့ဖြစ်ကြောင်း။

**လေးစားလိုက်နာလျက်ရှိ**

ယင်း အချက်များအနက် ဘန်ဒေါင်းကြေညာချက် ၈ ချက်သည် ကုလသမဂ္ဂပဋိညာဉ်နှင့် အပြည်ပြည်ဆိုင်ရာ မူသဘောတို့တွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံအဖွဲ့ဝင် နိုင်ငံလည်းဖြစ်ရာ ကုလသမဂ္ဂ ပဋိညာဉ်နှင့် အာဆီယံပဋိညာဉ်တို့ကို လေးစားလိုက်နာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီး ကျင့်သုံးကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုပါကြောင်း၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းလျက် ရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ စည်းမျဉ်းများသည် နိုင်ငံတကာ၏ ကြွယ်ဝမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံမှုနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတို့ကို ရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေဘာသာရပ်သည် အကြောင်းအမျိုးမျိုးကြောင့် ထည့်သွင်းဆွေးနွေးသင့်သည့် ဘာသာရပ်ဖြစ်ပါကြောင်း။

ယနေ့ခေတ် ကာလတွင် အာရှ–အာဖရိက ဒေသသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လျက်ရှိသောကြောင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် သင့်လျော်သော ဒေသတစ်ခုဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် တောင်အာရှရှိ နိုင်ငံများနှင့် ကုန်သွယ်မှု ပြုလုပ်ရာတွင်လည်းကောင်း၊ နိုင်ငံများနှင့် အပြန်အလှန်ဆက်သွယ်တည်ဆောက်ရာတွင်လည်းကောင်း မဟာဗျူဟာကျသည့်နေရာတွင် တည်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လွယ်ကူအဆင်ပြေစေရန်အတွက် လိုအပ်သော ဥပဒေများကိုပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ၎င်းတို့၏ ကုန်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ တင်ပို့နိုင်မည်ဖြစ်ပြီး ထိုနည်းလမ်းများဖြင့် ကောင်းမွန်သော အကျိုးအမြတ်များကို ခံစားရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများပြည့်ဝသည့် နိုင်ငံတစ်ခုအဖြစ် စဉ်းစားသတ်မှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ AALCO ၏ Agenda တွင် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**အမြင်ချင်းဖလှယ်**

ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာ သီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် အထွေထွေ ညီလာခံတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေကော်မရှင် International Law Commission (ILC) မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနိုင်ငံတကာ ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပြဿနာများနှင့် စပ်လျဉ်း၍ အထွေထွေညီလာခံ၌ တက်ရောက်လျက်ရှိသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေး

**ပဲခူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်ခရိုင်အတွင်းရှိ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများနှင့် ပဲခူးတက္ကသိုလ်မှ ပါမောက္ခ/ဌာနမှူးများ စုစုပေါင်း ၇၀၈ ဦးအတွက် စားစရိတ်ထောက်ပံ့ငွေကျပ် ၃၅၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**



အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးပေါ်တွင် မူတည်နေကြောင်း၊ စာသင်ခန်းထဲတွင် တိုင်းပြည်၏ အနာဂတ်၊ မိဘများ၏ ရည်မှန်းချက်၊ ကျောင်းသားများ၏ မျှော်လင့်ချက်များ ရှိနေသည်ကို သတိပြုကြရမည် ဖြစ်ကြောင်း။

တက္ကသိုလ်ဝင် စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်းပြ ဆရာ ဆရာမများအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ရှင်းလင်းသင်ပြမည့် စာမေးပွဲဆိုင်ရာ အချက်အလက်များကို သေချာတိကျရှင်းလင်းစွာ သိရှိစေရန်လိုကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲမှရရှိသည့် အတွေ့အကြုံကောင်းများကို တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများကို အတတ်နိုင်ဆုံး အကောင်းဆုံး ပြန်လည်ကြိုးစားသင်ကြားပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူး ဦးစိုးလွင်က တက္ကသိုလ်ဝင်တန်း စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ ကိုးသောင်းရပ် သာသနမင်္ဂလာ စာသင်တိုက်ရှိ ဆရာတော် သံဃာတော်များ ကိုဗစ် –၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးနေမှုကို ကြည့်ရှုပြီး ကျန်းမာရေးဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆုတောင်းပြည့် ရွှေဆံတော်စေတီတော်သို့ ရောက်ရှိပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းကာ ငါးထပ်ခမ္ဘာရံ ပြန်လည်တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆုံးဖြတ်ချက်များချမှတ်ရာတွင် သတိပြုဖွယ် လွှမ်းမိုးတတ်မှုများ ...

**သိန်းထွန်း (IR)**

**နေ့စဉ်ဘဝအတွက် အရေးပါသောအစိတ်အပိုင်း**

လူတစ်ဦးချင်းစီတိုင်းရဲ့ နေ့စဉ်ဘဝတွေမှာ ကိုယ်ရေးကိုယ်တာ၊ အိမ်တွင်းရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ စီးပွားရေး ကြီးပွားရေးတွေလို ကိစ္စသေးသေးလေးကစပြီး ဘဝအပြောင်းအလဲဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာတွေလို ဆုံးဖြတ်ချက်အကြီးကြီးတွေအထိ စဉ်းစားမှု၊ ရွေးချယ်မှု၊ ဆုံးဖြတ်မှုတွေ လုပ်ကြရပါတယ်။ အဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှုတွေ၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်တွေကတော့ အများနဲ့ဆိုင်တဲ့ စဉ်းစားဆုံးဖြတ်ချက်တွေ ဖြစ်ပါတယ်။

ကိုယ်ရေးကိုယ်တာကိစ္စပဲဖြစ်ဖြစ်၊ အများနဲ့ဆိုင်တဲ့ ရေးရာတွေမှာပဲဖြစ်ဖြစ် စဉ်းစားဆုံးဖြတ်တဲ့ အကြောင်းအရာ၊ စဉ်းစားတဲ့ပုံစံနဲ့ နည်းလမ်းတွေ မတူတတ်ကြပါဘူး။ တစ်ဦးတစ်ယောက်၊ မိသားစု သေးသေးလေးတွေအတွက်က အကြောင်းအရာအားဖြင့်သေးငယ်သလို အကျိုးသက်ရောက်မှုကလည်း ယေဘုယျအားဖြင့် နည်းတတ်တဲ့အတွက် စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်ကို သမားရိုးကျ စဉ်းစားဆုံးဖြတ်တဲ့ ပုံစံတွေ၊ နည်းလမ်းတွေနဲ့ ဆုံးဖြတ်ကြတာများပါတယ်။ အများဆိုင်ရာ အဖွဲ့အစည်းတွေ၊ စီးပွားရေးအစုအဖွဲ့တွေ၊ နိုင်ငံ့ရေးရာတွေ စတဲ့ကြီးမားတဲ့ကိစ္စရပ်တွေမှာတော့ စဉ်းစားဆုံးဖြတ်မှုနဲ့ဆိုင်တဲ့သဘောတရား၊ ပုံစံ၊ နည်းလမ်းနဲ့ လုပ်ငန်းစဉ်တွေအတိုင်း လုပ်ကြလေ့ရှိပါတယ်။ ဆုံးဖြတ်ချက်ချခြင်းကို ဆုံးဖြတ်ချက်ချမှတ်သူရဲ့ တန်ဖိုးတွေနဲ့ နှစ်သက်မှုတွေကို အခြေခံပြီး ရွေးချယ်မှုအမျိုးမျိုးကို ခွဲခြားသတ်မှတ်ခြင်းနဲ့ ရွေးချယ်ခြင်း လို့ဆိုပါတယ်။ အဲဒီလိုဆုံးဖြတ်ရာမှာ ထည့်သွင်းစဉ်းစားရမယ့် အခြားရွေးချယ်စရာတွေ ရှိနေတတ်ပြီး အဲဒီလို ရွေးချယ်စရာတွေအနက်က တတ်နိုင်သမျှ ခွဲခြားသတ်မှတ်ရုံသာမကဘဲ မိမိတို့ရဲ့ ဦးတည်ချက်၊ ရည်မှန်းချက်၊ ဆန္ဒ၊ တန်ဖိုးထားမှု၊ စတာတွေနဲ့တိုင်းတာပြီး အသင့်တော်ဆုံးတစ်ခုကို ရွေးချယ်ခြင်းလို့လည်း ဆိုပါတယ်။

စဉ်းစားဆုံးဖြတ်တာတွေနဲ့ပတ်သက်လို့ သိပ္ပံနည်းကျ သုတေသနပြုလေ့လာထားတာတွေ ရှိပါတယ်။ ဆုံးဖြတ်ချက်တစ်ရပ်ကို ဘယ်လိုစဉ်းစား ဆုံးဖြတ်ကြမလဲ။ ဘယ်လိုစဉ်းစား ဆုံးဖြတ်လေ့ရှိကြသလဲ၊ အစီအစဉ်တကျ ရေးဆွဲပြီး စဉ်းစားဆုံးဖြတ်တာလား၊ အစီအစဉ်တကျမဟုတ်ဘဲ စဉ်းစားဆုံးဖြတ်တာလား၊ တစ်ဦးတည်းက ဆုံးဖြတ်သလား၊ စုဖွဲ့တိုင်ပင်ပြီး ဆုံးဖြတ်သလား ဆိုတာတွေ အများကြီးပါပဲ။ အဲဒီတော့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ဟာ အခြေအနေအလိုက် ကွဲပြားတာတွေ အများကြီးဆိုတာ တွေ့ရပါတယ်။ စဉ်းစားဆုံးဖြတ်တဲ့ အကြောင်းအရာ၊ ပုံစံနဲ့နည်းလမ်းတွေ ဘယ်လိုပဲ ကွဲပြားပါစေ စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်ဟာ လူတိုင်းနဲ့မကင်းနိုင်သလို နေ့စဉ်လူမှုဘဝရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်နေပါတယ်။

**အရေးပါတဲ့လုပ်ငန်းစဉ်**

လူတစ်ယောက်အတွက် နေ့စဉ်ဘဝရဲ့ ဆုံးဖြတ်ချက်တွေဟာ အရေးပါပါတယ်။ ဥပမာ လူမှုရေးကိစ္စတစ်ခု သွားသင့် မသွားသင့်၊ မေးသင့် မမေးသင့်၊ ကူညီသင့် မကူညီသင့် ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ သူ့ရဲ့လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ဆုံးဖြတ်ချက်ဖြစ်လို့ ပေါင်းသင်းဆက်ဆံရေးကဏ္ဍအတွက် အရေးပါပါတယ်။ ကျန်တဲ့ကိစ္စတွေမှာလည်း ဒီပုံစံအတိုင်းပါပဲ။ သာမန်အားဖြင့်ကြည့်ရင် ဒီလို ဆုံးဖြတ်ချက်လေးတွေက အရေးမကြီးဘူးလို့ ထင်ရပေမယ့် အဲဒီဆုံးဖြတ်ချက်တွေက လူတစ်ယောက် ရဲ့ တည်ရှိမှု၊ ရပ်တည်မှု၊ တန်ဖိုးနဲ့ ပတ်ဝန်းကျင်ဆက်ဆံရေးဆိုင်ရာ အပြုအမူ အပြောအဆို၊ အကျင့်စရိုက်ဆိုတာတွေကို ပုံဖော်ဖန်တီးနေတာပဲ ဖြစ်ပါတယ်။

ဆိုရရင် လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်တွေဆိုတာက သူ့ဘဝကို ပုံဖော်နေတဲ့ အစိတ်အပိုင်းတွေဖြစ်လို့ အရေးပါတဲ့ကိစ္စရပ်လို့ ဆိုရမှာပါ။ အကြောင်းအရာတစ်ခုကို စဉ်းစားဆုံးဖြတ်လိုက်ပြီးရင် အဲဒီအကြောင်းအရာရဲ့ အရေးပါမှုနဲ့ ကျယ်ပြန့်မှုအတိုင်းအတာအလိုက် ကောင်းကျိုး/ ဆိုးကျိုးအကျိုးဆက်တွေ ရှိလာမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်မှန်ရင် မှန်သလို ကောင်းကျိုးတွေ ရရှိမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်မှားခဲ့ရင်တော့ ဆိုးကျိုးမဖြစ်တောင် အနည်းဆုံး အကျိုးမရှိဘူးပေါ့။ အရေးပါတဲ့ အကြောင်းကိစ္စဆိုရင်တော့ ဆုံးဖြတ်ချက်ချတဲ့သူ ကိုယ်တိုင်အပြင် ပတ်ဝန်းကျင်ကိုပါ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်စေတတ်ပါတယ်။

ဒီတော့ ဆုံးဖြတ်ချက်တစ်ခုချဖို့ဆိုရင် ထည့်သွင်းစဉ်းစားစရာတွေ၊ ချိန်ဆစရာတွေ၊ ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို တွက်ဆရပါတယ်။ စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်အတိုင်း ဆုံးဖြတ်နိုင်ရင်တော့ ပိုကောင်းတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှာပါ။ ဆုံးဖြတ်ချက် ချမှတ်တဲ့အလုပ်ဟာ သာမန်လူတစ်ယောက်အတွက်တောင် အရေးပါနေရင် အဖွဲ့အစည်းကို ဦးဆောင်နေသူတွေ၊ လုပ်ငန်းရှင်ကြီးတွေ၊ စီမံခန့်ခွဲသူတွေနဲ့ မန်နေဂျာတို့လို ဆုံးဖြတ်ချက်ချသူတွေအတွက်ဆို ပိုပြီးအရေးကြီးပါတယ်။ ဆုံးဖြတ်ချက်မှန်ကန်လေ အောင်မြင်မှုတွေ၊ ကောင်းမွန်တဲ့ရလဒ်တွေနဲ့ အကျိုးကျေးဇူးတွေ ပိုမျှော်မှန်းနိုင်လေ ဖြစ်မှာပါ။

**တစ်ဦးချင်းစီ၏ စရိုက်လက္ခဏာ လွှမ်းမိုးမှု**

အထက်မှာဆိုခဲ့သလို လူတစ်ယောက်ရဲ့နေ့စဉ် ဆုံးဖြတ်ချက်တွေက သူ့ရဲ့လုပ်ငန်း ဒါမှမဟုတ် သူ့ဘဝအတွက် အနည်းနဲ့အများ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်လို့ တစ်ခုခု ဆုံးဖြတ်တော့မယ်ဆိုရင် သတိပြုသင့်တဲ့အချက်တွေ ရှိပါတယ်။ သတိပြုသင့်တဲ့အချက်တွေအပြင် စဉ်းစားဆုံးဖြတ်တဲ့ လုပ်ငန်းစဉ်တစ်ခုလုံးကို သိထားရင်တော့ အကောင်းဆုံးပဲပေါ့။ ဒါပေမယ့်လည်း သူလိုကိုယ်လို အများစုကတော့ သမားရိုးကျအတိုင်းပဲ စဉ်းစားဆုံးဖြတ်တတ်ကြတာဆိုတော့ ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်တွေကို ထည့်မစဉ်းစားမိတတ်ကြပါဘူး။

သမားရိုးကျစဉ်းစားတာတွေထဲမှာမှ အပေါ်ယံစဉ်းစားဆုံးဖြတ်တာနဲ့ ထဲထဲဝင်ဝင် စဉ်းစားဆုံးဖြတ်တာတော့ ကွာတတ်ကြပါတယ်။ နေ့စဉ် နိစ္စဓူဝ လုပ်နေကျ ကိစ္စတွေမှာဆို ထူးထွေစဉ်းစားနေစရာတောင် မလိုဘူး။ အလိုလို သိနေကြတာကိုး။ ဒါပေမယ့် ကြိုတင်သိမြင်နေတဲ့ ကိစ္စတွေကို ဆုံးဖြတ်တာနဲ့ ကြိုတင်မသိနိုင်တဲ့ကိစ္စတွေ စဉ်းစားဆုံးဖြတ်ရတာ မတူပြန်ပါဘူး။ ဆုံးဖြတ်ရတဲ့ အခြေအနေနဲ့အကြောင်းအရာ အတိမ်အနက်အလိုက် စဉ်းစားဆုံးဖြတ်ကြရပါတယ်။

အဲဒီလို စဉ်းစားဆုံးဖြတ်ရတဲ့ အခြေအနေ၊ ပုံစံနဲ့ နည်းလမ်းတွေ အမျိုးမျိုးကြားမှာ စဉ်းစားဆုံးဖြတ်ချက်တွေ တတ်နိုင်သမျှမှန်ဖို့ဆိုရင် လုံလောက်တဲ့ အချက်အလက်တွေ၊ သတင်းတွေ လိုအပ်ပါတယ်။ သတင်းအချက်အလက် ခိုင်မာတိကျမှ ဆုံးဖြတ်ချက်ရဲ့ အရည်အသွေးပိုကောင်းဖို့ အထောက်အကူဖြစ်စေမှာပါ။ တစ်ဖက်မှာလည်း လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက် အရည်အသွေးကို ထိခိုက်စေတဲ့ စိတ်ပိုင်းဆိုင်ရာ လွှမ်းမိုးမှုတွေ ရှိနေတတ်ကြပါတယ်။ ဥပမာ စိတ်စွဲလမ်းမှုနဲ့ ဘက်လိုက်မှုတွေကြောင့် ဆုံးဖြတ်ချက်တွေကို ဖြစ်သင့်တာထက် ဖြစ်ချင်တဲ့ စိတ်ခံစားချက်အတိုင်း ဆုံးဖြတ်တတ်ကြပါတယ်။

စိတ်ရဲ့ခံစားချက်၊ စွဲလမ်းမှုနဲ့ ဘက်လိုက်မှုတွေကြောင့် မိမိတို့ဟာ ကိုယ်လက်ခံလိုချင်တဲ့ ကိစ္စတွေပဲ လက်ခံတတ်ကြတဲ့ သဘောပါ။ တစ်ခါတစ်ရံ ယုံကြည်မှုနဲ့ ဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်များလည်း ရှိကြပါတယ်။ အဲဒါကတော့ ယုံကြည်မှုအရ ဆုံးဖြတ်တာဖြစ်လို့ အချက်အလက်နဲ့ ကျိုးကြောင်းစဉ်းစားမှုအပိုင်းမှာ လျော့နည်းတတ်ပါတယ်။ ယုံကြည်မှုဆိုရာမှာလည်း ဝိဝါဒကွဲစရာတွေ ရှိပါတယ်။ ကိုယ်တိုင်က ယုံကြည်တာလား၊ အခြားသူတွေ ယုံကြည်လို့ ယုံကြည်တာလား၊ တစ်သမတ်တည်းရော ယုံကြည်ရရဲ့လားဆိုတဲ့ ဝိဝါဒတွေဖြစ်ပါတယ်။ ဆုံးဖြတ်ချက်တွေကို လွှမ်းမိုးတတ်တဲ့ နောက်တစ်ချက်ကတော့ ခံယူချက်သဘောထားပဲ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချရာမှာ သတင်းအချက်အလက်တွေ၊ ကျိုးကြောင်း ဆင်ခြင်မှုတွေထက် မိမိတို့ အစဉ်အဆက် လက်ခံလာခဲ့တဲ့ စိတ်သဘောထားနဲ့ တန်ဖိုးထားမှုဆိုတာတွေနဲ့ ဆုံးဖြတ်ကြတာပဲ ဖြစ်ပါတယ်။ အကြောင်းအရာတစ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျကျ မစဉ်းစားတော့ဘဲ မိမိယခင်က လက်ခံထားခဲ့တဲ့ အယူအဆအတိုင်း ဆုံးဖြတ်တတ်ကြပါတယ်။ အဲဒီအတွက် ပြောင်းလဲနေတဲ့ အခြေအနေ၊ မမျှော်လင့်ဘဲဖြစ်လာတဲ့ အခြေအနေနဲ့ မသေချာမရေရာတဲ့ အခြေအနေတွေမှာ ဆုံးဖြတ်ချက်တွေကို အံလွဲစေတတ်ပါတယ်။ ဒါ့အပြင် လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်တွေအပေါ် လွှမ်းမိုးစေတတ်တဲ့ အခြားအချက်တွေထဲမှာဆိုရင် ဆုံးဖြတ်ချက်ချတဲ့သူရဲ့ ဉာဏ်ရည် ဉာဏ်သွေး၊ တစ်ဦးချင်းရဲ့ အကျင့်စရိုက် ကွဲပြားမှု၊ ပညာ၊ အသက်အရွယ်၊ အတိတ်ကာလ အတွေ့အကြုံ၊ သိမြင်မှုဆိုင်ရာ ဘက်လိုက်မှု၊ အချိန်ကန့်သတ်ချက်၊ လူမှုရေးနဲ့ ယဉ်ကျေးမှုဆိုင်ရာ လွှမ်းမိုးမှုတွေ ဖြစ်ကြပါတယ်။ ဒီအချက်တွေက လူတစ်ယောက် စဉ်းစားဆုံးဖြတ်ရာမှာ သိသိသာသာဖြစ်ဖြစ်၊ မသိမသာဖြစ်ဖြစ် လွှမ်းမိုးနေတတ်ကြပါတယ်။ တစ်ခါတစ်ရံ ဒီလိုလွှမ်းမိုးမှုတွေက မိမိတို့ရဲ့ဆုံးဖြတ်ချက်တွေကို ပြောင်းလဲစေပြီး ကြီးကြီးမားမား အကျိုးဆက်တွေကိုလည်း ဖြစ်စေတတ်ပါတယ်။

**ပြင်ပမှလွှမ်းမိုးနိုင်မှု**

ပြင်ပမှလွှမ်းမိုးနိုင်မှုကတော့ မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေအပေါ် လူမှုအဖွဲ့အစည်းရဲ့ စရိုက်လက္ခဏာတွေက လွှမ်းမိုးစေတတ်ခြင်း ဖြစ်ပါတယ်။ သဘောကတော့ ပတ်ဝန်းကျင်ရဲ့ ဓလေ့စရိုက်၊ စံနှုန်း၊ ယဉ်ကျေးမှု၊ တန်ဖိုးထားမှုတွေက မိမိတို့အပေါ် လွှမ်းမိုးလာတဲ့အခါ ပတ်ဝန်းကျင်ရဲ့ သက်ရောက်မှုတွေအတိုင်း ဆုံးဖြတ်ကြခြင်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ရဲ့လွှမ်းမိုးမှုတွေကြောင့် ကိုယ့်ရဲ့လိုလားချက်၊ ဖြစ်နေတဲ့အခြေအနေအပေါ် နားလည်မှု၊ သတင်းအချက်အလက်ရယူမှု၊ ကျိုးကြောင်းဆင်ခြင်စဉ်းစားမှု၊ ရွေးချယ်မှုဆိုတာတွေနဲ့ အံလွဲသွားတတ်ကြပါတယ်။ လူ့သဘာဝအရ ဖြစ်တတ်တဲ့ အခြေအနေလို့ဆိုနိုင်ပေမယ့် အဲဒီအခြေအနေတွေက ကိုယ့်ရဲ့ဆုံးဖြတ်ချက်တွေကို လွှမ်းမိုးတတ်လို့ သတိပြုသင့်တဲ့အထဲက အရေးကြီးတဲ့ အချက်တစ်ချက်လို့ ဆိုနိုင်ပါတယ်။

သာမန်လူတစ်ယောက်အတွက် ဆုံးဖြတ်ချက်ချတဲ့ လုပ်ငန်းစဉ်ဟာ ရှုပ်ထွေးမှုမရှိဘူးလို့ ဆိုနိုင်ပေမယ့် အဲဒီလိုကျယ်ပြန့်တဲ့ ပတ်ဝန်းကျင် အခြေအနေနဲ့ ဆုံးဖြတ်ရမယ့်ကိစ္စရဲ့ အတိမ်အနက်လိုက်ပြီး စဉ်းစားဆုံးဖြတ်တဲ့လုပ်ငန်းကလည်း နက်နဲတတ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ တည့်သွင်းစဉ်းစားရမယ့် အမျိုးမျိုးသော အကြောင်းအရာတွေ ဆုံးဖြတ်ရာမှာ လွှမ်းမိုးနိုင်တဲ့ အချက်တွေကြောင့် စဉ်းစားဆုံးဖြတ်တဲ့အလုပ်ဟာ လူတွေရဲ့ စဉ်းစားတွေးခေါ်မှုဆိုင်ရာ ရှုပ်ထွေးတဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်နေပြီး မတူညီတဲ့ ဆုံးဖြတ်ချက်တွေကို ဖြစ်စေပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှုတွေဟာလည်း လူတစ်ဦးချင်းစီရဲ့ ဆုံးဖြတ်ချက်တွေအပေါ် များစွာ သက်ရောက်မှု ကြီးတတ်တာကြောင့်မို့လို့ ပြောင်းလဲသွားတဲ့ ဆုံးဖြတ်ချက်တွေ၊ ပြောင်းလဲသွားတဲ့ဘဝတွေကို မိမိတို့ပတ်ဝန်းကျင်မှာများစွာ တွေ့နိုင်ပါတယ်။

**အကောင်းဆုံး ဆုံးဖြတ်ချက်အတွက် အထောက်အကူဖြစ်စေ**

ဆုံးဖြတ်ချက်ချတဲ့လုပ်ငန်းစဉ်တွေကို လူတိုင်းက နေ့စဉ်လိုလို လုပ်ဆောင်နေကြလို့ ထူးခြားတဲ့ အလုပ်လို့တောင် အချို့က မထင်မိတတ်ကြပါဘူး။ ဒါပေမယ့်လည်း မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေဟာ ဆုံးဖြတ်ချက်ချတဲ့သူရဲ့ ဘဝကို ပုံဖော်နေတာဖြစ်လို့ လူတိုင်းအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ ဒီလိုအရေးပါတဲ့ ဆုံးဖြတ်ချက်တွေ မှန်မှန်ကန်ကန်ချမှတ်နိုင်လေ ဘဝရည်မှန်းချက်တွေ အတွက် ပိုမိုအထောက်အကူရလေ ဖြစ်ပါတယ်။ တစ်ဖက်မှာဆိုရင်လည်း မိမိတို့ရဲ့ဆုံးဖြတ်ချက် ဆိုင်ရာ စဉ်းစားမှုတွေမှာ လွှမ်းမိုးနိုင်တဲ့ အခြေအနေတွေနဲ့ အချက်တွေ ရှိနေမယ်ဆိုရင် ဆုံးဖြတ်ချက် အရည်အသွေးကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ စဉ်းစားဆုံးဖြတ်မှုတွေ၊ ရွေးချယ်မှုတွေ အပေါ် ဘယ်လိုအချက်တွေနဲ့ အခြေအနေတွေက လွှမ်းမိုးနေတတ်သလဲဆိုတာ သိရှိထားပြီး သတိထားနိုင်မယ်ဆိုရင် အကောင်းဆုံး ဆုံးဖြတ်ချက်ချဖို့ ပိုမိုအခွင့်သာစေမှာ ဖြစ်ပါတယ်။ ။

> **"မိမိတို့ရဲ့ ဆုံးဖြတ်ချက်တွေဟာ ဆုံးဖြတ်ချက်ချတဲ့သူရဲ့ ဘဝကို ပုံဖော်နေတာဖြစ်လို့ လူတိုင်းအတွက် အရေးပါတဲ့ အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။ ဒီလိုအရေးပါတဲ့ ဆုံးဖြတ်ချက်တွေ မှန်မှန်ကန်ကန်ချမှတ်နိုင်လေ ဘဝရည်မှန်းချက်တွေအတွက် ပိုမိုအထောက်အကူရလေ ဖြစ်ပါတယ်။ တစ်ဖက်မှာဆိုရင်လည်း မိမိတို့ရဲ့ဆုံးဖြတ်ချက်ဆိုင်ရာ စဉ်းစားမှုတွေမှာ လွှမ်းမိုးနိုင်တဲ့ အခြေအနေတွေနဲ့ အချက်တွေ ရှိနေမယ်ဆိုရင် ဆုံးဖြတ်ချက် အရည်အသွေးကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ စဉ်းစားဆုံးဖြတ်မှုတွေ၊ ရွေးချယ်မှုတွေအပေါ် ဘယ်လိုအချက်တွေနဲ့ အခြေအနေတွေက လွှမ်းမိုးနေတတ်သလဲဆိုတာ သိရှိထားပြီး သတိထားနိုင်မယ်ဆိုရင် အကောင်းဆုံး ဆုံးဖြတ်ချက်ချဖို့ ပိုမိုအခွင့်သာစေမှာ ဖြစ်ပါတယ်"**

# ဗိုလ်တထောင်စေတီတော် ဆံတော်တိုက်ပတ်လည် Polycarbonate တပ်ဆင်လှူဒါန်းမှု လွှဲပြောင်းအပ်နှံ ၂၀၂၂ ခုနှစ် တရုတ်-မြန်မာချစ်ကြည်ရေး ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားများကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

**ဆံတော်တိုက်အဝင်အထွက် လုံခြုံရေးမှန်တပ်ဆင်ခြင်းနှင့် ဆံတော်တိုက်ပတ်လည်ရွှေချထားသည့် နံရံများ၌ Polycarbonate တပ်ဆင်လှူဒါန်း လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဆာဦးသွင်တန်ဆောင်း၌ ကျင်းပသည်။**



အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr.Chen Hai က လှူဒါန်းမှုနှင့်ပတ်သက်၍ တရုတ်-မြန်မာနှစ်နိုင်ငံ ကြာရှည်လှသည့် ဗုဒ္ဓဘာသာကူးလူးဖလှယ်မှုသည် နှစ်နိုင်ငံပထဝီတည်နေရာနီးစပ်ပြီး ပြည်သူများရင်းနှီးချစ်ကြည်၍ ယဉ်ကျေးမှုတူညီသော အစိတ်အပိုင်းတစ်ခုဖြစ်လာကာ တရုတ်-မြန်မာခေတ်အဆက်ဆက် ချစ်ကြည်ရင်းနှီးသည့်အနှစ်သာရ ဂုဏ်ရောင်ကို တိုးပွားစေကြောင်း၊ ဆံတော်တိုက်တွင် လုံခြုံရေးမှန်များ တပ်ဆင်ခြင်းဖြင့် နှစ်နိုင်ငံ ဗုဒ္ဓရေစက် ဓမ္မသံယောဇဉ်ကို အမွေဆက်ခံပြန့်ပွားအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာ အသိုက်အဝန်း တည်ဆောက်ရေးအတွက်ကြီးမားသော အကျိုးထမ်းဆောင်မှုအသစ်များ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**တည်တံ့ခိုင်ခံ့အောင်ကြိုးစား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တရုတ်သံရုံး၏ ပါဝင်လှူဒါန်းမှုများနှင့်အတူ ရွှေသံလွင်ကုမ္ပဏီလီမိတက်က စေတီတော်ဂေါပကအဖွဲ့နှင့် ညှိနှိုင်းပူးပေါင်းကူသိုလ်ယူ ဆောင်ရွက်ပေးခဲ့ကြသဖြင့် လုပ်ငန်းများသတ်မှတ်ချိန်အတွင်း ပြီးစီးခဲ့ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဆိုင်ရာများ ထွန်းကားပြန့်ပွားစေရေး ဆောင်ရွက်ကြရင်း ရှေးယခင်ကတည်းကရှိခဲ့သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်တည်တံ့ခိုင်ခံ့အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပေကျင်း Ling Guang Si ဘုရားကျောင်းဆရာတော် Chi Chang Cang က တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးအခွန့်ရှည်ရေး ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ Ling Guang Si ကျောင်းတိုက်ဆရာတော်ကြီး၏ ကိုယ်စား Mr. LIU YUANLIANG၊ ရွှေသံလွင် ဆောက်လုပ်ရေးကုမ္ပဏီ Managing Director ဒေါ်စန္ဒာဝင်းနှင့် ဗိုလ်တထောင်စေတီတော်အလှည့်ကျ သဘာပတိ ဦးအောင်ကိုဇော်တို့က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လွှဲပြောင်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုံခြုံရေးမှန်တံခါးကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး ဆံတော်တိုက်ကို ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ယဉ်ကျေးမှု သံမှူးကြီး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့်အတူ တောင်ဒဂုံမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည့် ၂၀၂၂ ခုနှစ် တရုတ်-မြန်မာချစ်ကြည်ရေး ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စီမံခန့်ခွဲမှုအောက်ရှိ ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်များနှင့် အနုပညာအထက်တန်းကျောင်းများတွင် ပညာဆည်းပူးနေကြသော ထူးချွန်ကျောင်းသား ကျောင်းသူ ၅၅ ဦးကို ပညာရည်ချွန်ဆုချီးမြှင့်သည့် အခမ်းအနားဖြစ်ကြောင်း၊ ယနေ့ ပညာရည်ချွန်ဆုချီးမြှင့်မှုသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်နေသည့် ထူးချွန်လူငယ်များ မွေးထုတ်ပေးမှုကို ထောက်ပံ့အားပေးမှုဖြစ်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ရှိရင်းစွဲခင်မင်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုပညာသင်ဆုပေးပွဲအခမ်းအနားသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မြန်မာနိုင်ငံမှ ယဉ်ကျေးမှုနှင့် အနုပညာဘာသာရပ် အထူးပြု ကျောင်းသား ကျောင်းသူများကို ပထမဆုံးအကြိမ် “တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာသင်ဆု” အထူးပေးအပ်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံယဉ်ကျေးမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးနှင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး အမွေဆက်ခံရေးအတွက် အရေးပါသည့်ခွန်အားများ ဖြစ်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအတူတကွ ကြိုးပမ်းဆောင်ရွက်မှုဖြင့် အေးအတူ ပူအမျှအသိုက်အဝန်းအတူ တည်ဆောက်ရေးလမ်းကြောင်းသည် ပိုမိုကျယ်ပြန့်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်-မြန်မာချစ်ကြည်ရေး ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ယဉ်ကျေးမှုသံမှူးကြီးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြပြီး **(အပေါ်ပုံ)** အခမ်းအနား ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရွေးချယ်ရေး ကော်မရှင်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီရွေးချယ်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပူတာအိုခ၌ ဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲကျင်းပ

**ပူတာအို စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် စာပေဖတ်ရှုသည့် ရာခိုင်နှုန်းတိုးတက်လာစေရန်၊ စာဖတ်စွမ်းရည်မြင့်မားလာစေရန်နှင့် ပြောရဲဆိုရဲသည့် သတ္တိရှိလာစေရန် ရည်ရွယ်၍ ဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။



ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သူဇာက “စာဖတ်ကြပါစို့” ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပြီး ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ ပြိုင်ပွဲ၏ အမှတ်ပေး စည်းမျဉ်းများနှင့် ပြိုင်ပွဲတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ပြိုင်ပွဲတွင် အထက(ပူတာအို) ကျောင်း Grade-6 မှ ကျောင်းသားကျောင်းသူ ၁၅ ဦးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၉)၊ အမှတ်(၁၇) စက်တင်ဘာလ ၁ ရက်နေ့ထုတ် စာမျက်နှာ(၄)မှ အယ်ဒီတာ့အာဘော် “စာတတ်ခြင်း စာဖတ်ခြင်းဖြင့် အနာဂတ်ကောင်းများ ဖန်တီးနိုင်မည်” ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခဲ့ကြပြီး စကားပုံဆက်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူများက စကားပုံ ခုနစ်ခုကို စကားပုံဆက်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ကျောင်းသားကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှစ်ဆုနှင့် စကားပုံဆက်ပြိုင်ပွဲဆုရ ကျောင်းသူ ကျောင်းသားများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# မိုင်းရယ်မြို့၌ အသားငါးနှင့် ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**မိုင်းရယ် စက်တင်ဘာ ၂၆**

မိုင်းရယ်မြို့၌ ပြည်သူများသက်သာချောင်ချိရေးအတွက် အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို အမှတ်(၃)လှူပ်ရှားစစ်ဗျူဟာမှ ဦးစီး၍ အမှတ်(၃၂၅)ခြေမြန်တပ်ရင်းက ချိုသာသော နှုန်းထားဖြင့် ယနေ့နံနက် ၇နာရီက မိုင်းရယ်မြို့မ ဈေးကြီးရှေ့၌ ရောင်းချပေးခဲ့သည်။

အဆိုပါ ရောင်းချနေမှုများတွင် ကြက်ဥ၊ အသားငါး၊ ဟင်းသီးဟင်းရွက်များနှင့် အခြေခံစားကုန်များကို ဒေသခံများအနေဖြင့် ချိုသာသောနှုန်းထားများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် ရောင်းချပေးလျက်ရှိသည်။ ပြည်သူများသက်သာချောင်ချိရေးအတွက် အသားငါးနှင့် ဟင်းသီးဟင်းရွက်များကို အပတ်စဉ် တနင်္လာနေ့တိုင်း မိုင်းရယ်မြို့မဈေးကြီးရှေ့၌ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**



# နှစ်ပေါင်းအစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲလာခဲ့တဲ့ မိတ်ဆွေညီအစ်ကိုဆက်ဆံရေး

**မောင်ငြိမ်းအေး**

နိုင်ငံတစ်နိုင်ငံဟာ ကောင်းမွန်တဲ့အခြေခံအအောက်အဦတွေနဲ့ အရည်အချင်းပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအများစုဟာ လိုအပ်တဲ့အခြေခံအဆောက်အဦတွေကို တတ်နိုင်သမျှ ပြည့်စုံအောင်တည်ဆောက်ကြပြီး လူသားအရင်းအမြစ်တွေကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက် ရှိပါတယ်။ နိုင်ငံကို ပြန်လည်ထူထောင်တည်ဆောက်ကြရာမှာ တတ်နိုင်တဲ့နိုင်ငံတွေကရှိတဲ့ ပြည်တွင်းအင်အားနဲ့ နိုင်ငံကို တည်ဆောက်ကြပြီး မတတ်နိုင်တဲ့နိုင်ငံတွေက ပြည်ပမိတ်ဆွေအကူအညီတွေ ရယူတည်ဆောက်ကြပါတယ်။



၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံဝန်ကြီးချုပ်နှင့် ရုရှားနိုင်ငံ (ယခင် ဆိုဗီယက်) ခေါင်းဆောင်တို့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် လက်မှတ်ရေးထိုးစဉ်။

**ရှည်လျားတဲ့ဆက်ဆံရေး**

လက်ရှိကာလမှာ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ရဲ့ နှစ်နိုင်ငံဆက်ဆံရေးဟာ အထူး ပြောစရာမလိုဘဲ ပကတိအခြေအနေမှန်ကို အားလုံးအကဲခတ်နိုင်ကြမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးဟာ အထူး ကောင်းမွန်နေတဲ့အနေအထားဖြစ်ပါတယ်။ လိုအပ်နေချိန်မှာ အကူအညီပေးတဲ့ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းပီသလို့ မိတ်ဆွေ ညီအစ်ကို ဆက်ဆံရေးလို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ် မလိုတဲ့သူတွေ၊ အမျိုးသားသစ္စာဖောက်တွေနဲ့ ပြည်ပလက်ဝေခံတွေကတော့ မနာလိုမရှုဆိတ်ဖြစ်ကြပြီး အပျက်သဘောနဲ့ ပြောဆိုနေကြတာတွေကို ကြားသိကြရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနဲ့ ရုရှား ဆက်ဆံရေးဟာ ယခုမှစတင်ခဲ့တာ မဟုတ်ဘဲ ကောင်းမွန်ပြီး ရှည်လျားတဲ့ ဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့တာကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီး တစ်လကျော်ကြာတဲ့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှာ ယခု ရုရှားဖက်ဒရေးရှင်းနိုင်ငံ(ယခင် ဆိုဗီယက်ပြည်ထောင်စု) နဲ့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ထူထောင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့အခြေအနေတွေနဲ့ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုတွေကြောင့် ပျက်စီးနေတဲ့ တိုင်းပြည်ကို ပြန်လည်ထူထောင်ဖို့ ကြိုးပမ်းအားထုတ်ရာမှာ ဓနအင်အားနဲ့ လူသားအရင်းအမြစ် အလုံအလောက်မရှိလို့ မိတ်ဆွေနိုင်ငံတွေရဲ့ အကူအညီတွေနဲ့ ပြန်လည်ထူထောင်ရေးတွေ၊ တည်ဆောက်ရေးတွေကို ပြုလုပ်ခဲ့ရပါတယ်။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နိုင်ငံကို ပြန်လည်တည်ဆောက်နေတဲ့ကာလ ၁၉၅၅ ခုနှစ် အောက်တိုဘာလမှာ မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနုဟာ ဆိုဗီယက်ပြည်ထောင်စုကို ချစ်ကြည်ရေးခရီး ပထမဆုံးသွားရောက်ခဲ့ပါတယ်။ အပြန်အလှန်အားဖြင့် ဆိုဗီယက်ပြည်ထောင်စုရဲ့ ခေါင်းဆောင်နှစ်ဦးဖြစ်တဲ့ နီကီတာ ခရူးရှက်နဲ့ နီကိုလိုင်း ဘူဂါနင်တို့ဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ နီကီတာ ခရူးရှက် ခေါင်းဆောင်တဲ့အဖွဲ့ဟာ မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး ဒုတိယအကြိမ် လာရောက်လည်ပတ်ခဲ့ပါတယ်။ ဆိုဗီယက်ပြည်ထောင်စု ခေါင်းဆောင် ခရူးရှက်ရဲ့ ဒုတိယအကြိမ် မြန်မာနိုင်ငံခရီးစဉ်မတိုင်မီမှာ နှစ်နိုင်ငံအကြား သဘောတူညီချက်တစ်ခုကိုရရှိခဲ့ပြီး နှစ်နိုင်ငံအကျိုးရှိတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ထွန်းစေခဲ့ပါတယ်။

အမှန်တကယ်တော့ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံ ဆက်ဆံရေးဟာ ရှေးမြန်မာဘုရင်တွေ လက်ထက်ကတည်းက အစပျိုးလာခဲ့ပါတယ်။ သမိုင်းသက်သေ အထောက်အထားတွေအရဆိုရင် ၁၈၇၃ ခုနှစ်ကတည်းက မြန်မာခေါင်းဆောင်တွေဟာ ရုရှား (ယခင်ဆိုဗီယက်ပြည်ထောင်စု) အင်ပါယာနဲ့ ဆက်သွယ်ဖို့ ပထမဦးဆုံးခြေလှမ်း အစပြုခဲ့တယ်။ အဲဒီအချိန်တုန်းက ရုရှားလူမျိုး ခရီးသွားတစ်ဦးက တစ်ဆင့် သံတမန်ဆက်ဆံရေးထူထောင်ဖို့ ဆန္ဒရှိတယ်ဆိုတဲ့ စာချွန်လွှာတစ်စောင်ကို စိန့်ပီတာစဘတ်မြို့ကို ပေးပို့ခဲ့တယ်လို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးက ထုတ်ဝေခဲ့တဲ့ နှစ် (၇၀) ပြည့် ရုရှား- မြန်မာ သံတမန်ဆက်ဆံရေးအကြောင်း ရေးသားထားတဲ့စာအုပ်မှာ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်သွားတဲ့အချိန်မှာ မြန်မာနဲ့ရုရှား အဆက်အသွယ်ပြတ်သွားပါတယ်။

**အခြေခံအဆောက်အဦတွေ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ မြန်မာ – ရုရှား သံတမန်ဆက်သွယ်ရေးကို စတင်တည်ဆောက်ခဲ့ပါတယ်။ အဲဒီအချိန်ကာလဟာ မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးခဲ့တဲ့ တိုင်းပြည်ကို ပြန်လည်ထူထောင်နိုင်အောင် ပြုလုပ်နေရပြီး ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုတွေကိုလည်း ရှင်းလင်းနေရတဲ့အချိန် ဖြစ်ပါတယ်။ ယိုယွင်းခဲ့တဲ့တိုင်းပြည်ကို ပြန်လည်ထူထောင်ရာမှာ တိုင်းပြည်ဓနအင်အား ရှားပါးနေတဲ့အချိန်ဖြစ်လို့ နိုင်ငံတည်ဆောက်ရေးအတွက် အခြေခံအဆောက်အဦတွေနဲ့ လူသားအရင်းအမြစ်တွေ လိုအပ်နေချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ မြန်မာနိုင်ငံက ရုရှားနိုင်ငံကို ဆန်တင်ပို့ပေးခဲ့ပြီး ရုရှားနိုင်ငံက မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ အခြေခံအဆောက်အဦတွေကို တည်ဆောက်ပေးခဲ့ပါတယ်။ ထင်ရှားတဲ့ နမူနာအနေနဲ့ကြည့်မယ်ဆိုရင် ၁၉၅၇ ခုနှစ် ဇန်နဝါရီလမှာ ရုရှား (ယခင်ဆိုဗီယက်) နဲ့ မြန်မာနိုင်ငံအကြား စက်မှုတက္ကသိုလ်၊ အင်းယားလိတ်ဟိုတယ်၊ တောင်ကြီးပြည်သူ့ဆေးရုံကြီးတို့ကို ဆောက်လုပ်ပေးဖို့ သဘောတူညီခဲ့ကြပါတယ်။

၁၉၆၁ ခုနှစ်မှာ အဆိုပါအဆောက်အအုံတွေကို စတင်တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့မှာ ပထမဆုံးတည်ဆောက်ခဲ့တဲ့ အင်းယားလိတ်ဟိုတယ်ကြီးနဲ့ အာအိုင်တီလို့ခေါ်တဲ့ စက်မှုတက္ကသိုလ်ကြီးကို ယနေ့ထက်တိုင် တွေ့မြင်နိုင်ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ စက်မှုတက္ကသိုလ်ကနေ မွေးထုတ်ပေးခဲ့တဲ့ လူသားအရင်းအမြစ်တွေဟာ ရာစုနှစ်အဆက်ဆက်မှာ တိုင်းပြည်အတွက် အားထားရတဲ့၊ တိုင်းပြည်တည်ဆောက်ရေးအတွက် ထိရောက်စွာ အလုပ်အကျွေးပြုနိုင်ခဲ့ကြတာကို သမိုင်းကြောင်းမှာ အထင်အရှားတွေ့နိုင်ပါတယ်။

အာအိုင်တီက ပေါ်ထွန်းလာတဲ့ ဗိသုကာပညာရှင်တွေ၊ အင်ဂျင်နီယာတွေဟာ နိုင်ငံအတွက် မည်မျှစွမ်းဆောင်နိုင်ခဲ့ကြတာကို အားလုံးသိရှိကြပါတယ်။ ဒါဟာ အာအိုင်တီလို့ခေါ်တဲ့ စက်မှုတက္ကသိုလ်ကြီးကို ရုရှားနိုင်ငံရဲ့ အကူအညီနဲ့ တည်ဆောက်ပေးနိုင်တဲ့ အကျိုးကျေးဇူး ဖြစ်ပါတယ်။ ကြက်မောက်တောင်ဆည်ကြီးကိုလည်း (ယခင်ဆိုဗီယက်) ရုရှားနိုင်ငံအကူအညီနဲ့ တည်ဆောက်ခဲ့ပါတယ်။ အလားတူ နှစ်နိုင်ငံယဉ်ကျေးမှုနဲ့ အားကစားကဏ္ဍတွေမှာလည်း ထူးထူးခြားခြား ပူးပေါင်းဆောင်ရွက်မှုတွေ ရှိခဲ့ပါတယ်။

**ရိုးရှင်းစွာထိတွေ့ဆက်ဆံ**

ဒါပေမယ့် ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲသွားပြီးတဲ့အခါ ရုရှား – မြန်မာဆက်ဆံရေးဟာ မှေးမှိန်သွားခဲ့ပါတယ်။ ထို့နောက် ရုရှား – မြန်မာဆက်ဆံရေးကို ပြန်လည်ထူထောင်လာပြီး မျက်မှောက်ကာလမှာ နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ရုရှားနဲ့မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဟာ အနှောင်အဖွဲ့ကင်းပြီး ရိုးရှင်းစွာနဲ့ ဆက်ဆံခဲ့ကြတာကို နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်နဲ့ မျက်မှောက်ကာလထိတိုင် တွေ့မြင်နိုင်ပါတယ်။ မိတ်ကောင်း၊ ဆွေကောင်းအဖြစ် ထိတွေ့ဆက်ဆံလျက်ရှိပြီး မည်သည့်နိုင်ငံရေးဝါဒမျှ လွှမ်းမိုးစွက်ဖက်မှုမရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ပြည်သူတွေ အကျိုးစီးပွားဖြစ်ထွန်းစေဖို့၊ နှစ်နိုင်ငံပြည်သူတွေ ရင်းနှီးချစ်ကြည်စေဖို့ ရိုးရှင်းစွာထိတွေ့ဆက်ဆံခဲ့ကြတာကို တွေ့ရမှာဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

**“ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့ရဲ့ နှစ်နိုင်ငံဆက်ဆံရေးဟာ အထူးပြောစရာမလိုဘဲ ပကတိအခြေအနေမှန်ကို အားလုံးအကဲခတ်နိုင်ကြမှာ ဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးဟာ အထူးကောင်းမွန်နေတဲ့ အနေအထားဖြစ်ပါတယ်။ လိုအပ်နေချိန်မှာ အကူအညီပေးတဲ့ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းပီသလို့ မိတ်ဆွေညီအစ်ကို ဆက်ဆံရေးလို့ ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအပေါ် မလိုတဲ့သူတွေ၊ အမျိုးသားသစ္စာဖောက်တွေနဲ့ ပြည်ပလက်ဝေခံတွေကတော့ မနာလိုမရှုဆိတ်ဖြစ်ကြပြီး အပျက်သဘောနဲ့ ပြောဆိုနေကြတာတွေကို ကြားသိကြရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနဲ့ ရုရှားဆက်ဆံရေးဟာ ယခုမှ စတင်ခဲ့တာ မဟုတ်ဘဲ ကောင်းမွန်ပြီးရှည်လျားတဲ့ ဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့တာကို လေ့လာကြည့်ရင် သိနိုင်ပါတယ် ”**

*စာမျက်နှာ ၈ မှ*

ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်အောင် အစဉ်အဆက် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံက ထူးချွန်ကျောင်းသားကျောင်းသူတွေဟာ ရုရှားနိုင်ငံက နာမည်ကြီးတက္ကသိုလ်တွေမှာ တက်ရောက်ပညာသင်ကြားခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်မှာ နှစ်နိုင်ငံ ကျောင်းသားကျောင်းသူတွေ ပညာရေးအပြန်အလှန်ဖလှယ်တဲ့ အစီအစဉ်စတင်ခဲ့ပါတယ်။ မြန်မာကျောင်းသား ၁၂ ယောက်ဟာ မော်စကိုတက္ကသိုလ်မှာ ပညာဆည်းပူးခွင့်ရခဲ့ပြီး ရုရှားကျောင်းသား ခြောက်ဦးဟာ ရန်ကုန်တက္ကသိုလ်မှာ ယဉ်ကျေးမှုဆိုင်ရာတွေနဲ့ နည်းပညာသိပ္ပံပညာတွေကို လေ့လာဆည်းပူးခဲ့ပါတယ်။

**အပြန်အလှန်စိတ်ထားဆက်ဆံ**

ရုရှားနိုင်ငံရဲ့ အဆင့်မြင့်တက္ကသိုလ်တွေမှာ လွန်ခဲ့တဲ့ ဆယ်စုနှစ်ကာလများကတည်းက မြန်မာအစိုးရက ရွေးချယ်စေလွှတ်ခဲ့တဲ့ မြန်မာကျောင်းသား ၆၀၀၀ ကျော်ဟာ မဟာဘွဲ့နဲ့ ပါရဂူဘွဲ့တွေရရှိခဲ့ပြီး လက်ရှိမှာလည်း ရာနဲ့ချီတဲ့ ကျောင်းသား ကျောင်းသူတွေဟာ ပညာသင်ကြားလျက်ရှိပါတယ်။ မြန်မာ့တပ်မတော်မှ အရာရှိသင်တန်းသားပေါင်း ၇၀၀၀ ကျော်ဟာ ရုရှားနိုင်ငံတက္ကသိုလ်အသီးသီးမှာ အဆင့်မြင့်ပညာတွေကို အောင်မြင်စွာသင်ယူဆည်းပူးနိုင်ခဲ့ပါတယ်။ ရုရှားနဲ့မြန်မာဟာ နှစ်နိုင်ငံရဲ့ စာပေယဉ်ကျေးမှုအပေါ် အထူးအလေးထားစိတ်ဝင်စားခဲ့ကြပါတယ်။ တစ်နိုင်ငံရဲ့ယဉ်ကျေးမှု၊ စာပေနဲ့ အနုပညာအပေါ် တစ်နိုင်ငံက စိတ်ဝင်တစားရှိပြီး မြန်မာဝတ္ထုတချို့ကို ရုရှားဘာသာနဲ့ ဖော်ပြတာတွေရှိသလို ရန်ကုန်မြို့ရဲ့ စာအုပ်အရောင်းဆိုင်တွေမှာလည်း ကမ္ဘာကျော် ရုရှားစာရေးဆရာတွေရဲ့ စာအုပ်တွေနဲ့ ရုရှားနိုင်ငံသမိုင်းကြောင်း ရေးသားထားတဲ့ စာအုပ်တွေ၊ ခေတ်ပေါ်လူနေမှု ဘဝအကြောင်း ရေးသားထားတဲ့စာအုပ်တွေ ရှိပါတယ်။



မြန်မာ့ယဉ်ကျေးမှုကို ချစ်မြတ်နိုးသော ရုရှား(ယခင်ဆိုဗီယက်)ခေါင်းဆောင် ခရုးရှက်။

မြန်မာနိုင်ငံဟာ ယဉ်ကျေးမှုအစဉ်အလာကြီးမားတဲ့နိုင်ငံဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုကိုသာမက ဘာသာစကားကိုလည်း နိုင်ငံအများက စိတ်ဝင်စားကြပါတယ်။ ရုရှားနိုင်ငံ မော်စကိုမြို့တော်မှာရှိတဲ့ နိုင်ငံတော်တက္ကသိုလ်လက်အောက်က အာရှ - အာဖရိကနိုင်ငံတွေရဲ့တက္ကသိုလ်တွေနဲ့ စိန့်ပီတာစဘတ်မြို့တော်က နိုင်ငံတော်တက္ကသိုလ်တွေမှာ မြန်မာဘာသာစကားကို လေ့လာသင်ယူနေသူတွေရှိကြပါတယ်။ အပြန်အလှန်အားဖြင့် မြန်မာနိုင်ငံရဲ့ အဆင့်မြင့်တက္ကသိုလ်တွေဖြစ်တဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နဲ့ ပြင်ဦးလွင်စစ်တက္ကသိုလ်တွေမှာ ရုရှားဘာသာစကားကို သင်ယူနေကြတဲ့ မြန်မာကျောင်းသားတွေ ရာနဲ့ချီပြီး ရှိနေပါတယ်။

**မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း**

မျက်မှောက်ကာလမှာ မြန်မာနိုင်ငံအပေါ် အနောက်အုပ်စုရဲ့ ဖိအားပေးမှုကြောင့် နိုင်ငံတကာဆက်ဆံရေးမှာ စိန်ခေါ်မှုတွေကြုံတွေ့နေရချိန်မှာ စိန်ခေါ်မှုတွေကြားက မြန်မာနိုင်ငံနဲ့ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်လာတာဟာ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်၊ မိတ်ဆွေကောင်းပီသတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းတဲ့ကာလမှာ ရုရှားနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ဆက်သွယ်ပေါင်းစည်းလုပ်ကိုင်မှုတွေ ပြန်လည်ဆောင်ရွက်လာနိုင်တာကို တွေ့ရပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဩဂုတ်လမှာ ရုရှား - မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်မှုနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှာ မြန်မာ - ရုရှား ကဏ္ဍအလိုက် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်တွေ ပါဝင်တဲ့ဆွေးနွေးမှုအစီအစဉ်ကို ကျင်းပခဲ့ပါတယ်။ နှစ်နိုင်ငံ ဦးစားပေးဆောင်ရွက်နိုင်မယ့်နယ်ပယ်တွေဖြစ်တဲ့ ဘဏ်နဲ့အာမခံလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးနဲ့ငါးလုပ်ငန်း၊ လျှပ်စစ်နဲ့ စွမ်းအင်ကဏ္ဍ၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုကဏ္ဍလုပ်ငန်းတွေနဲ့ပတ်သက်ပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင် ၁၈၅ ဦးတို့က Virtual စနစ်နဲ့ ပါဝင်ဆွေးနွေးခဲ့ကြပါတယ်။

မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံဟာ နှစ်နိုင်ငံ အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးတွေမှာ နီးကပ်စွာဆောင်ရွက်နိုင်ခဲ့ပြီး အထူးသဖြင့် မြန်မာ့တပ်မတော်အနေနဲ့ ကမ္ဘာ့အလယ်မှာ အဆင့်အတန်းတစ်ခုအထိ ရပ်တည်နိုင်ခဲ့တာဟာ ရုရှားနိုင်ငံရဲ့ အကူအညီတွေ အထိုက်အလျောက်ပါဝင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ရုရှား - မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းတစ်လျှောက်မှာ အခိုင်မာဆုံးနဲ့ အကောင်းဆုံးကာလကို ညွှန်းဆိုရမယ်ဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံ့တာဝန်ယူနေတဲ့ကာလလို့ ဆိုချင်ပါတယ်။

ဒီလိုခိုင်မာအားကောင်းလာရတာက မြန်မာ့တပ်မတော်ခေါင်းဆောင်အဆက်ဆက်ဟာ ခိုင်မာတဲ့မူဝါဒတွေ ချမှတ်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။ ။

## ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်း နှင့် သတင်းမီဒီယာအဖွဲ့များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက ထုတ်ဝေသော ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းနှင့် သတင်းမီဒီယာအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိSports Hotel ၌ ကျင်းပရာ **(အောက်ပုံ)** မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးအေးမင်းက အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်း စာတည်းမှူးချုပ် ဦးရဲနိုင်စိုးက မဂ္ဂဇင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းကို မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက တစ်လတစ်ကြိမ် ထုတ်ဝေလျက်ရှိပြီး သတင်းမီဒီယာအဖွဲ့များနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**



(၅၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ပဲခူးပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)လုံခြုံရေးကွပ်ကဲမှုအဖွဲ့အောက်ရှိ အမှတ်(၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းမှုကို နယ်မြေခံတပ်မဌာနချုပ် ဒုတိယ တပ်မမှူး ဗိုလ်မှူးကြီး စန်းညွှန့်လှိုင်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွန်းတို့က ကြည့်ရှုအားပေးပြီး ဖြည့်စွက်အစားအစာများ ပေးအပ်စဉ်။ ကိုတွတ်(ပြန်/ဆက်)

## မြန်အောင်ရေနံမြေ ရွာတောကျေးရွာ၌ ကေဗွီ ၁၀၀ ထရန်စဖော်မာဖွင့်

**မြန်အောင် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ရေနံမြေ လူမှုတာဝန်သိမှု (CSR) အစီအစဉ်ဖြင့် ဆောင်ရွက်သော ကေဗွီ ၁၀၀ ထရန်စဖော်မာ ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် ရွာတောကျေးရွာ အမှတ်(၁) ရေနံမြေလမ်းမ၌ ပြုလုပ်သည်။

ဦးစွာ မြန်အောင်ရေနံမြေ လူမှုတာဝန်သိမှု(CSR)အစီအစဉ်ဖြင့် ဆောင်ရွက်သော ကေဗွီ ၁၀၀ ထရန်စဖော်မာကို မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး မြင့်ကျော်နှင့် မြန်အောင် - ရွှေပြည်သာရေနံမြေ အထွေထွေမန်နေဂျာ ဦးညွှန့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ရွာတောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြား ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မြန်အောင်ရေနံမြေ၏ လူမှုတာဝန်သိမှု(CSR) အစီအစဉ်ဖြင့် ဆောင်ရွက်သော ကေဗွီ ၁၀၀ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ပြီးစီး၍ ရွာတောကျေးရွာ အမှတ်(၁)၊ အမှတ်(၂) အတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**မြန်အောင်**
**(ပြန်/ဆက်)**

မေါ်တော်ယာဉ် မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ် မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှ လိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်းရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# သေဆုံးသွားသော အာမခံအလုပ်သမားများ၏ ကျန်ရစ်သူမိသားစုများအား လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် စက်တင်ဘာ ၂၆

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ဥပဒေအသစ် စတင်အကောင်အထည်ဖော်သည့် (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်မှ ၈/၂၀၂၂ လအထိ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အရ အာမခံအလုပ်သမား ၁,၆၄၈,၁၇၅ ဦးအတွက် ငွေကျပ် ၇၇,၄၆၆ ဒသမ ၂၃၉ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီး အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်အရ အာမခံအလုပ်သမား ၆၃,၈၁၉ ဦးအတွက် ငွေကျပ် ၆,၉၇၇ ဒသမ ၉၆၃ သန်းကို ခွင့်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း ယနေ့နံနက်ပိုင်းကကျင်းပသည့် အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသွားသော အာမခံအလုပ်သမားများ၏ ကျန်ရစ်သူမိသားစုများအား လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူ အကျိုးခံစားခွင့် ထုတ်ပေးသည့် အခမ်းအနားမှ သိရသည်။



အဆိုပါ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံစက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း က အာမခံအလုပ်သမား ဒေါ်စန်းယုမော်၏ ခင်ပွန်းဖြစ်သူကို ငွေကျပ် ၁၁,၁၁၈,၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း က အာမခံအလုပ်သမား ဒေါ်စန္ဒာခိုင်၏ မိသားစုကို ငွေကျပ် ၁၀,၈၇၁,၅၅၀၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဦးမျိုးကိုကို၏ ဖခင်ဖြစ်သူကို ငွေကျပ် ၁၀,၄၇၃,၁၀၀၊ အာမခံအလုပ်သမား စုစုပေါင်း အကျိုးခံစားခွင့် ငွေကျပ် ၃၂,၄၆၂,၆၅၀ ကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးခဲ့သည်။

ယင်းအကျိုးခံစားခွင့်ကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော Primier Coffee Lluvia Co.,Ltd မှ အာမခံအလုပ်သမားများ ၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက်က လုပ်ငန်းခွင်သို့ လာရောက်စဉ် အလုပ်သမားများ စီးနင်းလိုက်ပါလာသော ဖယ်ရီအား မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ယာဉ်တစ်စီးက ဝင်ရောက်တိုက်ခဲ့ခြင်းကြောင့် အာမခံအလုပ်သမား သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူ မိသားစုများအား ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအရ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သို့ အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးအဖြစ် အလုပ်သမား လုပ်ခလစာ၏ ၅ ရာခိုင်နှုန်းကို လစဉ်ထည့်ဝင်ကြေးပေးသွင်းခြင်းဖြင့် အာမခံအလုပ်သမားများနှင့် မှီခိုသူမိသားစုများ လူမှုဒုက္ခကြုံတွေ့ရသည့်အခါ လူမှုဖူလုံရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်အပါအဝင် အကျိုးခံစားခွင့် ၁၅ မျိုးကို ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉) ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်နှင့် အလုပ်သမားအကြား အငြင်းပွားမှုဖြစ်ပွားလာပါက ဥပဒေနှင့်အညီ စနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးမှုကို ခံယူရန်ဖြစ်ကြောင်းနှင့် အငြင်းပွားမှု ဖြေရှင်းရေးယန္တရားတွင် ပါဝင်သည့် သက်ဆိုင်ရာကိုယ်စားလှယ်များအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်ပြီး အဖွဲ့အစည်းစွဲမထားဘဲ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်၏ အကျိုးကိုရှေးရှု၍ ဖျန်ဖြေခြင်း၊ ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ဦးစီးဌာနအလိုက် စည်းကြပ်သည့်ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အုပ်စု သုံးစုဖွဲ့၍ အုပ်စုလိုက် ဆွေးနွေးခြင်းများအပေါ် အပြန်အလှန်ဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ (ဆင့်ပွား) သင်တန်းနှင့် ကလေးပြုစုစောင့်ရှောက်သူများအတွက် အသက် (၆) လမှ (၃) နှစ်အရွယ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

**လူမှုသဟဇာတ သဘောတရားများကို နားလည်သိရှိသူ များပြားလာသည်နှင့်အမျှ ပြည်သူများအကြား အတွေးအခေါ်များ မြင့်တက်လာပြီး လူမှုပဋိပက္ခ ကင်းဝေးသော၊ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ်ဖော်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ သင်တန်းတက်ရောက်သူများအနေဖြင့် မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ မတူကွဲပြားသော လူအုပ်စုများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ကြိုးပမ်းမှုဖြစ်စဉ်တိုင်းတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က တိုက်တွန်းပြောကြားသည်။**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဖွင့်လှစ်မည့် လူမှုသဟဇာတနှင့် လူမှုပေါင်းစည်းရေးဆိုင်ရာ ဆင့်ပွားသင်တန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက Virtual ပုံစံဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာ ၂၆ မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။



ဆက်လက်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဝန်ကြီးဌာနများတွင် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ အသက် (၆) လမှ (၃) နှစ်အရွယ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် အသက် (၃) နှစ်မှ (၅) နှစ်အထိ ကလေးများအတွက် ဌာန မူလတန်းကြိုကျောင်းများ ပုံမှန်တိုးချဲ့ဖွင့်လှစ်ခြင်း၊ ပုဂ္ဂလိက မူလတန်းကြို ကျောင်းများအား တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်များ ပေးအပ်ခြင်း၊ ရပ်ရွာအခြေပြု ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နည်းပညာအကူအညီနှင့် ငွေကြေးအထောက်အပံ့များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော်လည်း အသက် (၆) လနှင့် အထက် ရင်ခွင်ပိုက် ကလေးငယ်များအတွက် နေ့ကလေးထိန်းများ ဖွင့်လှစ်နိုင်မှုမှာ အင်မတန်နည်းပါးနေသေးပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနရှိ "မေမေ့ရင်ခွင် နေ့ကလေးထိန်းဌာန" ဖွင့်လှစ်ထားရှိမှု (ဓာတ်ပုံ)၊ ရုံး၊ ဌာနများတွင်နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ခြင်းဖြင့် မိဘများအနေဖြင့် ကလေးများအား ရင်အုပ်မကွာ စောင့်ရှောက်မှုပေးနိုင်မည့် အခြေအနေများ၊ မိခင်များအတွက် အလုပ်ထွက်နှုန်းကို လျှော့ချစေနိုင်ပြီး ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကျသည့် ပြုစုစောင့်ရှောက်မှုကို ရရှိစေနိုင်သည့် အခြေအနေများကို ရှင်းလင်းပြသပြီး ဝန်ကြီးဌာနများတွင် နေ့ကလေးထိန်းဌာနများ ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက်၍ ဝိုင်းဝန်းကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၆

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုရစာရင်းများထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၆

## ဆောင်းပါးပြိုင်ပွဲဆုရစာရင်း

**အဆင့်မြင့်ပညာအဆင့် ဆရာ/ဆရာမများ**

**ခေါင်းစဉ် – "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ – ဒေါ်မိုးမိုးခိုင်၊ ကထိက (မြန်မာစာဌာန)၊ မိတ္ထီလာပညာရေး ဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

ဒုတိယ – ဒေါ်သိမ့်သိမ့်သဲ၊ သရုပ်ပြ (သတ္တဗေဒဌာန)၊ ပုသိမ်တက္ကသိုလ်၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ – ဒေါ်မေနှင်းထွန်း၊ နည်းပြ (မြန်မာဘာသာဌာန)၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်**

**ခေါင်းစဉ် – "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ – ဒေါ်ချိုချိုလတ် (ချိုချိုသင်း)၊ အလယ်တန်းကျောင်းအုပ်၊ အထက(ခွဲ)ကသစ်ဝိုင်၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ – ဦးညွန့်ဝင်း (ညွန့်ဝင်း–နတ်တလင်း)၊ အလယ်တန်းကျောင်းအုပ်၊ အထက(ခွဲ) ကျောက်ခွက်၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်)

တတိယ – ဦးဝင်းဌေး၊ ခရိုင်ပညာရေးမှူး၊ ဂန့်ဂေါခရိုင်၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာ အထက်တန်းဆင့်သင် ဆရာ၊ဆရာမများအဆင့်**

**ခေါင်းစဉ် – "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ – ဒေါ်လွင်လွင်ဟန်၊ အထက်တန်းပြ၊ အမှတ်(၅)၊ အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ – ဦးအေးထွန်း(တလဉာဏ်–ပညာရေး)၊ အထက်တန်းပြ၊ အခြေခံပညာ အထက်တန်းကျောင်း၊ အလှပ်၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်

တတိယ – ဒေါ်ခေါ်ဇာဗွန် (သဇင်)၊ အထက်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ မလွန်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာ အလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင် ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် – "ပညာရေးတိုးတက်ဖို့ ဆရာအရည်အသွေးမြှင့်တင်စို့"**

ပထမ – ဦးပြည့်ဖြိုးဦး (မောင်သုတ–ဒေါနသား)၊ ဒုတိယမူလတန်းပြ၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်

ဒုတိယ – ဒေါ်သန္တာဝင်း ( မေမေသုတ –မုဒုံ )၊ ဒုတိယမူလတန်းပြ၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

တတိယ – ဒေါ်အေးအေးနော်၊ ဒုတိယအလယ်တန်းပြ၊ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## စာစီစာကုံးပြိုင်ပွဲဆုရစာရင်း

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

ခေါင်းစဉ် –**"ဥယျာဉ်မှူးပမာ မြတ်ဆရာ"**

ပထမ – မအေးနှင်းသီတာ၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (၈/၂၀၂၂)၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ – မောင်ဇော်မျိုးသန့်၊ ပညာရေးဘွဲ့သင်တန်း ပထမနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ – မဌေးဌေးအောင်၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (၈/၂၀၂၂)၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

ခေါင်းစဉ် – **"အကျွန်ုပ်ဆရာ"**

ပထမ – ဒေါ်နန်းဖူးသစ်သစ်လင်း၊ Grade–11၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်

ဒုတိယ – ဒေါ်ဆုမြတ်ဖြိုးမင်း၊ Grade–11၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

တတိယ – မအိပိုပိုအောင်၊ Grade–11၊ အခြေခံပညာအထက်တန်းကျောင်း၊ တပ်နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့)

**အခြေခံပညာအလယ်တန်းအဆင့်**

ခေါင်းစဉ် – **"အကျွန်ုပ်ဆရာ"**

ပထမ – မစုစုစံ၊ Grade–9၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော် တိုင်းဒေသကြီး

ဒုတိယ – မအက်စတာမင်း၊ Grade–9၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)

တတိယ – မအိမ့်သီရိကျော်၊ Grade–7၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်

## ကဗျာပြိုင်ပွဲဆုရစာရင်း

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

ခေါင်းစဉ် – **"ဆရာထိုးတဲ့ခေါင်းလောင်းသံ"**

ပထမ – မောင်အောင်အောင်၊ ပညာရေးဘွဲ့သင်တန်း ပဉ္စမနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဒုတိယ – မအေးချမ်းဝေ၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (၈/၂၀၂၂)၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ – မဆုမြတ်စန္ဒီလွင်၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဖန်းမော်တက္ကသိုလ်၊ ကချင်ပြည်နယ်

**အခြေခံပညာအထက်တန်းအဆင့်**

ခေါင်းစဉ် – **"ဘဝလမ်းညွှန် ဆရာမွန်"**

ပထမ – မောင်ထက်ပိုင်ဦး၊ Grade–11၊ အခြေခံပညာအထက်တန်းကျောင်း၊ ငါးသိုင်းချောင်း၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ – မရွှန်းလဲ့ဦး၊ Grade–11၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ဘားအံမြို့နယ်၊ မွန်ပြည်နယ်

တတိယ – မနန်းစုစုစံ၊ Grade–10 ၊ အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ခါးရှည်၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

**အခြေခံပညာအလယ်တန်းအဆင့်**

ခေါင်းစဉ် – **"ဘဝလမ်းညွှန် ဆရာမွန်"**

ပထမ – မောင်ကောင်းဆက်နိုင်၊ Grade–7၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

ဒုတိယ – မမြင့်မြတ်မွန်၊ Grade–9၊ အခြေခံပညာအထက်တန်းကျောင်း၊ မြစ်သားမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

တတိယ – မနန်းဝတ်ရည်ဇော်၊ Grade–7၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကျောက်ခွက်၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာလ ၃ ရက် (တနင်္လာနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော်၊ စည်ပင်တည်းခိုရိပ်သာတွင် တည်းခိုနိုင်ရန်အတွက် ဦးစိုင်းထွန်းအောင်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း–၀၉ ၂၆၅ ၃၈၇ ၂၈၁) နေပြည်တော်နှင့် ဦးအောင်လှိုင်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန (ဖုန်း–၀၉ ၈၉၀ ၂၄၈ ၈၈၄) နေပြည်တော်ထံ လူကိုယ်တိုင် ရောက်ရှိ (မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်သည်။

**ပညာရေးဝန်ကြီးဌာန**

# အရည်အသွေးပြည့်ဝသည့် မှတ်တမ်းဓာတ်ပုံများကို ရိုက်ကူးတည်းဖြတ်နိုင်စေရန် ရည်ရွယ်၍ ဓာတ်ပုံရိုက်ကူးတည်းဖြတ်ခြင်းသင်တန်း ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂၆

**ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်း (၂/၂၀၂၂) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။** (ယာပုံ)



သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် က အမှာစကားပြောကြားရာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှု၊ ရိုးရာယဉ်ကျေးမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု သင်္ကေတများကို ဖော်ညွှန်းနိုင်စေရန်အတွက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် 'လှပသာယာ ပြည်မြန်မာ' ရောင်စုံဓာတ်ပုံပြိုင်ပွဲကို နှစ်စဉ် ကျင်းပပေးလျက် ရှိကြောင်း၊ ၎င်းမှ မျိုးဆက်သစ် လူငယ်ဓာတ်ပုံပညာရှင်များ နှစ်စဉ်ပေါ်ထွက်လာသဖြင့် အကျိုးရှိသည့် ဓာတ်ပုံပြိုင်ပွဲတစ်ခုဖြစ်သကဲ့သို့ ဖန်တီးရိုက်ကူးပုံဖော်ထားသည့် ပြိုင်ပွဲဝင်ဓာတ်ပုံများမှတစ်ဆင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှုနှင့် လွတ်လပ်ရေးကို လေးစားတန်ဖိုးထားသည့်စိတ်ဓာတ်များ ဖြစ်ပေါ်စေကြောင်း။

ဓာတ်ပုံပညာကို အခြေခံရိုက်ကူးနိုင်သည့်အဆင့်မှ ကျွမ်းကျင်သည့် အဆင့်အထိ ရိုက်ကူးတည်းဖြတ်နိုင်စေရန်နှင့် အရည်အသွေးမြှင့် ဓာတ်ပုံများဖြင့် ဝင်ရောက် ယှဉ်ပြိုင်နိုင်စေရန်၊ အရည်အသွေး ပြည့်ဝသည့် မှတ်တမ်းဓာတ်ပုံများကို ရိုက်ကူးတည်းဖြတ်နိုင်စေရန် ရည်ရွယ်၍ ဓာတ်ပုံရိုက်ကူး တည်းဖြတ်ခြင်း သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ဓာတ်ပုံရိုက်ကူးနည်းဘာသာရပ်ပို့ချမှုများကို အလေးထား လိုက်နာသင်ယူပြီးလက်တွေ့လုပ်ငန်းနယ်ပယ်တွင် ပြန်လည်အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင် က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် သင်တန်းအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စာပေဗိမာန်သို့ ရောက်ရှိပြီး စာတည်းများနှင့်တွေ့ဆုံ၍ စာအုပ်စာစောင်ပါ အချက်အလက်များ အနှစ်သာရရှိရှိ ထုတ်ဝေနိုင်ရေးနှင့် သဒ္ဒါ၊ သတ်ပုံနှင့် အရေးအသားများ အမှားအယွင်းမရှိအောင် ဂရုစိုက်ရေးသား တည်းဖြတ်ကြရန် မှာကြားသည်။

ဆက်လက်၍ စာပေဗိမာန် စာကြည့်တိုက်သို့ ဝင်ရောက်ကြည့်ရှုပြီး စာကြည့်တိုက်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ စာအုပ်များ မပျက်စီး၊ မပျောက်ဆုံးအောင် ဂရုစိုက်ရေး၊ စာငှားသူများက ပြန်မအပ်သည့် စာအုပ်များကို ဆက်သွယ်ရှာဖွေ၍ ပြန်အပ်ကြစေရန် တိုက်တွန်းတောင်းခံရေး၊ စာဖတ် စာငှားလာသူများ၏ လိုအပ်ချက်၊ အကြံပြုချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားသည်။

ထို့နောက် စာပေဗိမာန်စာအုပ်အရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုပြီး စာအုပ်လာရောက်လေ့လာဝယ်ယူသူများ စိတ်ကျေနပ်အောင် ဝန်ဆောင်မှုပေးရန်နှင့် ငွေကြေး၊ စာအုပ်စာစောင် စာရင်းများ ကွာဟမှုမရှိရေးကို တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးရန် မှာကြားခဲ့သည်။ **သတင်းစဉ်**

# စက်တင်ဘာ ၂၅ ရက်အထိ သီလဝါဆီလှောင်ကန်၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုအခြေအနေအရ စက်သုံးဆီဖူလုံမှုရှိ



**နေပြည်တော် စက်တင်ဘာ ၂၆**

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီ အမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်း ဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှု အခြေအနေမှာ စက်တင်ဘာ ၂၅ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT Yu Yi သင်္ဘောသည် ရိုးရိုးဒီဇယ်ဆီ HSD ၁ ဒသမ ၈၆ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ PHSD ၂ ဒသမ ၁၇ ဂါလန်သန်း စုစုပေါင်း ဒီဇယ်ဆီ ၄ ဒသမ ၀၃ ဂါလန်သန်းနှင့် MT Harmony One သင်္ဘောသည် ဓာတ်ဆီ 92 Ron ၂ ဒသမ ၁၃ ဂါလန်သန်း ဆီချလုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၅ ရက်အထိ သီလဝါဆီလှောင်ကန်၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

**အချိန်မီ ပို့ဆောင်ပေး**

စက်သုံးဆီဖြန့်ဖြူးပေးမှုအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ဆီတင်ဘောက်ဆာများ၊ ဆီတွဲရေယာဉ်များ၊ ရထားများဖြင့် အချိန်မီ ပို့ဆောင်ပေးလျက်ရှိသည်။ သို့ရာတွင် မန္တလေးမြို့မှ ရွှေဘိုမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီဖြည့်တင်းမည့် ဆီတင်ယာဉ်များကို အကြမ်းဖက်အဖွဲ့အစည်းများက ယခင်ရက်သတ္တပတ်အတွင်း တားဆီးနှောင့်ယှက်မှုများ ရှိခဲ့သဖြင့် စက်သုံးဆီများ သက်ဆိုင်ရာစက်သုံးဆီအရောင်းဆိုင်များသို့ အချိန်မီ မရောက်ရှိနိုင်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

## စစ်တွေမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့မှုပမာဏမြင့်မားလာ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာ–ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှု ဖွံ့ဖြိုးလာသည်နှင့်အမျှ ရခိုင်ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ရခိုင်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ အထောက်အကူပြုလာနိုင်ခဲ့ပြီး ကုန်သွယ်မှုပမာဏသည်လည်း နှစ်စဉ်မြင့်မားလာခဲ့သည့်အပြင် ယခုနှစ် စက်တင်ဘာလ ပထမ သုံးပတ်အတွင်း စစ်တွေမှ တစ်ဖက်နိုင်ငံ တက္ကနဖ်မြို့သို့ မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှုသည် ဩဂုတ်လ တစ်လလုံး တင်ပို့ခဲ့သည့် ပမာဏထက် ပိုမိုခဲ့သည်။ စက်တင်ဘာ ၁ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း ငါးမြစ်ချင်း၊ ငါးစုံလေးခြောက်၊ ငါးနီတူခြောက်နှင့်ငါးသိုင်းခေါင်းပွ စုစုပေါင်းတန်ချိန် ၉၈၆ တန်တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃၆ သန်း ဝန်းကျင်ရရှိခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာ့ရေထွက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် တန်ဖိုးမြင့် ထုတ်ကုန်ပစ္စည်းများကို နယ်စပ်မှတစ်ဆင့် ပုံမှန်ဝယ်ယူတင်သွင်းလျက်ရှိရာ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမ သုံးပတ်အတွင်း မြန်မာနိုင်ငံမှ အုန်းသီးခြောက်နှင့် တံမြက်စည်း (အကြမ်း) ဝယ်လိုအားသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လ ဝယ်လိုအားများထက် ပိုမိုမြင့်မားလာခဲ့သည့်အပြင် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံမှ ဆန်ကြာဆံ၊ ရေထွက်ပစ္စည်းများ (ငါးမျိုးစုံ၊ ငါးခြောက်)၊ စစ်တုံဥနှင့် နန္နင်းတက်များလည်း ဝယ်လိုအားမြင့်မားလာကြောင်း သိရသည်။

## “International Silk Festival 2022” ပြပွဲသို့ မြန်မာ့ပိုးထည်လုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံမှ ပိုးထည်လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် “International Silk Festival 2022” ပြပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ထိုင်းနိုင်ငံ ခုံခမ်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပိုးထည်လုပ်ငန်းရှင်များကို ပါဝင်ပြသရန် ဖိတ်ကြားထားကြောင်း ထိုင်းနိုင်ငံသံရုံး၊ ထိုင်း စီးပွားရေးရာဌာန (ရန်ကုန်)မှ သိရသည်။ ခုံခမ်းမြို့သည် ထိုင်းနိုင်ငံ အရှေ့မြောက်ဘက်၊ လာအိုနိုင်ငံနှင့် နီးကပ်စွာတည်ရှိပြီး မဲခေါင်ဒေသ ဝန်းကျင်ဖြစ်သောကြောင့် နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစား အလည်အပတ်များသည့်မြို့ ဖြစ်သည်။

ပြပွဲတွင် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ တရုတ်၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပိုးထည်ထုတ်ကုန်များနှင့် ဒေသထွက်ကုန်များကို ပါဝင်ပြသနိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပါဝင်ပြသသူများအတွက် ၃ x ၂ မီတာ အကျယ်အဝန်းရှိသည့် ပြခန်းနှစ်ခန်းအား အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇–၄၀၈၆၂၂၊ ၀၆၇–၄၀၈၆၂၃သို့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်မတိုင်မီ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

## မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုန်သွယ်ရေး စခန်းများတွင်လည်း လာရောက် လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိရာ စက်တင်ဘာ ၂၅ ရက်တွင် လာရောက်လျှောက်ထားမှုများမှ သွင်းကုန်လိုင်စင် နှစ်စောင်၊ တန်ဖိုး ၀ ဒသမ ၈၁၀ ယွမ်သန်းနှင့် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form–E ထုတ်ပေးမှုမှာ အစောင် ၃၀၊ တန်ဖိုး ၅ ဒသမ ၃၆၅ ယွမ်သန်းအား ခွင့်ပြုထုတ်ပေးခဲ့သည်။

စက်တင်ဘာ ၂၅ ရက်တွင် ပို့ကုန်ယာဉ်စီးရေ ၆၄ စီး၊ သွင်းကုန်ယာဉ်စီးရေ ၆၄ စီး၊ စုစုပေါင်း ၁၂၈ စီး ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ပေါက်ဈေးအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ငွေကျပ် ၄၆၇ ဖြစ်ကာ လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက် မှ ၂၅ ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂၄ ဒသမ ၃၂၅ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၉ ဒသမ ၇၉၂ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၄၄ ဒသမ ၁၁၇ သန်း ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း သိရသည်။



## မြဝတီကုန်သွယ်ရေးဇုန် ကုန်သွယ်မှုအခြေအနေ ပုံမှန်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ယခုရက်သတ္တပတ်အတွင်း ချုပ်ပြီးအထည် (CMP) များ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများကို အများဆုံးတင်ပို့လျက်ရှိပြီး ရေထွက်ပစ္စည်းများ မဲဆောက်မှတစ်ဆင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့အထိ အချိန်မီ တင်ပို့လျက်ရှိသည်။ ရေထွက်ကုန်ပစ္စည်းများအား ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်၊ ကုန်သွယ်ရေးဇုန်၊ BCF တံတား–၂ တို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ အမြန်ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး ကုန်စိမ်းပို့ကုန်များဖြစ်ကြသည့် ကြက်သွန်၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ချည်ပိတ်လိပ်များ၊ ကြွေပြားများ၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဖိနပ်၊ အသင့်ချုပ်ပြီးအဝတ်အထည်များ၊ သစ်သီး၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ ယခုလဆန်းပိုင်းမှစ၍ ဘတ်ဈေးသည် တစ်ဘတ်လျှင် ၉၄ ကျပ်ထိ တက်ခဲ့ပြီး ယခုရက်ပိုင်းမှသာ တစ်ဘတ်လျှင် ၈၄ ကျပ်ခန့်အထိ ပြန်ကျလာခဲ့ကာ ဆက်လက်ကျဆင်းရန် အလားအလာရှိသဖြင့် လိုအပ်သော သွင်းကုန်ပစ္စည်းများကိုသာ ချိန်ဆတင်သွင်းနေကြသည်။

စက်တင်ဘာ ၂၅ ရက် မြဝတီဒေသ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၃၇ ဒသမ ၁၈ ဘတ်၊ တစ်ဘတ်လျှင် ၈၄ ဒသမ ၇၄ ကျပ်ဖြစ်ရာ ဘတ်ဈေးကျလာပြီး အရောင်းအဝယ်အေးနေကြောင်း မြဝတီမြို့ ငွေလွှဲဆိုင်များမှ သတင်းရရှိကာ ပြည်တွင်းဒေသများဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှတစ်ဆင့် ကော့ကရိတ်–မြဝတီသို့ ကုန်သွယ်မှု လမ်းကြောင်းမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မြဝတီကုန်သွယ်ရေးဇုန်**

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၆**

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ စက်တင်ဘာ ၁၆ရက်မှ ၂၂ ရက်အထိ ကွမ်းသီးခြောက်၊ နှံစားပြောင်း၊ ဆန်ကွဲနှင့် နှမ်းဖြူတို့ကို တစ်ဖက်နိုင်ငံ အကောက်ခွန်သက်သာခွင့်လက်မှတ် Form – E ဖြင့် တင်ပို့ခဲ့သည်။ တစ်ဖက်တရုတ်နိုင်ငံ၏ ချင်းရွှေဟော် (မိန်းတိန်)မြို့သည် စိုက်ပျိုးရေးဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးတွင် အသုံးပြုရန် ဝါးခြမ်းများကို ဆယ့်နှစ်ရာသီ လိုအပ်လျက်ရှိရာ ဒေသထွက်ဝါးခြမ်းများကို တရားဝင်ပို့ကုန်အနေဖြင့် တင်ပို့နိုင်ပါက ပို့ကုန်အမယ်သစ်အဖြစ် တိုးမြှင့်တင်ပို့နိုင်မည် ဖြစ်သည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် စားသောက် ကုန်၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိသော်လည်း ယခုတစ်ပတ်အတွင်း အိမ်ရိုက်သံ၊ သံပိုက်၊ မြေဆီ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ အများဆုံးတင်သွင်းနိုင်ခဲ့သည်။ ပြည်သူလူထုအတွက် အဓိကလိုအပ်သောပစ္စည်းများအား တင်သွင်းလျက်ရှိကြောင်းနှင့် လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက် ဈေးအရ ယွမ်ငွေ ၁ ယွမ်လျှင် ငွေကျပ် ၅၀၀၊ ၅၀၃ ကျပ် ဝန်းကျင်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# အောက်တိုဘာလတွင် ဩစတြေးလျနိုင်ငံသို့ စင်ကာပူဝန်ကြီးချုပ် သွားမည်



စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း။

**ကင်ဘာရာ စက်တင်ဘာ ၂၆**

စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းသည်လာမည့်အောက်တိုဘာလတွင် ဩစတြေးလျနိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး အစိမ်းရောင်စီးပွားရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးသွားဖွယ်ရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

စင်ကာပူ ဝန်ကြီးချုပ် လီရှန်လွန်းသည် နှစ်ပတ်လည် ခေါင်းဆောင်များ၏ ဆွေးနွေးပွဲအတွက် ဩစတြေးလျနိုင်ငံသို့ အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း ဩစတြေးလျအသံလွှင့် ကော်ပိုရေးရှင်း(အေဘီစီ) က စက်တင်ဘာ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ကြောင့် စင်ကာပူ ဝန်ကြီးချုပ် လီရှန်လွန်းနှင့် ဩစတြေးလျ ဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်တို့အကြား မေလ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင် တွေ့ဆုံမှု ဖြစ်လာမည်ဖြစ်သည်။

အဆုံးမသတ်ရသေးသည့် အစိမ်းရောင်သဘောတူညီချက်သည် ဩစတြေးလျနှင့်စင်ကာပူနိုင်ငံတို့ကြား စီးပွားရေး သဘောတူညီချက်နှင့် ဟိုက်ဒရိုဂျင်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုခြင်းနှင့် ပတ်သက်၍ တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ငါးလကြာ ရပ်နားထားပြီးနောက် မြောက်ကိုရီးယား-တရုတ်နိုင်ငံကြား ကုန်တင်ရထား ပြန်လည်ပြေးဆွဲမည်

**ပြုံယမ်း၊ပေကျင်း စက်တင်ဘာ၂၆**

မြောက်ကိုရီးယားနှင့် တရုတ်နိုင်ငံကို ဆက်သွယ်ပြေးဆွဲနေသော ကုန်တင်ရထားတစ်စင်းသည် ငါးလကြာ ရပ်နားထားရာမှ ယခုအခါ ပြန်လည်ပြေးဆွဲမှုစတင်နေပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မြောက်ကိုရီးယားနိုင်ငံသည် နိုင်ငံ၏ စီးပွားရေးကို အလျင်အမြန် ထူထောင်ရန် လုပ်ဆောင်လျက်ရှိသည်။

နှစ်နိုင်ငံမှ နီးစပ်သော သတင်းရင်းမြစ်များ၏ အဆိုအရ အဆိုပါ ကုန်တင်ရထားသည် တရုတ်နယ်စပ်မြို့ဖြစ်သည့် ဒန်ဒုံနှင့် မြောက်ကိုရီးယားနိုင်ငံမှ ဆိုင်နူဂျူးမြို့တို့ကြား ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကုန်တင်ရထားသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဧပြီလမှ စတင်ကာ ရပ်နားထားခြင်းဖြစ်ပြီး ယခုအခါ တစ်လလျှင် ရက်ပေါင်းများစွာ ပြေးဆွဲသွားဖွယ်ရှိသည်။



တရုတ်နိုင်ငံ ဒန်ဒုံရထားဘူတာ၌ ရပ်နားထားသော ကုန်တင်ရထားကို တွေ့ရစဉ်။

နယ်စပ်ဖြတ်ကျော် အဆိုပါ ကုန်တင်ရထားသည် မြောက်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ကပ်ရောဂါကွင်းဆက်ဖြတ်တောက်ရန်အတွက် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း တစ်ကြိမ်ရပ်နားထားခဲ့ကြောင်း သိရသည်။ ဇန်နဝါရီလတွင် ရထားပြန်လည်ပြေးဆွဲမှု စတင်ခဲ့သော်လည်း တရုတ်ဘက်ခြမ်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဖြစ်ပွားနေသည့်အတွက် ဧပြီလနှောင်းပိုင်းတွင် ထပ်မံရပ်နားထားခဲ့သည်။

ထို့အပြင် ယခုလအတွင်း ကုန်တင်ရထားများ ရုရှားနိုင်ငံသို့ ပြန်လည်ပြေးဆွဲရန် စီစဉ်ထားကြောင်းလည်း မြောက်ကိုရီးယားက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနိုင်ငံ စာသင်ကျောင်းတစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ၁၃ ဦး သေဆုံး

**မော်စကို စက်တင်ဘာ ၂၆** – ရုရှားနိုင်ငံ Izhevsk မြို့ရှိ စာသင်ကျောင်းတစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး ကလေးငယ် ခုနစ်ဦးနှင့် အရွယ်ရောက်သူ ခြောက်ဦး သေဆုံးခဲ့ကြောင်း ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက ပြောသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုမှာ ရုရှားနိုင်ငံ၏ မြို့တော်မော်စကိုနှင့် ၁၀၀၀ ကီလိုမီတာခန့်အကွာ စက်တင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

သေနတ်သမားသည် မိမိကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကာ ကလေးငယ် ၁၄ ဦးအပါအဝင် ၂၁ ဦး ထိခိုက် ဒဏ်ရာ ရရှိခဲ့သည်။ သေနတ်သမားသည် အဆိုပါ စာသင်ကျောင်းမှ ဘွဲ့ရရှိထားသူဖြစ်ပြီး အသက် ၃၄ နှစ် အရွယ်ရှိ ကာဇန့်ဆက်ဗ်ဆိုသူဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးမှူးများက ပြောသည်။ သေနတ်ပစ်ခတ်မှု ဖြစ်ပွားသော အဆိုပါ Izhevsk မြို့၌ လူဦးရေ ၆၀၀၀၀၀ ခန့် နေထိုင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာနေရာ၌ တာဝန်ရှိသူများ လုံခြုံရေးဆောင်ရွက်နေစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လှေတိမ်းမှောက်မှုမှ သေဆုံးသူ ၃၂ ဦးအထိ မြင့်တက်လာ

**ဒါကာ စက်တင်ဘာ ၂၆** – ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းတွင် စက်တင်ဘာ ၂၅ ရက်က ဖြစ်ပွားခဲ့သော လှေတိမ်းမှောက်မှုမှ သေဆုံးသူအရေအတွက်သည် စက်တင်ဘာ ၂၆ ရက်တွင် ၃၂ ဦးအထိ မြင့်တက်လာပြီး ခရီးသည် ၃၀ မှ ၄၀ အထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောသည်။

ပန်ချဂါတ်ခရိုင်ရဲမှူး ဆီရာဂျူလ်ဟူဒူက လှေတိမ်းမှောက်မှုဖြစ်ပွားရာ ကာယာတိုရာမြစ်ထဲမှ ရုပ်အလောင်းခုနစ်ခု ထပ်မံ ဆယ်ယူရရှိကြောင်း ဆင်ဟွာသို့ ပြောသည်။ ခရီးသည် ၁၀၀ နီးပါးတင်ဆောင်လာသော အဆိုပါ လှေသည် စက်တင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမြောက်ပိုင်း ပန်ချဂါတ်ခရိုင်ရှိ ကာယာတိုရာမြစ်၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ပျောက်ဆုံးသူ ခရီးသည် ၃၀ မှ ၄၀ အထိ ရှိနေသည့်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်းနှင့် အဆိုပါလှေကို ကမ်းနားသို့ ဆွဲယူထားပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကူးတို့လှေနှင့် စက်လှေတို့သည် မကြာခဏတိမ်းမှောက်လေ့ရှိကြောင်းနှင့် အဆိုပါ လှေများသည် သယ်ယူပို့ဆောင်ရေးတွင် အဓိကအားထားနေရဆဲဖြစ်ပြီး အများစုသည် ဝန်ပိုတင်လေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**



လှေတိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် ထိခိုက်သေဆုံးသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပါကစ္စတန်၌ စစ်ရဟတ်ယာဉ်တစ်စင်းပျက်ကျ



**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၆** – ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘယ်လိုချီစတန်ပြည်နယ် ဟာနိုင်းခရိုင်တွင် စက်တင်ဘာ ၂၅ ရက်နှောင်းပိုင်းက ပါကစ္စတန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ရဟတ်ယာဉ်ပေါ်ပါ ခြောက်ဦးစလုံးသေဆုံးကြောင်း စစ်ဘက်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါရဟတ်ယာဉ်သည် ခို့စ်ခရိုင် အနီးတစ်ဝိုက်တွင် ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း စစ်တပ်၏ မီဒီယာအဖွဲ့ဖြစ်သည့် အိုင်အက်စ်ပီအာမှ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ထုတ်ပြန်ဖော်ပြထားသည်။ သေဆုံးသူများထဲတွင် လေယာဉ်မှူးနှစ်ဦး၊ လေယာဉ်အမှုထမ်းတစ်ဦးနှင့် စစ်သားသုံးဦးတို့ ပါဝင်ကြောင်းသိရသည်။ **ဆင်ဟွာ**

# ဖီဂျီ၌ ရှစ်လအတွင်း အဆောက်အအုံ ၈၄ လုံး မီးလောင်

**ဆူဗား စက်တင်ဘာ ၂၆** – ဖီဂျီနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အဆောက်အအုံ ၈၄ လုံး မီးလောင်မှုဖြစ်ပွားကြောင်း ဖီဂျီနိုင်ငံအမျိုးသားမီးသတ်အာဏာပိုင်(အင်န်အက်ဖ်အေ)၏ အမှုဆောင် အရာရှိချုပ် ပူရူမာ စိုဝိန်းက စက်တင်ဘာ ၂၆ ရက်တွင် ပြောသည်။ ဖီဂျီနိုင်ငံတွင် စက်တင်ဘာ ၂၂ ရက် တစ်ရက်တည်းတွင် မီးလောင်မှု ၁၄ ကြိမ်ဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောသည်။ ဖီဂျီနိုင်ငံအလယ်ပိုင်းနှင့် အရှေ့ဘက်ခြမ်းတွင် မီးလောင်မှု ၃၁ ကြိမ်နှင့် ဖီဂျီနိုင်ငံ၏ အဓိကကျွန်းဖြစ်သော ဗီတီလီဗူ၏ အနောက်ဘက်ခြမ်းတွင် မီးလောင်မှု ၄၁ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ဒုတိယကျွန်းဖြစ်သော ဗန်နျူလီဗူတွင် မီးလောင်မှု ၁၂ ကြိမ်ဖြစ်ပွားခဲ့ကြောင်း ဆက်လက်ပြောသည်။

မီးလောင်မှု၏ ၉၄ ရာခိုင်နှုန်းမှာ လူနေအိမ်များဖြစ်ပြီး ၆ ရာခိုင်နှုန်းမှာ စီးပွားရေးအဆောက်အအုံများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## တာမွေမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ ရှင်သာမဏေများအား ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး



တာမွေ စက်တင်ဘာ ၂၆

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း ကိုဗစ်– ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကြိုတင်ကာကွယ် တားဆီးနိုင်စေရန် အတွက်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက တာမွေမြို့နယ်ရှိ ကျောက်မြောင်းကျောင်းတိုက်၌ မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ အသက်ငါးနှစ်မှ ၁၅ နှစ်အထိ ရှင်သာမဏေများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့်လာရောက်ထိုးနှံကြသည့် ရှင်သာမဏေများအနေဖြင့် အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်စေရေးအတွက် မြို့နယ် ကိုဗစ်– ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းတပ်ဖွဲ့ဝင်များက ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ လက်ကိုစနစ်တကျ ဆေးကြောစေခြင်းနှင့် တစ်ဦးနှင့် တစ်ဦး ခြောက်ပေအကွာမှ တန်းစီစောင့်ဆိုင်းစေခြင်း အပါအဝင် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများကို လူမျိုးဘာသာမရွေး ထိုးနှံပေးလျက်ရှိပြီး ယနေ့တွင် မြို့နယ်အတွင်းရှိ အသက်ငါးနှစ်မှ ၁၅ နှစ်အထိ ရှင်သာမဏေအပါး ၆၅ ပါးအား ဆက်လက်ထိုးနှံပေးလျက်ရှိပြီး ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသေးသည့် ရဟန်းရှင်လူ ပြည်သူများကိုလည်း နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ် ကိုဗစ်– ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## ရခိုင်သဟာယအသင်း ရန်ကုန်မှ နောင်တရားမြို့သို့ ကိုဗစ်ကာကွယ်ရေးပစ္စည်းများလှူဒါန်း

နောင်တရား စက်တင်ဘာ ၂၆

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့ပရဟိတအဖွဲ့များသို့ ရခိုင်သဟာယအသင်း ရန်ကုန်မြို့မှ အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုးသုံးလုံးကို ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းသည်။

နောင်တရားမြို့ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ရခိုင်သဟာယအသင်း ရန်ကုန်မြို့မှ နောင်တရားမြို့ ပရဟိတအဖွဲ့သို့ အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုးသုံးလုံး၊ Flow Mater သုံးခုကို ပေးပို့လှူဒါန်းသည်။ နောင်တရားမြို့ ပရဟိတအဖွဲ့များက ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သည့် ပိုးသတ်ဆေးဖျန်းခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများတွင် ပါဝင်ကူညီခြင်း၊ ပိုးတွေ့လူနာများကို ကူညီဆောင်ရွက်ပေးခြင်း စသည့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**နောင်တရား(ပြန်/ဆက်)**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်

### နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ၂၅ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ အား နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ နှာခေါင်းစည်းများဖြန့်ဝေပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ဆရာမများနှင့်အတူ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းခြင်း ပြုလုပ်ခဲ့သည်။

**လှဝင်း**



### ပုဏ္ဏားကျွန်း

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ စစ်ကြောင်းကြီးငါးကြောင်းမှ လူမှုရေးအဖွဲ့ခေါင်းဆောင်များ ဦးဆောင်ကာ စက်တင်ဘာ ၂၆ ရက်က ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်အတွင်းရှိ လူစည်ကားသည့်နေရာများနှင့် မြို့မဈေးကြီးအတွင်း ဈေးရောင်း ဈေးဝယ်ပြည်သူတို့ကို နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုနှင့် အသိ ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**နီထွန်းအောင်(ပြန်/ဆက်)**



### တောင်ကြီး

တောင်ကြီးမြို့၌ ကိုဗစ်– ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၆ ရက်က လူစည်ကားရာနေရာများဖြစ်သည့် မြို့မဈေးရှေ့နှင့် ဘီအိုစီရှေ့တို့၌ ဆောင်ရွက်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့် ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြန်/ဆက်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့နှင့် ကိုဗစ်– ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေးပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးအေးစိုး(ပြန်/ဆက်)**

### ဟိုပုံး

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ကိုဗစ်– ၁၉ ရောဂါကြို တင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးအသိပညာပေးလှုပ်ရှားမှု ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနရုံးရှေ့၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး၊ မြို့နယ် စည်ပင်သာယာရေးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ဈေးရောင်းဈေးဝယ်ပြည်သူများအနေဖြင့် အိုမီခရွန် အပါအဝင် ကိုဗစ်– ၁၉ မျိုးဗီဇပြောင်းရောဂါပိုးများ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေထိုင်ရေး၊ နေအိမ်ပြင်ပထွက်ခွာပါက နှာခေါင်းစည်းစနစ်တကျတပ်ဆင်သွားလာရေး၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံရေး၊ ကာကွယ်ဆေးထိုးနှံမှု ခြောက်လပြည့်သူတိုင်း ထပ်ဆောင်းကာကွယ် ဆေးဆက်လက်ထိုးနှံရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၂၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၇၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၁၈,၈၃၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၁,၆၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၃၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၇,၁၈၂) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၅) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၉-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၃၈) ဦးရှိရာ ၎င်းတို့အနက် (၉၇) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာ ရောဂါ စသည့်နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၇၉.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၈.၆) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၂) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၇၉.၄ ရာခိုင်နှုန်းသည် | ၁၈.၆ ရာခိုင်နှုန်းသည် | ၂ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများအတွင်း နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံမှုအခြေအနေကို လေ့လာသုံးသပ်ချက်အရ အဆိုပါပုဂ္ဂိုလ်များအနက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားသူများနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကို သိသာစွာလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည်တို့ကဲ့သို့သော နာတာရှည်ရောဂါအခံတစ်ခုခုရှိသူ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းတို့အပြင် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာ လျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက် ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၃၆၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၃၀၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၂၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၂၁၉၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၉၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၁၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၂၂၇ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၀၉၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင်နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ ဖျာပုံမြို့၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေလေးစီးဖြင့် Test Kit ၃၀၄၀နှင့် နှာခေါင်းစည်း ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ်(၂၀)မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ အကြိမ် (၂၀) မြောက် သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

**Myanmar National Post** သတင်းဌာနမှ **အယ်ဒီတာချုပ် နောင်တော်လေး** က နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားခရီးစဉ်တွင် နျူကလီးယားစွမ်းအင်အသုံးချရေးတွင် မြန်မာနိုင်ငံနှင့် အကျိုးတူသဘောတူညီမှု ရရှိခဲ့သည့်အပေါ်တွင် မြန်မာနိုင်ငံ၌ နျူကလီးယားစွမ်းအင်မည်သည့်အချိန်တွင် အကောင်အထည်ဖော်အသုံးပြုမည်ကို သိလိုပါကြောင်းနှင့် ရုရှားသမ္မတကြီးအပါအဝင် ရုရှားပြည်နယ်အစိုးရများ၏ ခေါင်းဆောင်များ မြန်မာနိုင်ငံသို့ လာရောက်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း၊ ဆက်စပ်မေးခွန်းအနေဖြင့် NLD အစွန်းရောက် ကိုယ်ကျိုးရှာနိုင်ငံရေးသမားများ၊ ပြည်ပြေး၊ ဝရမ်းပြေးများ၏ လှုံ့ဆော်မှုကြောင့် မြို့နယ်တိုင်းတွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုဆူပူအကြမ်းဖက်မှုများထဲမှ တပ်မတော်သားမိသားစုဝင်တချို့လည်း ပါဝင်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းရှိကြောင်း၊ ရောနှောပါသွားသည့် အခြေအနေများရှိကြောင်း၊ နွားထိုးကြီးမြို့နယ်တွင် ဖြစ်သွားကြောင်း၊ ၎င်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲထံ သနားငဲ့ညှာစာနာပေးပါရန် တင်ပြထားပါကြောင်း၊ ထိုကိစ္စကို ပြန်လည်စဉ်းစားသုံးသပ်ပြီး ဖြေလျှော့ပေးရန် ပြောလိုပါကြောင်း၊ လတ်တလောတွင် PDF အကြမ်းဖက်သမားများ၏သတ်ဖြတ်မှုများကို ရုပ်သံတွင်မြင်တွေ့နေရခြင်းသည် ရိုးရိုးသာမန်အဆင့် သတ်ဖြတ်ခြင်းမျိုးမဟုတ်ဘဲ ရက်ရက်စက်စက် လည်လှီးသတ်ဖြတ်ခြင်းကို လူမှုကွန်ရက်ရုပ်သံများတွင် ဖြန့်ဝေကြောင်း၊ မိမိတို့မည်သည့်အရာနှင့် ဆက်စပ်မြင်သလဲဆိုလျှင် ကမ္ဘာ့အရပ်ရပ်တွင် IS အစွန်းရောက်အကြမ်းဖက်အဖွဲ့ပေါ်လာကြောင်း၊ ပေါ်လာပြီး ဂျပန်နိုင်ငံသား၊ အမေရိကန်နိုင်ငံသားများကို Studio အခန်းထဲ၌ စနစ်တကျ လည်လှီးပြီးသတ်နေသည့်ပုံကို ကမ္ဘာကို ခြောက်လှန့်ခဲ့သည့် ပုံစံမျိုး၊ ယခု မိမိတို့တိုင်းပြည်တွင်ဖြစ်နေသည့် NLD အစွန်းရောက် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများ၏ လက်ကိုင်တုတ် PDF သည် ထိုသို့ ဘာသာရေးအစွန်းရောက်များ၏ ဦးဆောင်မှုနောက်တွင် ရောက်နေပြီလား၊ ထိုကိစ္စအပေါ်တွင် ဗိုလ်ချုပ်အနေဖြင့် မည်သို့သုံးသပ်ပါသလဲ၊ ပြည်သူများအနေဖြင့် မည်မျှသတိပြုသင့်ပါသလဲဆိုသည်ကို ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က နျူကလီးယားကိစ္စသည် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ အသုံးချရေးနည်းလမ်းကို



ဦးကျော်စိုးဦး People Media



ဦးသွင်ထူးအောင် One News

အသုံးချသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်အနေဖြင့် အဏုမြူစွမ်းအင်နယ်ပယ်ဆိုင်ရာ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှု အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ အပြုသဘောဆောင်သည့် သဘောထားအမြင်များ ရရှိရန် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှစ်ခုကို ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ထိုစာချွန်လွှာနှစ်ခုမှ နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏အပြုသဘောဆောင်သော သဘောထားအမြင်များရရှိရန် ပူးပေါင်းဆောင်ရွက်ရေးကို နားလည်မှုစာချွန်လွှာအကောင်အထည်ဖော်ရန်အတွက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာနအနေဖြင့် နျူကလီးယား နည်းပညာသတင်းအချက်အလက်စင်တာကို ရန်ကုန်တွင်ထူထောင်နိုင်ရေး စတင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကို အသိမပေးဘဲ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း၊ ပထမဆုံးအဆင့် ပြည်သူလူထုကို နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ အသုံးပြုရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်စင်တာကို ရန်ကုန်တွင် စတင်တည်ထောင်ရန် ရည်ရွယ်ထားကြောင်း၊ ယခုရုရှားခရီးစဉ်တွင် Road Map နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးတို့နှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းတို့ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်ရေး၊ ကဏ္ဍပေါင်းစုံ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်နိုင်ရေးများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ပထမဦးဆုံးအနေဖြင့်အသေးစားနျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လုပ်ဆောင်ချက်ခန့်မှန်းခြေမှာ နှစ်ပိုင်းအတွင်းဖြစ်ပေါ်လာမည်ဟု ပြောလိုကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ရန်အတွက် အသိပညာပေးခြင်း၊ သတင်းဖြန့်ဖြူးခြင်းများကို အရင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်လှုံ့ဆော်မှုကြောင့် ပါဝင်ပတ်သက်သည့်သူများကို ပြည်ထဲရေးဝန်ကြီးဌာနသို့ တိုင်ကြားသည့်ဖြစ်စဉ်များရှိကြောင်း၊ တချို့မှာ အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်မှုမရှိသော်လည်း အထောက်အထားအစုံအလင်ဖြင့် တိုင်ကြားခံရသူများလည်း ရှိပါကြောင်း၊ ထိုသို့တိုင်ကြားခံရသဖြင့် မေးမြန်းခြင်းခံရသူများလည်းရှိပါကြောင်း၊ မိမိတို့အနေဖြင့် ထိုကိစ္စများနှင့် ပတ်သက်၍ သတင်းစာများတွင်လည်း ကြေညာပြီးဖြစ်ကြောင်း၊ ထိုသို့သော ကိစ္စများကို ဖြေလျှော့ပေးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့တင်ပြခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ တင်ပြပြီးပါက ပြည်ထဲရေးဝန်ကြီးဌာနမှ သက်ဆိုင် ရာဌာနများနှင့်ပေါင်းစပ်၍ မေးမြန်းခြင်း၊ စုံစမ်းခြင်းနှင့် ဖြေလျှော့ပေးမှုများကို လုပ်ဆောင်ပေးလျက်ရှိသည်ဟု ပြောလိုကြောင်းနှင့် သက်ဆိုင်ရာသို့ စာတင်ရန်လိုအပ်ကြောင်း။

PDF အကြမ်းဖက်များ၏ လုပ်ဆောင်မှုများကို အွန်လိုင်းပေါ်တွင် အမြဲတမ်းမြင်နေရကြောင်း၊ တချို့နေရာများတွင် လည်လှီးသတ်ဖြတ်ခြင်း၊ အချက်ပေါင်းများစွာ ဓားဖြင့် စိမ်ပြေနပြေထိုးခြင်း၊ IS များကဲ့သို့ အကြမ်းဖက်အဖွဲ့မျိုးနီးပါး ဖြစ်ခြင်းဖြစ်ကြောင်း၊ ဘာသာရေးနှင့်ဆက်နွှယ်သည်ဟု ပြောသော်လည်း ယခင်ကတည်းကပင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုကို အဓိကထားတိုက်ခိုက်နေသည့်

> **“ပထမဆုံးအဆင့် ပြည်သူလူထုကို နျူကလီးယားစွမ်းအင်နှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ အသုံးပြုရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်စင်တာကို ရန်ကုန်တွင် စတင်တည်ထောင်ရန် ရည်ရွယ်ထားကြောင်း၊ ယခု ရုရှားခရီးစဉ်တွင် Road Map နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးတို့နှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းတို့ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချနိုင်ရေး၊ ကဏ္ဍပေါင်းစုံ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်နိုင်ရေးများကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း”**

အဖွဲ့အစည်းနှစ်ခုရှိကြောင်း၊ နံပါတ်တစ်အဖွဲ့အစည်းသည် သာသနာနှင့်ပတ်သက်သည့် အဖွဲ့အစည်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ရိုးရာအစဉ်အလာ၊ မြန်မာနိုင်ငံ၏ ရပ်တည်မှုကို ထိန်းထားခြင်းဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာသည် ဘာသာတရားမှ ဆင်းသက်လာခြင်းဖြစ်သည့်အတွက် ၎င်းတို့အနေဖြင့် ထိုအဖွဲ့အစည်းကို သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ယူနေသည့် အဖွဲ့အစည်းကို သတ်ဖြတ်ခြင်းလုပ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်သည့်အတွက် ယခင်ကတည်းကပင် သွေးထိုးလှုံ့ဆော်မှုများရှိကြောင်း၊ အဓိကမှာ ဘာသာရေးအကြောင်းအရာထက် ဘာသာရေးကို ဖြိုဖျက်ချင်သည့်အတွက် အကြမ်းဖက်လှုံ့ဆော်မှုလုပ်ငန်းများ လုပ်နေသည်ဟု ပြောလိုကြောင်း ဖြေကြားသည်။

**AA အဖွဲ့သည် စစ်ရေးပြင်းပြင်းထန်ထန် လှုပ်ရှားမှုများ ပြုလုပ်နေ**

**People Media** မှ **သတင်းထောက်ချုပ် ဦးကျော်စိုးဦး** က ပြီးခဲ့သည့်ရက်ပိုင်းက အကြမ်းဖက်မှုနှင့် ထောင်ဒဏ်ကျခံနေရသူ လေးဦးနှင့် ထောင်ဒဏ် ငါးနှစ် ကျခံထားရသူတစ်ဦး၊ စုစုပေါင်း ငါးဦး ပခုက္ကူထောင်မှ ထွက်ပြေးသွားသည်ဟု သတင်းများထွက်နေကြောင်း၊ ယင်းအခြေအနေကို PDF များကထောင်ထဲမှထွက်လာသည်ဟု ထုတ်ပြန်ထားသည်ကိုလည်း တွေ့ရကြောင်း၊ ယင်းကိစ္စသည် ထူးခြားနေကြောင်း၊ ၎င်းတို့မည်ကဲ့သို့ ထောင်ထဲမှ ထွက်သွားသည်ကို သိလိုပါကြောင်း၊ ထိုထောင်ကို တာဝန်ယူခဲ့သည့် ထောင်ပိုင်ကဲ့သို့သော တာဝန်ရှိသူများကို မည်ကဲ့သို့ဆောင်ရွက်နေသည်ကို သိလိုကြောင်း၊ AA အဖွဲ့သည် ပလက်ဝနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့၌ ပြီးခဲ့သည့်လမှ ယခုလ ဒုတိယပတ်အထိ စစ်ရေးပြင်းပြင်းထန်ထန်လှုပ်ရှားမှုများပြုလုပ်နေသည်ကို တွေ့ရကြောင်း၊ AA အဖွဲ့၏ စစ်ရေးရည်မှန်းချက်သည် မည်သို့ဖြစ်မည်ကို သိလိုကြောင်း၊ တပ်မတော်က AA အဖွဲ့အပေါ်ထားရှိသည့် သဘောထားများကို မည်ကဲ့သို့ ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ပခုက္ကူအကျဉ်းထောင်မှ ထွက်ပြေးသည့်ကိစ္စမှာ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားတစ်ဦးနှင့် အချုပ်သားလေးဦး ထွက်ပြေးလွတ်မြောက်ခြင်းဖြစ်စဉ်သည် ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ဖြစ်ပွားသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပြီး ၎င်းတို့အိပ်ဆောင်၏ ဘာယာတန်းအောက်ခြေအား လူတစ်ကိုယ်စာထွက်နိုင်ရန် ချိုးဖဲ့ပြီး အကျဉ်းထောင်အုတ်ရိုးကိုလည်း ၎င်းတို့၏ ပုံစံ ပုဆိုးများနှင့်စောင်များကို ချည်နှောင်ပြီး ကြိုးကဲ့သို့ တစ်ခုနှင့်တစ်ခုဆက်၍အသုံးပြုပြီး ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ ပါဝင်ပတ်သက်ခြင်းမရှိကြောင်း၊ သို့သော် တာဝန်ပေါ့လျော့မှုကြောင့် ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်သဖြင့် အရေးယူအပြစ်ပေးနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ပြောလိုကြောင်း၊ AA နှင့်ပတ်သက်ပြီး ထူးထူးခြားခြားတွေ့ရမည်ဖြစ်ကြောင်း၊ ယခင်နှစ်များတွင် AA အဖွဲ့နှင့် တိုက်ပွဲများ အကြီးအကျယ်ဖြစ်ခဲ့ကြောင်း၊ ပလက်ဝ၊ ကျောက်တော်အထက်ပိုင်း၊ မင်းပြားဘက်တွင် တိုက်ပွဲများဖြစ်ခဲ့ကြောင်း၊ ယခုချိန်တွင် ထိုနေရာများ၌ တိုက်ပွဲမဖြစ်ပွားဘဲ ဘူးသီးတောင်၊ မောင်တောဘက်တွင် ဖြစ်နေကြောင်း၊

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ထို့နောက် ARSA အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရကြောင်း၊ ငြိမ်းချမ်းစွာနေထိုင်လိုသည့် ရခိုင်ပြည်သူလူထုအနေဖြင့် သတိရှိရန်လိုသည်ဟု မိမိပြောလိုကြောင်း၊ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးစု မည်မျှရှိသည်နှင့် ကျန်သည့်လူမျိုးများ၏ လူဦးရေမည်မျှရှိသည်ကို ရခိုင်လူမျိုးများ အသိဆုံးဖြစ်ကြောင်း၊ တစ်ဖက်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲကင်းစခန်းများ တိုက်ခိုက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ AA သည် ပထမဦးဆုံးတိုက်ပွဲကို ဂုတ်ပိဘက်မှ နယ်ခြားစောင့်ရဲစခန်းလေးခုကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ထိုရဲစခန်းများသည် ဘူးသီးတောင်နှင့် မောင်တောကြားတွင်ရှိသည့် အဓိက လူသွားလူလာ၊ တရားမဝင် ခိုးကူးများကို ထိန်းချုပ်သည့်နေရာဖြစ်ကြောင်း၊ ယခုချိန်တွင် တောင်ပြိုဝဲ၊ တောင်ပြိုယာနှင့် BP–40 တို့သည် တစ်ဖက်မှတစ်ဖက်သို့ ထွက်ပြေးတိမ်းရှောင်ကြသူများ၏ ဝင်ပေါက်ထွက်ပေါက်ဖြစ်သည့်နေရာများဖြစ်ကြောင်း၊ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် နောက်ကွယ်တွင် မည်သည့်အကြံအစည်ရှိသည်ကို သိရကြောင်း၊ သို့သော် သတိပေးလိုသည်မှာ ယင်းဒေသတွင်ရှိသည့် လူဦးရေအချိုးအစားကို တွက်ကြည့်သင့်ကြောင်း၊ တိုက်ပွဲများ ဖြစ်ပွားခြင်းသည် မိမိပြောခဲ့သလို တပ်မတော်ဘက်ကပဲ ထိခိုက်ဒဏ်ရာရသည်ဖြစ်စေ၊ သေဆုံးသည်ဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်များ သေဆုံးသည်ဖြစ်စေ၊ ဒဏ်ရာရသည်ဖြစ်စေ၊ မိမိနိုင်ငံသားများ ဆုံးရှုံးခြင်းသာဖြစ်ကြောင်း၊ မိမိနိုင်ငံသားများ ယင်းနယ်မြေတွင်မရှိလျှင် မည်သူတို့ဝင်လာမည်ကို ၎င်းတို့အသိဆုံးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ခြမ်းတစ်ခုလုံးတွင် မည်သူတို့ ကြီးစိုးလိမ့်မည်ဆိုသည်ကို ၎င်းတို့အသိဆုံးဖြစ်ကြောင်း၊ ယင်းကိစ္စများကို သတိပြုရန်လိုကြောင်း ဖြေကြားသည်။

**ရွှေဒင်္ဂါးပြားများ ရောင်းချပေးနေ**

**One News သတင်းဌာနမှ သတင်းထောက် ဦးသွင်ထူးအောင်** က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ရွှေဒင်္ဂါးပြားများ ရောင်းချပေးနေခြင်းသည် ယခုအချိန်ထိ မည်မျှထိရောင်းချပေးပြီးသည်ကို သိလိုကြောင်း၊ ဈေးနှုန်းမည်မျှဖြင့်၊ မည်သည့်ပုံစံဖြင့် ရောင်းချပေးနေသည်ကို သိလိုကြောင်းနှင့် နေပြည်တော်တစ်နေရာတည်းတွင်သာ ရောင်းချပေးနေခြင်းဟုတ်၊ မဟုတ်၊ ထပ်မံတိုးချဲ့ပေးရန် စီစဉ်ထားခြင်းရှိ/မရှိနှင့် အခြားမည်သည့်နေရာများတွင် ရောင်းချပေးသွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်အထိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အလေးချိန် ၄၅၅ ဒသမ ၇၅ ကျပ်သား ရောင်းချပေးပြီးဖြစ်ကြောင်း၊ ရောင်းချပေးသည့်ပုံစံမှာ လူတစ်ဦးလျှင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြပြီး ရွှေဒင်္ဂါးပြားတစ်ပြားကို တစ်ကြိမ် လက်ငင်းငွေသားဖြင့် ရောင်းချပေးကြောင်း၊ ထို့နောက် တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား ရွှေဒင်္ဂါးပြားများ ရောင်းချပေးလျက်ရှိကြောင်း၊ ရွှေဒင်္ဂါးပြားများကို တစ်ကျပ်သားလျှင် ၂၉ သိန်း ငါးသောင်း၊ စက်တင်ဘာ ၁၃ ရက်အထိ တစ်ကျပ်သားကို နှစ်ဆယ့်ရှစ်သိန်းငါးသောင်း၊ စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ တစ်ကျပ်သားလျှင် နှစ်ဆယ့်ရှစ်သိန်းနှုန်းဖြင့် ရောင်းချပေးနေကြောင်း၊ နေပြည်တော်တွင်သာ ရောင်းချပေးရန်ရှိကြောင်း၊ ကျန်သည့်နေရာများတွင် ရောင်းချပေးရန် လတ်တလောအစီအစဉ်မရှိကြောင်း ဖြေကြားသည်။

**BLoomberg Myanmar မှ ဒေါ်ပိုးသီရိကျော်** က ယနေ့ အခြေခံစားသောက်ကုန်ဈေးနှုန်းများသည် တစ်နေ့ထက်တစ်နေ့ မြင့်တက်နေကြောင်း၊ ဆန်၊ ဆီ၊ အသား၊ ငါး၊ အသီးအရွက်၊ ကြက်ဥ၊ ဘဲဥဈေးနှုန်းများကအစ မြင့်တက်နေကြောင်း၊ ဝင်ငွေ၊ ထွက်ငွေမမျှတမှုများကို မိသားစုများ၊ လုပ်ငန်းကြီး၊ ငယ်မရွေးကြုံတွေ့နေရကြောင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဝင်ငွေ၊ ထွက်ငွေ မျှတစွာ အလုပ်လုပ်နိုင်ရန်အတွက် မည်သည့်စီးပွားရေးစီမံချက်များ ရေးဆွဲအကောင်ထည်ဖော်မည်ကို သိလိုကြောင်း၊ တစ်ဆက်တည်းမှာပင် အထွေထွေကုန်ကျစရိတ်များ မြင့်တက်နေသည့်အချိန်၌ ဝင်ငွေရရှိမှု မတိုးတက်သည့်အတွက် အခြေခံလူတန်းစားများ အနေဖြင့် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း၊ အနိမ့်ဆုံး လုပ်ခနှုန်းထားပြင်ဆင်သတ်မှတ်ရေးကိုလည်း ရွှေ့ဆိုင်းထားသည်ဟုလည်း သိရကြောင်း၊ ထိုအခြေအနေတွင် အနိမ့်ဆုံးလုပ်ခနှုန်းထားများ တိုးမြှင့်ပေးရန်အစီအစဉ် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ကုန်ဈေးနှုန်းကြီးမြင့်မှုခံစားနေရ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က မိမိတို့နိုင်ငံတွင်သာမဟုတ်ဘဲ ကမ္ဘာမှာလည်း ကုန်ဈေးနှုန်းကြီးမြင့်မှုဖြစ်စဉ်ကို ခံစားနေရကြောင်း၊ သို့သော်လည်း တူတော့မတူကြောင်း၊ တချို့နိုင်ငံများတွင် ခံသာသည့်နိုင်ငံရှိသလို မိမိတို့နိုင်ငံ၌လည်း လက်လုပ်လက်စားများတွင် မခံသာသည့်သူများလည်းရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် လုပ်ပေးနေသည်မှာ ဆင်းရဲကျပ်တည်းမှု ကြုံတွေ့နေသည့်သူများကို တပ်မတော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှဦးဆောင်ပြီး ထောက်ပံ့ပေးနေကြောင်း၊ ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး အခြေခံစားသောက်ကုန်များ လိုက်လံရောင်းချပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နောက်တစ်ခုမှာ ဥပမာ စာရင်းဇယားနှင့် ပြောရမည်ဆိုလျှင် အမေရိကန်တွင် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ၁၁ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ယခင်ပစ္စည်းတစ်ခုကို ကုန်ဈေးနှုန်းက ထိုမျှရှိပြီး ယခုဆိုလျှင် ဈေးနှုန်းအရ ဒေါ်လာ ၄၈၀ ခန့် ပိုပြီးပေးဝယ်နေရသည့်သဘောရှိကြောင်း၊ သိအောင်နှိုင်းယှဉ်ပြီး ပြောခြင်းဖြစ်ကြောင်း၊ အဓိကသည် အခြေခံကုန်ဈေးနှုန်းနှင့်ပတ်သက်ပြီး စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ထိရောက်စွာထုတ်လုပ်နိုင်စေရေးနှင့် ၎င်းတို့၏ သွင်းအားစုများကို ဈေးနှုန်းသက်သာစွာ ရရှိရေးအတွက် မိမိတို့ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဥပမာ ဓာတ်မြေဩဇာများ အမှန်တကယ်အသုံးလိုသည့်သူများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိရေး၊ စက်သုံးဆီနှင့်ပတ်သက်ပြီး ရရှိရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး တချို့တင်သွင်းရသည့် ပစ္စည်းများသည် ပိတ်ဆို့မှုများ၊ တင်းကျပ်မှုများရှိသည့်အတွက်ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ကိုင်တွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရုရှားနိုင်ငံကတင်သွင်းလာသည့် စက်သုံးဆီများကို မိမိတို့အနေဖြင့် ဌာနဆိုင်ရာများ အဓိက၊ Public Transporatation ပြည်သူလူထုနှင့်သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဓိကလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့်ပတ်သက်သည့်လုပ်ငန်းများမှာ ခရီးသည်တင်ဘတ်စ်ကားများ၊ ရထားလိုင်းများ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပြည်သူလူထုနှင့်ဆိုင်သည်များကို အဓိကထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာနှင့် ပတ်သက်ပြီး ပိတ်ဆို့မှုများရှိကြောင်း၊ ဓာတ်မြေဩဇာများနှင့်ပတ်သက်ပြီး ကုန်ပစ္စည်းခြင်းလဲလှယ်နိုင်ရေးအတွက် ရုရှားနိုင်ငံနှင့် မိမိတို့နားလည်မှုများ၊ စာချုပ်များ ချုပ်ဆိုပြီးဖြစ်ကြောင်း၊ ထိုကိစ္စများကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနိမ့်ဆုံးလုပ်အားခနှင့်ပတ်သက်ပြီး နှစ်စဉ်အလုပ်သမားဝန်ကြီးဌာနက ပြန်လည်ဆန်းစစ်ရသည်များရှိကြောင်း၊ အနည်းဆုံး လုပ်အားခတိုးမြှင့်



ဒေါ်ပိုးသီရိကျော် BLoomberg Myanmar



ဦးမောင်မောင်ထွန်း Voice of Myanmar

ပေးရမည်ဆိုလျှင် ဌာနတစ်ခုတည်းကိုသာ မိမိတို့တိုးမြှင့်ပေးရမည်မဟုတ်ကြောင်း၊ တစ်နိုင်ငံလုံးတွင်ရှိသည့်ကဏ္ဍအားလုံးကို တိုးမြှင့်ပေးရမည်ဖြစ်ကြောင်း၊ အလုပ်သမားဝန်ကြီးဌာနက နှစ်စဉ်သုံးသပ်ချက်များနှင့်အတူ လုပ်ဆောင်သည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ်အတိုင်းသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**နေပြည်တော်နေရာအနှံ့ မြေကွက်များ ရောင်းချ**

**Voice of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း** က ယနေ့ နိုင်ငံတော်၏ အောက်ခြေနေရာပေါင်းစုံတွင် အခက်အခဲများအဆင်ပြေရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း၊ နေပြည်တော်တွင် စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သုခတော်ဝင် တန်ဖိုးသင့်အိမ်ရာတွင် အမှန်တကယ်နေချင်သည့်သူများ လျှောက်၍မရကြောင်း၊ မြေညီထပ်ဆိုလျှင် သိန်း ၂၅၀၊ ၂၄၀ စသည်ဖြင့် ပတ်သက်ရာပတ်သက်ကြောင်း လူများက လျှောက်ပြီး သိန်း ၆၀၀ ကျော်ဖြင့် ပြန်ပြီးရောင်းစားနေကြကြောင်း၊ ထိုသို့ရောင်းစားနေသည်ကို သက်ဆိုင်ရာတာဝန်ရှိသူများ သိ၊ မသိကို သိလိုကြောင်း၊ သိသည်ဆိုလျှင် မည်သို့အရေးယူမည်ကို သိလိုကြောင်း၊ နိုင်ငံမတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး နေပြည်တော်နေရာအနှံ့တွင် မြေကွက်များကို သိန်းထောင်ချီ၊ သောင်းချီပြီး ရောင်းချနေကြကြောင်း၊ အရောင်းအဝယ်ဖြစ်သည်ဆိုသည်မှာ ရောင်းသူ၊ ဝယ်သူ၊ အိမ်ခြံမြေအကျိုးဆောင်များနှင့် ညှိနှိုင်းပြီးလုပ်ဆောင်နေကြကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်ပြီး နိုင်ငံတော်က အခွန်ငွေများရအောင် မည်သို့လုပ်ဆောင်နေသည်ကို သိလိုကြောင်း၊ တစ်ဆက်တည်းအနေဖြင့် လုံခြုံရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများကို ပစ်မှတ်ထားပြီး လုပ်ကြံနေကြကြောင်း၊ မြို့နယ်အမည်များနှင့် ဟစ်တိုင်ပေ့ချ်များထောင်ပြီး စိန်ခေါ်သတ်ဖြတ်နေကြကြောင်း၊ အုပ်ချုပ်ရေးမှူးများကို သတ်ရန်အလှူခံနေကြပြီး သတ်ဖြတ်နေကြကြောင်း၊ အသတ်ခံရသည့် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများကို မည်သို့ကူညီထောက်ပံ့မှုများ ပေးနေသည်ကို သိလိုကြောင်း၊ မြို့နယ်တစ်ခု၌ ၎င်းမြို့နယ်တွင်ရှိသည့် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများက လုပ်ကြံခံရသည့် အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများအတွက် ၎င်းတို့၏ လစာငွေများထဲမှ အလှူငွေများပေးနေရသည်ဟု ကြားသိရကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း၊ နောက်တစ်ခုသည် ARSA နှင့်ပေါင်းပြီး တိုက်လာသည့် AA ကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာရန် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က နေပြည်တော်စည်ပင်သာယာရေးတိုက်ခန်းများနှင့်ပတ်သက်ပြီး နေပြည်တော်စည်ပင်၊ သုခတော်ဝင်အိမ်ရာတိုက်ခန်းများ ဝယ်ယူနိုင်ရေးကို ၁–၆–၂၀၂၀ မှ ၉–၄–၂၀၂၁ ရက်အထိ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများတွင် ထည့်ထားသည်ဟု အကြောင်းပြန်ထားသည်ကို သိရကြောင်း၊ နေထိုင်နိုင်ခွင့်ရှိသည့်သူများက ပြန်လည်ဝယ်ယူပြီး ရောင်းချခြင်းသည် ဥပဒေနှင့် ငြိ/မငြိကို ဌာနဆိုင်ရာများအား ပြန်လည်မေးပေးမည်ဖြစ်ကြောင်း၊ အိမ်ဝိုင်းများနှင့်ပတ်သက်ပြီး ရောင်းခြင်း၊ ဝယ်ခြင်းသည် အွန်လိုင်းပေါ်တွင် တွေ့နေရကြောင်း၊ နေပြည်တော်၌ အိမ်ဝိုင်းများနှင့်ပတ်သက်ပြီး ရောင်းချခြင်းသည် အိမ်ခြံမြေဈေးကွက်ဆိုသည်မှာ ဈေးကွက်စီးပွားရေးစနစ်တွင် တချို့နေရာများ၌ ရင်းနှီးမြှုပ်နှံမှုများအဖြစ်သုံးသည်များရှိကြောင်း၊ တချို့သည် ဈေးနှုန်းအတက်အကျပေါ်မူတည်ပြီး မြေကွက်များဈေးကစားခြင်းသည် ဈေးကွက်စီးပွားရေးစနစ်၏ လုပ်ငန်းဆောင်တာတစ်ခုဖြစ်သည်ဟု ပြောလိုကြောင်း၊ ပိုင်ဆိုင်မှုတစ်ခု Accept တစ်ခုဟုပြော၍ရကြောင်း၊ Accept တစ်ခုဖြစ်သည့်အတွက် နိုင်ငံတကာ၌လည်း လုပ်ဆောင်နေသည်များရှိကြောင်း၊ တခြားနိုင်ငံများတွင်လည်း အိမ်ခြံမြေကို ပိုင်ဆိုင်မှုတစ်ခုအဖြစ် လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့် စည်းကြပ်နိုင်သည်မှာ ရောင်းဝယ်သည့်အချိန်တွင် ထိုက်သင့်သည့်အခွန်ရရှိရေး စည်းကြပ်ခြင်း၊ ငွေကြေးခဝါချမှုမဖြစ်စေရန် စည်းကြပ်နိုင်ရေးတို့ကိုသာ လုပ်ဆောင်နိုင်လိမ့်မည်ဟု ပြောလိုကြောင်း၊ အုပ်ချုပ်ရေးမှူးများနှင့်ပတ်သက်ပြီး အမှန်နစ်နာသူများရှိလျှင် ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြပါ၊ အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများ သေဆုံးခြင်းများနှင့် ပတ်သက်ပြီး နစ်စဉ် လစဉ်ထောက်ပံ့ငွေများ၊ ဆုငွေများရရှိစေရန် ဝန်ထမ်းနှင့်ပတ်သက်လာလျှင် နိုင်ငံတော်က အသိအမှတ်ပြုသည့် ဂုဏ်ပြုမှုများရရှိစေရန် မိမိတို့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ AA သည် ယခင်က အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခြင်းခံရပြီး ၂၀၂၁ ခုနှစ် မတ် ၁၁ ရက်တွင် ပြန်လည်ရုပ်သိမ်းပေးလိုက်သည့်အဖွဲ့ဖြစ်ကြောင်း၊ AA ကိစ္စနှင့်ပတ်သက်ပြီး အကြမ်းဖက်အဖွဲ့ဖြစ်၊ မဖြစ်ဆိုသည်မှာ ၎င်းတို့၏ လုပ်ရပ်အပေါ် ဆက်လက်ပြီး မူတည်သွားမည်ဟု ပြောလိုကြောင်း ဖြေကြားသည်။

**မိသားစုများဘဝ တိုးတက်ပြောင်းလဲလာရန် လုပ်ဆောင်ပေးမည်**

**Cohesion News Agency မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး** က ရုရှားနိုင်ငံမှ ပြန်လာချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဗိုလ်ချုပ်တို့အနေဖြင့် မိမိတို့တပ်မတော်သားများ၏ဘဝ တိုးတက်မြင့်မားလာရန် မည်သည့်အရာများ လုပ်ဆောင်သင့်ကြောင်း၊ မည်သို့မည်ပုံ ပံ့ပိုးသင့်ကြောင်း၊ ယခုလိုအပ်ချက်များကို ဗိုလ်ချုပ်တို့အနေဖြင့် ထင်ထင်ရှားရှား သိမြင်ပြီးဖြစ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့်တကွ ၎င်းတို့၏ မိသားစုများဘဝ တိုးတက်ပြောင်းလဲလာရန် မည်သို့မည်ပုံ လုပ်ဆောင်ပေးမည်ကို သိလိုကြောင်း၊ တပ်မတော်သားများအနေပျော်မှ တိုင်းပြည် လုံခြုံမည်ဖြစ်ကြောင်း၊ တိုင်းပြည်လုံခြုံမှနောက်တန်းက ပြည်သူလူထုများ၏ *စာမျက်နှာ ၁၈ သို့*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၀ | ၂၁၁၅ | ၂၁၁၀ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၅ | ၂၂၁၀ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၉၄၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၃၀ |
| HSD (500 ppm) | ၂၅၄၀ | ၂၅၉၀ | ၂၅၈၅ | ၂၅၅၀ | ၂၅၈၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၀ | ၂၅၉၀ | ၂၆၂၅ | ၂၆၂၅ | ၂၆၂၅ | ၂၈၄၅ | ၃၆၂၀ |
| HSD (50 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၅၅ |
| HSD (10 ppm) | ၂၆၂၅ | ၂၆၇၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၇၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၇၇၅ | ၂၇၇၀ | ၂၆၆၅ | ၂၆၇၅ | ၂၇၁၀ | ၂၇၁၀ | ၂၇၁၀ | ၂၉၃၀ | ၃၆၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၇ | ၂၀၄၀ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၄၃၂ | ၂၅၁၀ |
| HSD (50 ppm) | ၂၅၁၁ | ၂၅၉၁ |
| HSD (10 ppm) | ၂၅၁၁ | ၂၅၉၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

---

*စာမျက်နှာ ၁၇ မှ*

ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ မိမိရှေ့မှ မီဒီယာများ တင်ပြသွားသကဲ့သို့ လစာများတိုးခြင်းဖြင့် စီးပွားရေးများ အဆင်ပြေစေရန်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏လခများကို ဗိုလ်ချုပ်တို့ သိမြင်ပြီးဖြစ်ကြောင်း၊ တပ်မတော်သားများနှင့်တကွ ပြည်သူ့ရဲများလည်းပါကြောင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် ရှေ့တန်းတွင် စွမ်းစွမ်းတမံဆောင်ရွက်နေသည့် တပ်မတော်သားများ၏ဘဝနှင့် ၎င်းတို့၏ မိသားစုများတိုးတက်ရန် ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း၊ ရုရှားက အပြန် တပ်မတော်သားများ၏ဘဝကို ဗိုလ်ချုပ်တို့ ပိုမိုသိမြင်လာမည်ဟု ထင်မြင်ကြောင်း မေးမြန်းသည်။

**ပညာသင်စရိတ်**

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က ပထမဦးဆုံး မိမိမေးခွန်းပြန်ထုတ်လိုသည်မှာ မြန်မာနိုင်ငံတွင် ယခင်ကတည်းက ပညာသင်ကြားသည့်အချိန်တွင် မည်သည့်အဖွဲ့အစည်းသည် မိမိတို့၏ သားသမီးများအပေါ် နံပါတ်တစ် ပညာသင်စရိတ်အားလုံး ထောက်ပံ့သည့်အဖွဲ့အစည်းမျိုး သတင်းထောက်ကြီးအနေဖြင့် တွေ့ဖူးပါသလား၊ နံပါတ်နှစ် အဖွဲ့အစည်းတစ်ခုလုံးက ထောက်ပံ့သည်မဟုတ်ကြောင်း၊ တပ်ရင်းတပ်ဖွဲ့အလိုက် ပညာသင်စရိတ်သာမက ကျောင်းဝတ်စုံ အထက်၊ အောက်၊ ကျောင်းသွားလျှင် ကျောင်းကား၊ ယခင်ကတည်းက ပြဋ္ဌာန်းစာအုပ်အခမဲ့၊ ဗလာစာအုပ်အခမဲ့ပေးသည့် အဖွဲ့အစည်းမျိုး သတင်းထောက်ကြီး တွေ့ဖူးပါသလား၊ အခြေခံအဆင့်သာ မိမိပြောခြင်းဖြစ်ကြောင်း၊ နံပါတ်သုံး တပ်မတော်သားများနှင့်ပတ်သက်ပြီး သက်စွန့်ဆံဖျားပေးသည့်အဖွဲ့အစည်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါဝင်ကြောင်း၊ စရိတ်မျိုးစုံပေးသည့် အဖွဲ့အစည်းမျိုး သတင်းထောက်ကြီး မြင်ဖူးပါသလား၊ နံပါတ်လေးအနေနှင့် တပ်မတော်သို့ စဝင်လာသည့်အချိန်မှစ၍ သေဆုံးသည်အထိ သင်္ဂြိုဟ်စရိတ်ပေးသည့် အဖွဲ့အစည်း သတင်းထောက်ကြီး တွေ့ဖူးသလားဟု မေးလိုကြောင်း၊ ယခုအချိန် ရုရှားကပြန်လာပြီးမှ မိမိတို့အနေဖြင့် ထပြီးလုပ်စရာအကြောင်းမရှိကြောင်း၊ တပ်မတော်အနေဖြင့် ယခင်တည်းကတိုင် အခြေခံပြီးလုပ်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကြောင်း။

> **❝ ပညာရေးဝန်ထမ်းများကို ရည်မှန်းပြီး အိမ်ငှားစရိတ်များပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏တတ်နိုင်သည့် စီးပွားရေးအခြေအနေအရ အားလုံးကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်စေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်စေ အားလုံးသည် နိုင်ငံတော်၏ ပြည်သူပြည်သားများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေအရ တတ်နိုင်သရွေ့အကျိုးဆောင်ပြီး လုပ်ဆောင်ပေးသွားမည် ❞**

မြန်မာနိုင်ငံ၏ တပ်မတော်သားများသည် ပြည့်စုံလုံလောက်ပြီး ချမ်းသာနေသည်ဟု ပြောခြင်းမဟုတ်ကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် တပ်မတော်သားများသာမက အခြားသောဝန်ထမ်းများကိုလည်းပေးရကြောင်း၊ မိမိတို့တပ်မတော်သားများသာလျှင် နိုင်ငံတော်တာဝန်ထမ်းဆောင်နေရခြင်း မဟုတ်ကြောင်း၊ မိမိတို့သည်သာ နိုင်ငံတော်ကို ချစ်နေခြင်း မဟုတ်ကြောင်း၊ ကျန်သည့် ဝန်ထမ်းများလည်း နိုင်ငံတော်ကိုချစ်ကြောင်း၊ ကျန်သည့် ဝန်ထမ်းမှမဟုတ် မည်သည့်ဝန်ထမ်းမှမလုပ်သည့် ပြည်သူများတွင်လည်း နိုင်ငံတော်ကို ချစ်သည်များရှိကြောင်း၊ သတင်းထောက်ကြီးတို့ Media များထဲတွင် မည်သူမျှ နိုင်ငံ့ဝန်ထမ်းလုပ်ခဲ့ဖူးသူများ မဟုတ်ကြောင်း၊ Media များထဲ၌ မိမိတို့ထက် တိုင်းပြည်ကိုချစ်နေသည့် Media များရှိကြောင်း၊ အမုန်းခံအဆဲခံရပြီး သတ်မည်ဖြတ်မည်ခြိမ်းခြောက်ခြင်းခံနေရသော်လည်း တိုင်းပြည်အတွက်၊ နိုင်ငံအတွက် လုပ်နေသည့်သူများလည်းရှိကြောင်း၊ တပ်မတော်သားများ သက်စွန့်ဆံဖျားလုပ်ရသည်မှာ မှန်ပါကြောင်း၊ တပ်မတော်နှင့် ပြည်သူကြားထဲတွင် တပ်မတော်သားများသည် ပြည်သူထက် ခေါင်းတစ်လုံးမြင့်သည်ဆိုသည့် အတွေးအခေါ်မျိုး မရောက်စေချင်ကြောင်း၊ ပို၍သွေးကွဲပါကြောင်း၊ တပ်မတော်သားများသည် အားလုံးထက်ပိုပြီး အနစ်နာခံသည်ဆိုသည့် အတွေးအခေါ်မျိုး မရောက်စေချင်ကြောင်း၊ သွေးကွဲစေပြီး အားလုံးသည် တန်းတူဖြစ်ပါကြောင်း၊ တန်းတူထဲမှာမှ ပို၍ အနစ်နာခံခဲ့သည်ဆိုသည့် စိတ်ဓာတ်မျိုးရှိလျှင် ရပါကြောင်း၊ အားလုံးထက် မြင့်မြတ်သည်ဆိုသည့် စိတ်ဓာတ်၏သည် သွေးကွဲစေကြောင်း။

**ပညာရေးဝန်ထမ်းများကို အိမ်ငှားစရိတ်များပေး**

မိမိတို့အနေဖြင့် ယခုအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ခံစားခွင့် (၂၄) ခုကို ယခင်သတင်းစာရှင်းလင်းပွဲ၌ ပြောခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်လည်း နှစ်ပတ်လည်မိန့်ခွန်းထဲတွင် ပြောခဲ့ကြောင်း၊ ပညာရေးဝန်ထမ်းများကို ရည်မှန်းပြီး အိမ်ငှားစရိတ်များပေးခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ တတ်နိုင်သည့် စီးပွားရေးအခြေအနေအရ အားလုံးကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ တပ်မတော်သားများဖြစ်စေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များဖြစ်စေ အားလုံးသည် နိုင်ငံတော်၏ ပြည်သူပြည်သားများဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေအရ တတ်နိုင်သရွေ့အကျိုးဆောင်ပြီး လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Cohesion News Agency မှ သတင်းထောက် ဒေါ်ဆွေဇင်ဦး** က တပ်မတော်သား ခေါင်းတစ်လုံးပိုမြင့်သည်ဆိုသည့် စကားသည် အပြင်ဝန်ထမ်းများတွင် အိမ်ထောင်ဦးစီးသည် ဌာနဆိုင်ရာတစ်ခုခုတွင် အလုပ်လုပ်နေသည်ဆိုပါက ကျန်သည့်မိသားစုသည် တခြားသောအလုပ်ကိုလုပ်၍ရကြောင်း၊ တပ်မတော်သား၏ မိသားစုသည် တပ်မတော်သားနှင့်အတူ တပ်မတော်အတွက် တာဝန်ထမ်းဆောင်သကဲ့သို့ အတူတူလုပ်နေရကြောင်း၊ ထို့ကြောင့် တပ်မတော်သားများသည် ခေါင်းတစ်လုံးပိုမြင့်သည်ဟုဆိုခြင်းသည် မြင့်သင့်ပါကြောင်း ပြောကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က တပ်မတော်သားမိသားစုဝင်များထဲတွင် လုံခြုံရေးနှင့်ပတ်သက်၍ ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်ရင်းတပ်ဖွဲ့အသီးသီးတွင် ရဲဘော်ရဲမေများအားလုံး ရှုပ်ရှုပ်ချွံချွံဆောင်ရွက်ခဲ့ကြကြောင်း၊ လိုအပ်ပါက လက်နက်ကိုင်၍ လုပ်ဆောင်ရကြောင်း၊ ပြောရလျှင် သတင်းထောက်ကြီးထက် မိမိတို့၏သွေးသားများဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ခံစားခွင့်များရှိကြောင်း၊ ပြည့်စုံလုံလောက်ခြင်းမရှိသေးပါကြောင်း၊ မိမိတို့အနေဖြင့် ယင်းကိစ္စများအတွက် ကြိုးစားဆောင်ရွက်နေကြောင်း၊ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင်ရှိနေသည့် ပြည်သူလူထု၊ တစ်နိုင်ငံလုံးတွင် ရှိနေသည့်ဝန်ထမ်းများ၊ တစ်နိုင်ငံလုံး၌ရှိနေသည့် လုံခြုံရေးအဖွဲ့များအတွက် အစိုးရအနေဖြင့် အားလုံးကို ခြုံငုံစဉ်းစားရကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*




**ယနေ့ ကမ္ဘာတွင်** ပိုမိုဆိုးရွားလာသည့် ရာသီဥတုပြောင်းလဲမှုအခြေအနေများကို တွေ့မြင်ကြားသိနေရပြီး အဆိုပါအကျိုးဆက်များကြောင့် မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များဖြစ်ကြသည့် မုန်တိုင်းတိုက်ခတ်မှုများ၊ ရေကြီးရေလျှံမှုများ၊ အပူလှိုင်းနှင့် မိုးခေါင်ရေရှားခြင်း စသည့်သဘာဝဘေးအန္တရာယ်များသည် ယခင်နှင့်မတူ နေရာဒေသပြောင်းလဲမှုများ၊ ပြင်းအားပိုမို ကြီးမားလာမှုနှင့်အရေအတွက်ပိုမို များပြားလာမှုများ ဖြစ်ပေါ်နေသည်ကို သတိပြုမိကြမည်ဖြစ်သည်။

*သီဟစည်သူ*

# ကျန်းမာသော သစ်တောများ ဖန်တီးခြင်းဖြင့် ကျန်းမာသော ဂေဟစနစ်ကို ပြန်လည်ထူထောင်



ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့်သဘာဝဘေးများတွင် ကြုံတင်ပြင်ဆင်ရင်ဆိုင်ရနိုင်သည့် မုန်တိုင်းနှင့် ရေကြီးခြင်း၊ မျှော်လင့်မထားနိုင်သည့်အခြေအနေမျိုးနှင့် ရုတ်တရက်ကြုံတွေ့ရသည့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းတို့နှင့် ဆက်စပ်ဖြစ်ပေါ်သည့် တောင်ပြို၊ မြေပြိုခြင်းများအပြင် သတိမမူမိဘဲ တဖြည်းဖြည်းချင်းဖြစ်ပေါ်နေတတ်သည့် မိုးခေါင်ရေရှားခြင်း ဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်နေကြရသည်။

## ရေရှည်မျှော်မှန်းဖြေရှင်းဆောင်ရွက်

အဆိုပါဖြစ်စဉ်များကြောင့် လူ့အသက်ဆုံးရှုံးမှုများ၊ လမ်းတံတား၊ အဆောက်အအုံ၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး စသည့်ကဏ္ဍများတွင် တိုက်ရိုက်ဆုံးရှုံးမှုများရှိခဲ့သည်ကို ဖြေရှင်းဆောင်ရွက်နေရသည်။ မိုးများခြင်းနှင့် ရေကြီးခြင်းများကြောင့် စိုက်ခင်းများ ပျက်စီးရာမှလည်းကောင်း၊ ပူပြင်းခြောက်သွေ့မှု၊ စိုက်ပျိုးရေ မလုံလောက်မှုတို့ကြောင့် စိုက်ပျိုးသီးနှံများပျက်စီးခြင်း၊ ထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းတို့ကြောင့်လည်းကောင်း စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အခြေအနေများကို ရေရှည်မျှော်မှန်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုးများခြင်း၊ ရေကြီးခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို ထိခိုက်စေနိုင်ပြီး စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အကြောင်းရင်းများဖြစ်ပေါ်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အဓိကအားထားရသည့် စိုက်ပျိုးရေးကဏ္ဍ ထိခိုက်ပျက်စီးပါက ဆုံးရှုံးမှုများနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပြီး အဆိုပါအခြေအနေများအပေါ် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများတွင်ဖြစ်ပေါ်ပြောင်းလဲနေသည့်အခြေအနေများကို စောင့်ကြည့်လေ့လာပြီး မိမိတို့နိုင်ငံတွင်လည်း ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် သတိပြုလုပ်ဆောင်ကြရတော့မည်ဖြစ်သည်။

## ကိန်းဂဏန်းအချက်အလက်များအရ သိရ

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အတွင်း မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် မိုးခေါင်ရေရှားမှုကြောင့် လူပေါင်း ၆၆ သန်းကျော် ထိခိုက်ခံစားခဲ့ရသည်။ ယင်းပမာဏသည် အရှေ့တောင်အာရှဒေသရှိ သဘာဝဘေးသင့်လူဦးရေ၏ ၁၇ ရာခိုင်နှုန်းရှိပြီး အလားတူ မုန်တိုင်းကြောင့် ထိခိုက်ခံစားရမှုနှုန်းမှာ ၄၄ ရာခိုင်နှုန်းနှင့် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ခံရမှုနှုန်းမှာလည်း ၃၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ကုလသမဂ္ဂ အာရှ - ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) ၏ ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

မိုးခေါင်ခြင်းသည် စိုက်ပျိုးရေးကို မှီခိုနေရသော နိုင်ငံများအပေါ် အကြီးမားဆုံး သက်ရောက်လျက်ရှိရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးတွင် စိုက်ပျိုးရေးမှ ရရှိသည့်ဝင်ငွေသည် ဂျီဒီပီတန်ဖိုး၏ ၁၁ ရာခိုင်နှုန်းခန့်ရှိပြီး ကမ္ဘောဒီးယားနှင့် မြန်မာကဲ့သို့သောနိုင်ငံများတွင် နိုင်ငံများ၏ ဂျီဒီပီ ၂၅ ရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကြောင့်ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်ကြောင့် ကမ္ဘာပေါ်တွင် ထိခိုက်မှု အရှိဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး လာမည့်နှစ်များအတွင်း ဘေးအန္တရာယ်အသစ်များအတွက် အထိခိုက်နိုင်ဆုံးနိုင်ငံများထဲတွင် ပါဝင်ပါသည်။ အသက်၊ အသက်မွေးဝမ်းကျောင်းနှင့် ပစ္စည်းဥစ္စာများ သိသိသာသာဆုံးရှုံးခြင်းအပြင် သဘာဝဘေးအန္တရာယ်များကြောင့် မြန်မာနိုင်ငံ၏ တစ်နှစ်တာ ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိ ကုန်ကျနိုင်သည်ဟု ခန့်မှန်းရပြီး ရေရှည်အကျိုးသက်ရောက်မှုများမှာ ပိုမိုကြီးမားလာနိုင်ကြောင်း မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှု ယူနစ် (MIMU)၏ အချက်အလက်များအရ သိရသည်။

ပြောင်းလဲလာသော ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုသည် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ၏ အကြိမ်ရေနှင့် ပြင်းထန်မှုအပေါ် လွှမ်းမိုးလျက်ရှိပြီး ရေကြီးရေလျှံခြင်း၊ မုန်တိုင်းနှင့် မိုးခေါင်ခြင်းတို့သည် မကြာခဏ ပိုမိုပြင်းထန်လာမည်ဟု ခန့်မှန်းထားသည်။ အထူးသဖြင့် ဒီရေတောများနှင့် သစ်တောများ ကဲ့သို့သော သဘာဝဂေဟစနစ်များ ဆုံးရှုံးခြင်း၊ နှစ်စဉ်ပျမ်းမျှ အပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှု ပိုမိုပြင်းထန်ခြင်းသည် မြန်မာနိုင်ငံ လူဦးရေ အများအပြားအပေါ် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုကို တိုးမြင့်လာစေသည့် အကြောင်းရင်းများ ဖြစ်ကြောင်းသိရသည်။


## သစ်တောများ၏ အခန်းကဏ္ဍသည် အရေးကြီး

ထို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ သစ်တောတစ်ဟက်တာသည် ကာဗွန်ပမာဏ ၅၃ ဒသမ ၂ မက်ထရစ်တန်ခန့် သိုလှောင်ထိန်းသိမ်းထားနိုင်ပြီး ကမ္ဘာ့သစ်တောများသည် ကာဗွန်မက်ထရစ်တန် သန်းပေါင်း နှစ်သိန်းကျော် သိုလှောင်ထားနိုင်ပြီး တစ်နှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်မက်ထရစ်တန် ၁၆ ဒသမ ၂ သန်းကျော် စုပ်ယူပေးလျက်ရှိကြောင်း သုတေသနတွေ့ရှိချက်များအရ လေ့လာသိရှိရသည်။

ထို့ကြောင့် "နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုလျှော့ချရေး၊ သဘာဝဘေးကာကွယ်ရေး စသည့်ကိစ္စရပ်များအတွက် အလွန်အရေးပါသည့် နိုင်ငံနှင့် အဝန်းသစ်ပင်သစ်တောများ ဖုံးလွှမ်းစိမ်းစိုသာယာရေးကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ပံ့ပိုးပေးပြီး လူမှုစီးပွားဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိသည့် နိုင်ငံ့သစ်တောသယံဇာတများကို ရှေးလူကြီးသူမများ ဆုံးမဆိုရိုးထားရှိသည့် "ဥတုရာသီတောကိုမှီ၊ တောတောင်ရှိမှ စမ်းရေရ၊ တောတောင်ပျက်ပြုန်းမြေဆီသုဉ်း၊ တောတောင်ခြောက်ခန်း လယ်ယာနွမ်း" ဟူသည့် စကားနှင့်အညီ သစ်တောသစ်ပင်များနှင့်ဂေဟစနစ်ကို မပျက်စီးအောင် ထိန်းသိမ်းကာကွယ်ပေးကြရမည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးခြင်းဆိုင်ရာ နောက်ဆက်တွဲ ဆိုးကျိုးများကို အလေးထားဂရုပြုပြီး နိုင်ငံ၏ ကြွယ်ဝသည့် သစ်တောသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်တည်တံ့ပြီး နိုင်ငံဖွံ့ဖြိုးရေးအတွက် စနစ်တကျ အကျိုးရှိရှိအသုံးပြုနိုင်အောင် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်ပြုစုထူထောင်သွားကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ် ၁၁ ရက်က ကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သည်။

## သစ်တောများ ပြန်လည်တည်ထောင်ရေးဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတစ်ဝန်း ၂၀၂၂ နှစ် မိုးရာသီတွင် သစ်ပင် ၃၀ ဒသမ ၅၇သန်း စိုက်ပျိုးတည်ထောင်သွားရန် ရည်မှန်းထားပြီး လက်ရှိအချိန်ထိ နိုင်ငံတစ်ဝန်း သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပ၍ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် သစ်တောများ ပြန်လည်တည်ထောင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သစ်တောများ ပြန်လည်ဖွံ့ဖြိုးမှု၊ ဂေဟစနစ်များ ပြန်လည်ဖွံ့ဖြိုးမှုနှင့်အတူ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်နိုင်မည့် လူမှုဘဝရှင်သန်ရပ်တည်မှုကို ရရှိမည်ဖြစ်သည့်အတွက် "ကျန်းမာသော သစ်တောများရှိမှသာ ကျန်းမာသောဂေဟစနစ်" ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။


ဤလေ့လာဆန်းစစ်မှုအကျဉ်းချုပ်သည် ရာသီဥတု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်များအရ ပြောင်းလဲနေသည့် မြန်မာ့ သဘာဝ အခြေအနေကို အထူးအာရုံစိုက်ထားပြီး လတ်တလော သုတေသနပြုချက် များအပေါ် သုံးသပ်ချက်များ ၊ ဘေးအန္တရာယ်ဆိုင်ရာ မော်ဒယ် နှင့် ရရှိနိုင်သော အချက်အလက်များ ကို အခြေခံ၍ လုပ်ဆောင်ထားခြင်းဖြစ်သည်။ ၎င်းတွင် သဘာဝဘေးအန္တရာယ်နှင့် ထိတွေ့နိုင်ခြေရှိသော ပြောင်းလဲလာသော ဒေသများနှင့် လူဦးရေများကို လေ့လာဆန်းစစ် ထား သည်။


**အကျဉ်းချုပ်**

- မြန်မာနိုင်ငံသည် သဘာဝဘေးဒဏ်ကြောင့် ကမ္ဘာပေါ်တွင်ထိခိုက်မှုအရှိဆုံး နိုင်ငံများထဲမှ တစ် နိုင်ငံဖြစ်ပြီး လာမည့်နှစ်များအတွင်း ဘေးအန္တရာယ်အသစ်များအတွက် အထိခိုက်နိုင်ဆုံးနိုင်ငံများထဲတွင် ပါဝင်ပါသည်။ အသက်၊ အသက်မွေးဝမ်းကျောင်းနှင့် ပစ္စည်းဥစ္စာများ သိသိသာသာ ဆုံးရှုံးခြင်းအပြင် သဘာဝဘေးအန္တရာယ်များ ကြောင့် မြန်မာနိုင်ငံ၏ တစ်နှစ်တာ GDP ၏ ၃ ရာခိုင်နှုန်းအထိ ကုန်ကျနိုင် သည်ဟု ခန့်မှန်းရပြီး ရေရှည်အကျိုးသက်ရောက်မှုများမှာ ပိုမိုကြီးမားလာနိုင်သည်။
- ပြောင်းလဲလာသော ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုသည် မြန်မာနိုင်ငံတွင် သဘာဝဘေး အန္တရာယ်များ၏ အကြိမ်ရေနှင့် ပြင်းထန်မှုအပေါ် လွှမ်းမိုးလျက်ရှိပြီး ရေကြီးရေလျှံခြင်း၊ မုန်တိုင်းနှင့် မိုးခေါင်ခြင်းတို့သည် မကြာခဏ ပိုမိုပြင်းထန်လာမည်ဟု ခန့်မှန်းထားသည်။ ဒီရေတော များနှင့် သစ်တောများ ကဲ့သို့သော သဘာဝ ဂေဟစနစ်များ ဆုံးရှုံးခြင်း၊ နှစ်စဉ် ပျမ်းမျှ အပူချိန် မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှု ပိုမိုပြင်းထန်ခြင်းသည် မြန်မာနိုင်ငံ လူဦးရေ အများအပြားအပေါ် သဘာဝ ဘေးအန္တရာယ်များ၏ သက်ရောက်မှုကို တိုးမြင့်လာစေသည့် အကြောင်းရင်းများ ဖြစ်သည်။
- ပြင်းထန်သော ရာသီဥတု ဖြစ်ရပ်များသည် ၎င်းတို့ကိုယ်တိုင် ဘေးအန္တရာယ်များ ဖြစ်လာမည်မဟုတ်ဘဲ သက်ရောက်မှု အနေအထား ကို ဘေးဒဏ်ခံရသော ရပ်ရွာအသိုင်းအဝိုင်း၏ ထိခိုက်လွယ်မှုက လွှမ်းမိုးထား ပါသည်။ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု နည်းပါးပြီး လူဦးရေ ထူထပ်သော ခရိုင်များကို အဓိက ထိခိုက်လွယ်သည့် နေရာများအဖြစ် တွေ့ရှိရသည်။ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ လူနေထူထပ်သော ကမ်းရိုးတန်း ဒေသများသည် အခြားဒေသများထက် ပျက်ဆီးမှုကြီးမားသော အဖြစ်အပျက်မျိုးစုံ၏ အန္တရာယ် ကျရောက်နိုင်သည်ဟု တွေ့ရှိရသည်။
- မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေး အန္တရာယ်လျှော့ချရေးတို့ကို ရည်ရွယ်သည့် လုပ်ရှားမှုများသည် လက်ရှိသဘာဝဘေး အန္တရာယ်များအပြင် ခန့်မှန်းထားသည့် သဘာဝဘေး အန္တရာယ်များကိုလည်း ဂရုတစိုက် ထည့်သွင်းစဉ်းစားသင့်သည်။ လူမှုအသိုက် အဝန်းများအတွက် သဘာဝဘေး အန္တရာယ်အပေါ် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၏ အကျိုးသက်ရောက်မှုများကို လျှော့ချနိုင်သည့် ထိရောက်သောချဉ်းကပ်မှုများ ဖော်ဆောင်ရန်အတွက် နောက်ထပ် သုတေသနနှင့် အချက်အလက်စုဆောင်းမှု လိုအပ်ပါသည်။ ထိခိုက်လွယ်မှုကို မှုဝေနားလည်နိုင်ရေးနှင့် ၎င်းကို မည်သို့ အကောင်းဆုံးတိုင်းတာနိုင်ရေးတို့ကို ဖန်တီးရန်အတွက် နောက်ထပ်များစွာ လုပ်ဆောင်နိုင်ပါသေးသည်။

> **သစ်တောများ ပြန်လည်ဖွံ့ဖြိုးမှု၊ ဂေဟစနစ်များ ပြန်လည်ဖွံ့ဖြိုးမှုနှင့်အတူ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်နိုင်မည့် လူမှုဘဝရှင်သန်ရပ်တည်မှုကို ရရှိမည်ဖြစ်သည့်အတွက် "ကျန်းမာသော သစ်တောများရှိမှသာ ကျန်းမာသောဂေဟစနစ်" ကို ပိုင်ဆိုင်နိုင်မည်ဖြစ်**

# ရွှေသမင်နှင့် ကြယ်လိပ်များ ကာကွယ်ရေး

## ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော......



သိန်းညွန့် PZL

မြန်မာ့ရွှေသမင်များ ကျက်စားရာဒေသများ ကာကွယ်ရေး၊ မုန်းနှင့် မန်းချောင်းတို့၏ ရေဖမ်းတောများ ထိန်းသိမ်းရေး၊ သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်ရည်ရွယ်ကာ "ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"ကို သစ်တောဦးစီးဌာနက ၁၉၄၀ ပြည့်နှစ်ကတည်းက ဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်။

**မြန်မာ့ရွှေသမင်" နှင့် "မြန်မာ့ကြယ်လိပ်" သတ္တဝါနှစ်မျိုးကို အဓိက ထိန်းသိမ်း**

ထို့ပြင် မင်းဘူးခရိုင် လေးမြို့နယ်အတွင်း ဖြန့်ကြက်တည်ရှိနေသော ယင်းဘေးမဲ့တောကို သဘာဝအခြေခံခရီးသွားလုပ်ငန်းရှုထောင့်မှ ရှုမြင်ကာ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက်ပါ ရည်ရွယ်ရင်းရှိခဲ့ပြီး တစ်ပြိုင်တည်း၌ ပြည်သူများအတွင်း ထိန်းသိမ်းစောင့်ရှောက်ရေး အသိအမြင်များ နိုးကြားလာစေရန်အတွက်ပါ မျှော်မှန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။ အထူးသဖြင့် မျိုးသုဉ်းပျောက်ကွယ်မည့် ဘေးနှင့်ကြုံတွေ့ရင်ဆိုင်နေကြရသော "မြန်မာ့ရွှေသမင်" နှင့် "မြန်မာ့ကြယ်လိပ်" သတ္တဝါနှစ်မျိုးကို အဓိက ထိန်းသိမ်းကာကွယ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း သိမှတ်ရပါ၏။ ဤဘေးမဲ့တော၏ ပတ်ဝန်းကျင်ကို ရှုကြည့်လိုက်မည်ဆိုပါက အနောက်ဘက်တစ်လွှား၌ တောင်ကုန်းများ ထူထပ်စွာ တွေ့မြင်နိုင်ပြီး အရှေ့ဘက်ခြမ်းတွင်မူ တောင်ကုန်းငယ်များနှင့် လွင်ပြင်များ တည်ရှိနေပေသည်။ ပွင့်ဖြူ၊ မင်းဘူး၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်တို့ကို လွှမ်းခြုံထားသော ဘေးမဲ့တောသည် စတင်ဖွဲ့စည်းစဉ်က ၁၃၆၅၇၆ ဧက ရှိခဲ့ပြီး လက်ရှိအချိန်တွင် ၁၁၄၆၇၈ ဧကကျော် ကျယ်ပြောနေပါပြီ။ ချောင်းငယ်များ ပေါများသော ဒေသဖြစ်ကာ နာမည်ကျော် မန်းချောင်းနှင့် မုန်းချောင်းအတွင်း စီးဆင်းနေသောရပ်ဝန်းဒေသတစ်ခုလည်း ဖြစ်ပါ၏။ ဤဘေးမဲ့တော အတွင်းနို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေ၊ ရေနေ နှင့် တွားသွားသတ္တဝါပေါင်း ၄၃ မျိုး၊ ငှက်မျိုးစိတ် ၁၄၆ မျိုးတို့သာမက လိပ်ပြာနှင့် ရေချိုငါးမျိုးစိတ်များပါ တွေ့ရှိရကြောင်း ကွင်းဆင်း မှတ်တမ်းပြုချက်များအရ သိရှိရပါသည်။

**ဗုဒ္ဓ၏ ခြေတော်ရာနှစ်ဆူအား ဖူးမြော်နိုင်**


သမိုင်းဝင် ရွှေစက်တော်ဘုရားတွင် ဗုဒ္ဓ၏ ခြေတော်ရာနှစ်ဆူအား ဖူးမြော်နိုင်သကဲ့သို့ ဘုရားပွဲတော်ကာလအတွင်း ယာယီတည်းခိုဆောင်များ၊ တောတွင်းကင်းစခန်းများနှင့် ဧည့်ရိပ်သာများကိုပါ ဖွဲ့စည်းထားပေရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် "မြန်မာ့ရွှေသမင်" များ နေထိုင်ကျက်စားမှု၊ ကြယ်လိပ်မွေးမြူရေးစခန်းများကပါ ဧည့်သည်တော်များအား ဆွဲဆောင်နိုင်ပါ၏။ မြို့တော်ရန်ကုန်မှသည် ရန်ကုန်-ပြည်- မကွေး- မင်းဘူးမှတစ်ဆင့် ရွှေစက်တော် ဘေးမဲ့တောရုံးသို့တိုင် ၃၅၆ မိုင်ကွာဝေးပြီး နေပြည်တော်မှ မော်တော်ကားခရီးဖြင့် မကွေး၊ မင်းဘူး၊ ရွှေစက်တော် ခရီးအတွက်မူ မိုင် ၁၈၀ သာ ကွာဝေးကြောင်း သိမှတ်ရပေသည်။

ဒေသရင်းမျိုးစိတ် ရွှေသမင်နှင့် ကြယ်လိပ်များ၏ ဂေဟဗေဒစနစ်နှင့် ဇီဝဗေဒများဆိုင်ရာ သုတေသနပြုနိုင်ကြပြီး နဖားကြူး၊ ချိုးလင်းပြာ၊ ဘီလုံးငှက်မျိုးစိတ်များ နေထိုင်ကျက်စားမှု အနေအထားများကိုလည်း ဘေးမဲ့တောအတွင်း လေ့လာစေ့ငုနိုင်ကြမည် ဖြစ်ပါ၏။

**အရိပ်အာဝါသနယ်မြေအဖြစ် တောက်ပဝင့်ကြွားစွာဖြင့် တည်ရှိနေ**

အချုပ်ဆိုရပါသော် သဘာဝတောတောင်များဖြင့် ထုဆစ်ခြယ်မှုန်းကာ မြန်မာ့ရွှေသမင်၊ ကြယ်လိပ်သတ္တဝါတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရာ ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် "ရွှေစက်တော်ဘုရား"၏ အေးချမ်းလှသော အရိပ်အာဝါသနယ်မြေအဖြစ် တောက်ပဝင့်ကြွားစွာဖြင့်တည်ရှိနေပါကြောင်း သတင်းစကား ပါးလိုက်ရပါသတည်း။ ။

- ⁜ ဤဘေးမဲ့တောအတွင်း နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေ၊ ရေနေနှင့်တွားသွားသတ္တဝါပေါင်း ၄၃ မျိုး၊ ငှက်မျိုးစိတ် ၁၄၆ မျိုးတို့သာမက လိပ်ပြာနှင့် ရေချိုငါးမျိုးစိတ်များပါ တွေ့ရှိရကြောင်း ကွင်းဆင်း မှတ်တမ်းပြုချက်များအရ သိရှိရပါသည်
- ⁜ သမိုင်းဝင်ရွှေစက်တော်ဘုရားတွင် ဗုဒ္ဓ၏ခြေတော်ရာနှစ်ဆူအား ဖူးမြော်နိုင်သကဲ့သို့ ဘုရားပွဲတော်ကာလအတွင်း ယာယီတည်းခိုဆောင်များ၊ တောတွင်းကင်းစခန်းများနှင့် ဧည့်ရိပ်သာများကိုပါ ဖွဲ့စည်းထားပေရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းအဖြစ် "မြန်မာ့ရွှေသမင်"များ နေထိုင်ကျက်စားမှု၊ ကြယ်လိပ်မွေးမြူရေး စခန်းများကပါ ဧည့်သည်တော်များအား ဆွဲဆောင်နိုင်ပါ၏



ခြံလှောင်မွေးမြူထားသော မြန်မာ့ကြယ်လိပ်



ငှက်မင်းသားဗိုက်ဖြူ Jerdon' Minivet ( *Pericrocotusalbifrons* )



ဇွေ့ White-throated Babbler ( *Turdoides gularis* )



တရုတ်သင်းခွေချပ် Chinese Pangolin ( *Manis pentadactyla* )

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူ နှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊
(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


၁ ကျောဖုံးမှ

မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခြင်းများ ကြီးမားစွာ လုပ်ဆောင်ရန်စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူတချို့၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ကားလမ်းမကြီးတစ်လျှောက် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ကားလမ်း ၀ဲ/ယာ တစ်လျှောက် လက်လုပ်ဒေသန္တရ မိုင်းမျိုးစုံ ၁၁၂ လုံး၊ လက်လုပ်သေနတ် ၃ လက်၊ လက်လုပ်လက်ပစ်ဗုံး ၄ လုံးနှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး အများပြည်သူ အန္တရာယ်မဖြစ်ရေး သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ယခင်ကလည်း ရေဦးမြို့နှင့် ခင်ဦးမြို့သွား ကားလမ်းမကြီးတစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက် လုပ်ဆောင်ခဲ့ရာ ဇူလိုင်လမှ စက်တင်ဘာ ၂၅ ရက်အထိ ၉၃ ကြိမ် ရှိခဲ့ပြီး အပြစ်မဲ့ ပြည်သူတချို့ သေဆုံး/ဒဏ်ရာရရှိခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်တချို့လည်း အသေးစားထိခိုက်ဒဏ်ရာရရှိသူများ ရှိခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူ သွားလာ အသုံးပြုလျက်ရှိသည့် လမ်းမကြီးများပေါ်၌ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုလုပ်ရပ် ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် အဆိုပါ ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ အန္တရာယ်မဖြစ်စေရေးအတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် နယ်မြေလုံခြုံ အေးချမ်းတည်ငြိမ်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ရေဦး – ခင်ဦးသွား ကားလမ်းမကြီးနှင့် လမ်း၏ဝဲယာ မိုင်းရှင်းလင်းခြင်းဆောင်ရွက်စဉ် ဖော်ထုတ်ရရှိသည့် NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းများ ဖော်ထုတ်သိမ်းဆည်းရမိသည့် နေရာပြပုံ။





| ရည်ညွှန်းချက် | |
|---|---|
| (အနီရောင်အမှတ်အသား) | လက်လုပ်မိုင်းများ ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည့်နေရာများ |
| (အဝါရောင်အမှတ်အသား) | ကျေးရွာ/မြို့များ |



သံကိုယ်ထည်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်ဒေသန္တရ ရှေ့ထွက်ဆွဲမိုင်းများ။



၅ ဂါလန်ဆံ့ပုံးများဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်းများ။



သံကိုယ်ထည်ဖြင့်ပြုလုပ်ထားသောအမြင့် ၂ ပေ၊ အချင်း ၂ ပေခန့်ရှိ လက်လုပ်ဒေသန္တရမိုင်း။



စလစ်အိုးဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ရီမုမိုင်းနှင့် ရှေ့ထွက်ရီမုမိုင်းများ။



သံကိုယ်ထည်ဖြင့်ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ရှေ့ထွက်မိုင်းများ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး မကွေးမြို့ ကန်သာ(စီ)ရပ်ကွက်နေ ဝဏ္ဏသူသည် ၎င်းအသုံးပြုသည့် "Wunna Thu" Facebook အကောင့်၊ ရေစကြိုမြို့ (၆)ရပ်ကွက်နေ သက်ထွန်းသည် ၎င်းအသုံးပြုသည့် "Thet Htun" Facebook အကောင့်၊ မြိုင်မြို့နယ် နှောကန်ကျေးရွာနေ ခင်မာတင်(ခ) ခင်မာကြည်သည် ၎င်းအသုံးပြုသည့် "hin Mar Kyi" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းမြောက်ရပ်ကွက်နေ စိုးမိုးအောင်သည် ၎င်းအသုံးပြုသည့် "Soe Moe Aung" Facebook အကောင့်၊ တောင်ငူမြို့၊ (၁၉)ရပ်ကွက်နေ စောကဲဘလုမူးသည် ၎င်းအသုံးပြုသည့် "Saw Kalbalumu" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိ တဝန်းသိုကျောင်းတိုက်၊ စစ်ကိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ ကြာကံကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပ မြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဓမ္မဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မူလသစ်ဆိမ့်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဒီပဲယင်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ စတုဘုမ္မိကကျောင်းတိုက်နှင့် အလုံမြို့နယ်ရှိ ကွင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိဇမ္ဗူအေးစေတီ တပ်ဦးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

❊ ကျောဖုံးမှ

"ဘားမဲတောင် သဘာဝဥယျာဉ်ကို ၂၀၂၁ ခုနှစ် ဇူလိုင်လမှာ စတင်ပြီးအဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်၊ ဘားမဲတောင်ပတ်လမ်း မူလလမ်းအကျယ် ၁၆ ပေကို ၂၄ ပေကွန်ကရစ် လမ်းသားတိုးချဲ့ခြင်း၊ ရိုးရာအစားအစာဆိုင် ဆောက်လုပ်ခြင်း၊ ကျန်းမာရေးအားကစားပစ္စည်းများ တပ်ဆင်ခြင်း၊ ဘားမဲတောင်ဂိတ်(၃) ကားပါကင်ပြုလုပ်ခြင်း၊ ဒေသထွက်ပစ္စည်းဆိုင်ဆောက်လုပ်ခြင်းနဲ့ အများသုံးသန့်စင်ခန်း ဆောက်လုပ်ခြင်းလုပ်ငန်းအပါအဝင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စုစုပေါင်း ၃၁ ခု ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်"ဟု ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရဦးမြင့်သူ က ပြောသည်။

အဆိုပါဥယျာဉ်ကို ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ အပန်းဖြေရန် သစ်တောသစ်ပင်နှင့် သဘာဝဝန်းကျင်၏တန်ဖိုးနှင့် အရေးကြီးပုံများကို ပြည်သူလူထုအများစုမှ သဘောပေါက် တန်ဖိုးထားတက်စေရန်၊ ရုက္ခဗေဒပညာရှင်များ၊ ပန်းဝါသနာရှင် များ၊ သုတေသနပြုသူများအတွက် အသုံးပြုအားထားရာနေရာတစ်ခုဖြစ်ပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် အပင်နှင့် သစ်မျိုး၊ ပန်းမျိုးများ မပျောက်ပျက်စေရန်၊ ခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုရှိစေရန်နှင့် အပန်းလည်းပြေ၊ ဗဟုသုတလည်း ရစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လှာကမြင်ပန်းခြံ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ပန်းခြံကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် (၆၇)ကြိမ်မြောက် ကရင်ပြည်နယ် နေ့မတိုင်မီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွဲကပင်ပန်းခြံအတွင်း ဖွဲကပင်တောင်ပုံရိပ်ပြုလုပ်ခြင်း၊ ကလေးကစားစရာပစ္စည်းများ တပ်ဆင်ခြင်း၊ ရေတံခွန်ပြုလုပ်ခြင်းနှင့် Tea shop အရောင်းဆိုင် ဆောက်လုပ်ခြင်းအပါအဝင် တည်ဆောက်ရေးလုပ်ငန်း စုစုပေါင်း ၂၀ ကို တည်ဆောက်ပြီးစီးပြီဖြစ်၍ ၂၀၂၁ ခုနှစ် မတ် ၂၆ ရက်တွင် ဖွင့်လှစ်သည်။

အလားတူ ဦးပေါက်တံတားကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဧပြီ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်းနှင့် တံတား အကျယ် ခြောက်ပေ၊ အရှည် ပေ ၁၁၀၀ ရှိပြီး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**မင်းမင်း**

## ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် သဗ္ဗညုဘုရား ပြန်လည်ပြုပြင်နိုင်ရေး ကြိုတင်ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြ

**ညောင်ဦး စက်တင်ဘာ ၂၆**

ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် သဗ္ဗညုဘုရား ပြန်လည်ပြုပြင်နိုင်ရေး ကြိုတင်ဆောင်ရွက်မှုများ ရှင်းလင်းတင်ပြမှု အခမ်းအနားကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသန ပြတိုက်တွင် စက်တင်ဘာ ၂၅ ရက်က ကျင်းပသည်။



**ပြန်လည်ပြုပြင်ထိန်းသိမ်းရေး လက်မှတ်ရေးထိုး**

အခမ်းအနားတွင် ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်က ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ စေတီပုထိုးများအနက် ၃၉၈ ဆူ ထိခိုက်မှုရှိခဲ့ရာ သဗ္ဗညုဘုရား၏ အဆောက်အအုံ အပေါ်ပိုင်းတွင်လည်း ထိခိုက်ပျက်စီးခဲ့ပြီး အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဘုရား ၃၈၈ ဆူကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ပြုပြင်ထိန်းသိမ်းပြီးဖြစ်ခဲ့ကာ သဗ္ဗညုဘုရားကြီး ပြုပြင်ထိန်းသိမ်းရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ပူးပေါင်းဆောင်ရွက်ရန်ကမ်းလှမ်းခဲ့ပြီး နှစ်နိုင်ငံအစိုးရတို့ကြား သဗ္ဗညုဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းရေး စာချွန်လွှာကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်က သဗ္ဗညုဘုရားကြီးမှာပင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တရုတ်ပညာရှင်အဖွဲ့အနေဖြင့် ၂၀၂၀ပြည့်နှစ် စက်တင်ဘာလတွင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားခဲ့သော်လည်း ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါများဖြစ်ပွားနေစဉ်ကာလအတွင်း လာရောက်နိုင်ခြင်းမရှိဘဲ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်မှ ပြုပြင်ထိန်းသိမ်းရေးဖွင့်ပွဲ ပြုလုပ်နိုင်ခဲ့ကြောင်း ပြောသည်။

**ပျက်စီးမှု အသေးစိတ်မှတ်တမ်းကောက်ယူ**

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးက သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းရေးအတွက် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ နှစ်နိုင်ငံဆွေးနွေး သဘောတူညီချက် (MoU) ကို ၂၀၁၇ ခုနှစ် မေ ၂၅ ရက်တွင်လည်းကောင်း၊ နားလည်မှုစာချွန်လွှာ MoU ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး မိုးရာသီမတိုင်မီ အရေးပေါ်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် သဗ္ဗညုဘုရားကြီး ပျက်စီးမှုကို အသေးစိတ်မှတ်တမ်းကောက်ယူခြင်း၊ ဘုရားဝန်းကျင်ရှိ ရှေးဟောင်းအဆောက်အအုံများ လေ့လာခြင်း၊ ဘုရားအနီးပတ်ဝန်းကျင်ရှိ မြေသားငလျင်ဒဏ်ခံနိုင်မှု၊ မြေသား၏ သဲဆန်မှု၊ မြေအောက်ရေ တည်ရှိမှုစသည်တို့ကို သိရှိနိုင်ရန် Soil Test စစ်ဆေးရန်၊ Test pit ခုနစ်နေရာတူး၍ မြေသားနမူနာယူခြင်း၊ 3D Scanner ဖတ်ခြင်း၊ နံရံပန်းချီနှင့်ပတ်သက်သည့် လုပ်ငန်းများလေ့လာခြင်းကို ရှင်းလင်းပြောကြားသည်။

**နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြစ်**

ထို့နောက် သဗ္ဗညုဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းမည့် တရုတ်ပညာရှင်များက သဗ္ဗညုဘုရားကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဒေသအုပ်ချုပ်ရေးအဖွဲ့များ၏ ညွှန်ကြားချက်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ ကြီးကြပ်မှုများနှင့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆောင်ရွက်မှုအဆင့်များအလိုက် ရှင်းပြသည်။

**ယာယီ အဆောက်အအုံများသာဖြစ်**

ပြီးနောက် နိုင်ငံတော်ဩဝါဒါ ဆရာတော်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး ကော်မတီ(ဒေသခံ) ကော်မတီဝင်တစ်ဦး၊ Bagan Heritage Trust ဥက္ကဋ္ဌ၊အာနန္ဒာဘုရားဂေါပက ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်း ဥက္ကဋ္ဌတို့က သဗ္ဗညုဘုရားကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ရန်အတွက် နေရာထိုင်ခင်းဆောင်ရွက်ထားရှိမှုသည် ယာယီအဆောက်အအုံများသာဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်ဘဲ သာသနာ့အကျိုး၊ အများအကျိုးအတွက်ဖြစ်ကြောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး သဗ္ဗညုဘုရားကြီး ပြန်လည်ပြုပြင်မှုနှင့်ပတ်သက်၍ တင်ပြခဲ့ကြကြောင်း သိရသည်။

**ကိုကြေးမုံ**

## မင်းဘူးခရိုင်အတွင်း ကျေးရွာပေါင်း ၂၀၀ ကျော် အကျိုးပြုမည့် ကျေးရွာချင်းဆက်လမ်း ၂၆ လမ်းဖောက်လုပ်နေ

**မင်းဘူး စက်တင်ဘာ ၂၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက မင်းဘူးခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မင်းဘူးခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ရည်ရွယ်၍ ၂၀၂၂ -၂၀၂၃ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၀၀ ကျော်ကို အကျိုးပြုနိုင်မည့် ကျေးရွာချင်းဆက်လမ်း ၂၆ လမ်းနှင့် ကျေးရွာချင်းဆက် တံတား ၃၆ စင်းကို ခွင့်ပြုငွေကျပ် ၄၅၆၆ ဒသမ ၆၅၃ သန်း အသုံးပြုကာ ဖောက်လုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာချင်းဆက်တံတားများကို နှစ်စဉ်ဘဏ္ဍာရန်ပုံငွေများ လျာထား၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် မင်းဘူးခရိုင်အတွင်း မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာ စသည့်မြို့နယ်ငါးမြို့နယ်၌ ကျေးရွာချင်းဆက် လမ်းလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း တစ်ခု၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကိုးခု၊ ဂဝံ/မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ၁၆ ခု စုစုပေါင်းလမ်းလုပ်ငန်း ၂၆ ခု၊ လမ်းအရှည် ၄၉ မိုင် ဖောက်လုပ်ခြင်းနှင့် ကျေးရွာချင်းဆက်တံတားများဖြစ်သည့် ကွန်ကရစ်တံတား ငါးစင်း၊ ဘေလီတံတား တစ်စင်း၊ ရေကျော်တံတား လေးစင်း၊ Box Culvert ၁၉ စင်း၊ ရေမြှုပ်တံတားနှစ်စင်း စုစုပေါင်းတံတား ၃၆ စင်း တံတားအရှည် ၃၂၀၆ ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၉၁ ဒသမ ၇ သန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၆၇၄ ဒသမ ၉၅၃ သန်း စုစုပေါင်းငွေကျပ် ၄၅၆၆ ဒသမ ၆၅၃ သန်း အသုံးပြုကာ ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါစနစ်ဖြင့် ဇူလိုင်လမှစတင်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ယာယီခရိုင်တာဝန်ခံ ဒေါ်ရီအေးခိုင်ထံမှ သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းနှင့် တံတားများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၂၁၃ ရွာ၊ အိမ်ခြေ ၃၈၁၉၇ ၊ လူဦးရေ ၁၇၀၃၃၃ ဦး တို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေသွားမည်ဖြစ်ကြောင်းသိရသည်။



**သန်းလွင်(မကွေး)**

ကမ္ဘာ့ရေးရာ GLOBAL AFFAIRS အမှတ် (၁၅) (ဩဂုတ်၊ ၂၀၂၂) ထွက်ပြီ




၂၀၂၂ ဩဂုတ်လထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ် - ၁၅ တွင်

- Quad ၏ အင်ဒို - ပစိဖိတ်အစီအစဉ်ထဲတွင် ဗဟိုအာရှဒေသ မည်သို့ အံဝင်ပါသနည်း
- ကမ္ဘာ့ပါဝါအရွေ့နှင့် စစ်ပွဲပုံစံသစ်ရှုထောင့်
- စာဝါဂုက်ကလေး သေလေပြီ
- ကမ္ဘာကြီးတစ်ဖန် ဟန်ချက်ပြောင်းလဲခြင်း
- ရုရှား - ယူကရိန်းစစ်ပွဲအား စီးပွားရေးဆိုင်ရာ ရှုထောင့်က လေ့လာခြင်း
- ရုရှား - ယူကရိန်း ပဋိပက္ခနှင့် ကမ္ဘာ့စီးပွားရေးအပေါ် ရိုက်ခတ်မှုများ
- နဂါးနှင့်ဆင်မှ ရနိုင်မည့် အခွင့်အလမ်းများ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။



နန်းဝင်း ရေးသားပူဇော်သည့် (၃၈) ဖြာ မင်္ဂလာ

တပေါ့ ၈ (မြီးခြံရွှေတာခြင်း)



တေးဂီတ - ရန်ကုန်ရုဝံ

အကယ်ဒမီ နွဲ့နွဲ့စန်း၊ သော်သော်နန်းဝင်း (ရွှေနန်းသဘင်)၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ဓါတ်လင်း၊ မြတ်ရှုနှင့် သဘင်ပညာရှင်၊ အနုပညာရှင်များ ပါဝင်တင်ဆက်မှု

၁-၁၀-၂၀၂၂ (စနေနေ့)၊ ည (၉) နာရီခွဲ ခန့်

ON MRTV HD

အဆိုပါအစီအစဉ်အား ဗုဒ္ဓဟူးနေ့ ညနေ (၆) နာရီ သတင်းအပြီးတွင် ပြန်လည်ပြသပါမည်


## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

သံတွဲခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅

မြဝတီဘဏ်လီမိတက် နှင့် ဒေါ်နှင်းမြတ်ထွေး
(၎င်း၏ ကိုယ်စားဒေါ်နွေဦးခင်)

တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ် ၃နေ ဒေါ်နှင်းမြတ်ထွေး (ဘ) ဦးမြတ်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဘဏ်(၎င်း၏ ကိုယ်စား ဒေါ်နွေဦးခင်၊မန်နေဂျာ)က ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ အပ်နှံ၍ တရားပြိုင်ချေးယူထားသော ချေးငွေအတိုးအရင်းနှင့် အခြားအသုံးစရိတ်များ အပါအဝင် ၃၁-၁၂-၂၀၂၁ ရက်အထိ စုစုပေါင်း ငွေကျပ် ၂၈၄၃၅၈၅၈၆.၈၀ (ကျပ်သိန်းနှစ်ထောင့်ရှစ်ရာ လေးဆယ့်သုံးသိန်းငါးသောင်းရှစ်ထောင့်ငါးရာ ရှစ်ဆယ့်ခြောက် ကျပ်နှင့် ရှစ်ဆယ်ပြားတိတိ)အား ပြန်လည်ပေးဆပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၄ ရက် (၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ဝင်း)
ဒုတိယခရိုင်တရားသူကြီး
သံတွဲခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)

ဝါးခယ်မမြို့နယ်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄

ဒေါ်ဖြူဖြူဝင်း နှင့် ၁။ ဦးမိုးဒီ
၂။ ကိုစန်းအောင်
၃။ ဒေါ်သန်းအေး

တရားလို တရားပြိုင်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ သပြုကုန်းကျေးရွာနေ (၂) တရားပြိုင် ကိုစန်းအောင်(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဖြူဝင်းက ထိခိုက်နစ်နာမှုအတွက် လျော်ကြေးငွေကျပ် ၂၀၀၀၀၀၀ ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၉ရက် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြိုးသူရအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
ဝါးခယ်မမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)

ထားဝယ်ခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈

ဒေါ်ထွေးစိန် နှင့် ၁။ ဦးမြင့်စိုး
၂။ ဒေါ်ယုယုခိုင်

တရားလို တရားပြိုင်များ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အမှတ်-၇၀၈၊ ရွှေသစ္စာလမ်း၊ အိမ်ရှေ့ပြင်ရပ်နေ ဦးမြင့်စိုး၊ ဒေါ်ယုယုခိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်ထွေးစိန်က အကူအညီပေးထားသည့် ငွေကျပ်သိန်း (၁၅၀)နှင့် နစ်နာကြေးငွေကျပ်သိန်း (၅၀)၊ စုစုပေါင်းငွေကျပ်သိန်း (၂၀၀)တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စံတင်)
ဒုတိယခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး



# နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

**နတ်တလင်း စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၂ ခုနှစ် နတ်တလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို မြို့မရပ်ကွက် အားကစားဇုန်အတွင်းရှိ မိုးလုံလေလုံ ဖူဆယ်အားကစားကွင်း၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် နတ်တလင်း ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က အမှာစကားပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ သဲကုန်း(က)အသင်းနှင့် နတ်တလင်း (ခ) အသင်း ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေကို ဝင်ငွေရလမ်းအဖြစ် အသုံးပြုရာတွင် တင်ပြရမည့်အထောက်အထားများနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာဝင်ငွေသည် နှစ်စဉ်ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရှိပါသည်။ လစာခေါင်းစဉ်မှဝင်ငွေတွင် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့်အခကြေးငွေ၊ ကော်မရှင်တို့ ပါဝင်ပါသည်။

၂။ ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသော လစာမှဝင်ငွေကို ပြည်တွင်းသို့ လွှဲပြောင်း၍ ပြည်တွင်း၌ မော်တော်ယာဉ်၊ အိမ်၊ ခြံ၊ မြေ စသည့် အခြေပစ္စည်းများ ဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အစုရှယ်ယာများဝယ်ယူ၊ ထည့်ဝင်ရင်းနှီးမြှုပ်နှံခြင်းတို့ကို ဆောင်ရွက်ရာတွင် **တည်ဆဲဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန် ထပ်မံပေးဆောင်ရန်မလိုသည့် အခွန်ဆိုင်ရာအကျိုးခံစားခွင့်**ကို ခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ သို့ရာတွင် ပြည်ပနေနိုင်ငံသား၏ ပြည်တွင်းသို့လွှဲပြောင်းသည့် လစာငွေများသည် အောက်ပါအချက်များနှင့် ကိုက်ညီမှသာ **အခွန်ဆိုင်ရာအကျိုးခံစားခွင့်**ကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်-

(က) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာခေါင်းစဉ်မှဝင်ငွေ ဖြစ်ခြင်း၊
(၁) နိုင်ငံကူးလက်မှတ် (မိတ္တူ)၊
(၂) လစာဝင်ငွေရရှိခြင်းအထောက်အထား(မူရင်း) သို့မဟုတ် အခွန်ထမ်းဆောင်ထားသည့် အထောက်အထား (မူရင်း)၊
(၃) အလုပ်လုပ်သည့်ကာလဆိုင်ရာအထောက်အထား (မူရင်း)၊
(၄) ဆိုင်ရာကုမ္ပဏီက တရားဝင်ထုတ်ပေးသည့် လစာထုတ်ပေးမှုမှတ်တမ်း(မူရင်း)။


(ခ) ပြည်တွင်းသို့ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ်(သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှ တစ်ဆင့် လွှဲပို့မှုဖြစ်ခြင်း (သို့မဟုတ်) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်း ယူဆောင်ခဲ့ခြင်း၊
(၁) ငွေလွှဲပြောင်းပေးပို့ရာတွင် ဘဏ်(သို့မဟုတ်) တရားဝင်ငွေလွှဲခွင့်လိုင်စင် ရရှိထားသည့်လုပ်ငန်းများမှ တစ်ဆင့် လွှဲပို့မှုဖြစ်ပါက ယင်းလုပ်ငန်းများမှ ထုတ်ပေးသည့် ငွေလွှဲပို့မှုမှတ်တမ်း၊
(၂) ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်း ယူဆောင်ခဲ့ခြင်းဖြစ်ပါက တရားဝင်ငွေလွှဲခွင့် လိုင်စင်ရရှိထားသည့် နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် ငွေလဲလှယ်ထားသည့် အထောက်အထားနှင့် လေဆိပ်တွင် ကြေညာထားသည့် အထောက်အထား။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)ပါအချက်များအတွက် သက်ဆိုင်သည့် အထောက်အထားများ ပြည့်စုံစွာတင်ပြနိုင်ခြင်း။

၄။ သို့ဖြစ်ပါ၍ ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် အခွန်ကင်းလွတ်ခွင့်ရရှိသောလစာဝင်ငွေအပေါ် အခွန်ဆိုင်ရာအကျိုးခံစားခွင့်များကို အပြည့်အဝခံစားနိုင်ရန်အတွက် မြန်မာနိုင်ငံသို့ ငွေလွှဲပြောင်းပေးပို့ခြင်းဖြစ်ပါက ဘဏ်(သို့မဟုတ်) တရားဝင်ငွေလွှဲခွင့် လိုင်စင်ရရှိထားသည့် လုပ်ငန်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ကြပါရန်၊ ကာယကံရှင်ကိုယ်တိုင် ပြည်ပမှပြန်လာစဉ် တစ်ပါတည်းယူဆောင်ခဲ့ခြင်းဖြစ်ပါက တရားဝင်နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် လဲလှယ်ကြပါရန်၊ လေဆိပ်တွင် ကြေညာသည့် အထောက်အထားနှင့် သက်ဆိုင်ရာအထောက်အထားများကို စနစ်တကျသိမ်းဆည်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

၅။ အခွန်ဆိုင်ရာသိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲကွပ်ကဲမှုအောက်ရှိ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ အမှတ်(၁၂၈/၁၃၂)၊ ဒုတိယထပ်နှင့်တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ ၀၁-၈၃၇၈၃၇၀၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန



(၅၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၀ ရက်က မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းစဉ်။

မင်းမင်းထွေး (ပျော်ဘွယ်)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) ပြည့်စုံကုန်း ဒသမတန်း(စနစ်ဟောင်း)မှ မောင်ရန်နိုင်လင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသား စိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းအရ ဦးခင်မောင်ရင် ၉/ဝတန(နိုင်)၀၄၇၄၀၂ ဖြစ်ပါကြောင်း။

ဦးခင်မောင်ရင်

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/69017, Dayang-125, M/C ယာဉ်လက်ဝယ်ရှိသူ Fallerton Finance (Myanmar) Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## ဈေးပြိုင်လေလံစနစ်ဖြင့် (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ်(၅)အဆန်၊ (၆) အစုန် အမြန်ရထားများတွင် စားသောက်တွဲဝန်ဆောင်မှုလုပ်ငန်း (၁.၁၁.၂၀၂၂ မှ ၃၁.၁၀.၂၀၂၃ ထိ) (၁)နှစ်သက်တမ်း လုပ်ကိုင်ခွင့်ကို မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာ (ပထမ)ထပ်ရှိ စီးပွားရေးဌာန၊ အစည်းအဝေးခန်း၌ (၂၀.၁၀.၂၀၂၂)ရက်နေ့ နေ့လည်(၁၃:၀၀)နာရီအချိန်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် (Open Tender) ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ မန်နေဂျာ(စီးပွားရေး/တိုင်း) တိုင်းအမှတ်(၃)မန္တလေးနှင့် တိုင်းအမှတ်(၇)ရန်ကုန်ရုံး တို့တွင် တင်ဒါ စည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင် (၁၀,၀၀၀/-)ကျပ်နှုန်းဖြင့် (၂၆.၉.၂၀၂၂ မှ ၁၉.၁၀.၂၀၂၂ ထိ)ရုံးချိန်အတွင်း (ရုံးပိတ်ရက်များမပါ)ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော် ဘူတာ(ပထမ)ထပ်ရှိ စီးပွားရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(ဖုန်း၊ ၀၆၇-၇၇၀၄၈/ ၇၇၁၂၃/ ၇၇၁၆၃)သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကြီးကြပ်မှုအောက် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ စက်မှုလမ်းရှိ တည်းခိုခန်းလုပ်ငန်း အဆောက်အအုံငှားရမ်းခြင်းအား ၂၁-၁၀-၂၀၂၂ရက်မှ ၂၀-၁၀-၂၀၂၇ ရက်အထိ (ငါး)နှစ်ကာလလုပ်ကိုင်ခွင့်အတွက် တင်ဒါစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ရန်အတွက် တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (၁၂)ထပ်ခွဲရုံး၊ (၇)လွှာရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၊ ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲရေးရုံးသို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| **တင်ဒါရောင်းချမည့်ရက်** | - | ၂၇-၉-၂၀၂၂ရက်၊ (အင်္ဂါနေ့) |
| **တင်ဒါအရောင်းပိတ်မည့်ရက်** | - | ၁၇-၁၀-၂၀၂၂ရက်၊ (တနင်္လာနေ့)၊ မွန်းလွဲ ၁၃:၀၀ နာရီ |
| **တင်ဒါကျင်းပမည့်ရက်** | - | ၁၉-၁၀-၂၀၂၂ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၁၀:၀၀နာရီ |
| **တင်ဒါကျင်းပမည့်နေရာ** | - | မြို့တော်ခန်းမ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇဗ္ဗာန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၁)တည်ရှိရာ ဇဗ္ဗာန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၂၄)၊ ဧရိယာ ၀ ဒသမ ၂၃၄ဧက မြေအမျိုးအစား နှစ်(၉၀)ဂရန်မြေအမည်ပေါက် မဘိလေမြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက် မဘိလေ (ခ) ဒေါ်ခင်ယုဆွေ (မိခင်)သည် ၂၀-၁၁-၂၀၁၇ရက်နှင့် (ဖခင်) ဦးထိုက်စိန်သည် ၃၀-၄-၂၀၁၈ ရက်တို့တွင်ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့် ၈/မထန (နိုင်)၀၀၈၇၃၃၊ ဦးဇော်ဝင်းထိုက် ၁၂/ဇဗန(နိုင်)၀၇၃၅၃၆ တို့မှ သားသမီးတော်စပ်ကြောင်းနှင့် ၎င်းတို့မောင်နှမနှစ်ဦးမှတစ်ပါး အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူတစ်ဦး တစ်ယောက်မျှမကျန်ရှိပါကြောင်း ကျိန်ဆိုသည့် ၁၇-၂-၂၀၂၀ ရက်စွဲပါ ဒဂုံမြို့နယ်တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေဆုံးမှုလက်မှတ်အိမ်ထောင်စုစာရင်း၊ နှစ်(၉၀) ဂရန်တို့နှင့်အတူ ယင်းမြေအား ၁၉၉၁ခုနှစ်တွင် ဒေါ်သိန်းကြည်မှ ဂရန်မိတ္တူကူးယူ၍ မြေအခွန်ဌာနသို့ပေးပို့ရန် အစီရင်ခံထားခြင်းအားလည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ဒေါ်ဆွေဆွေတင်မှ မြေပုံကူးလျှောက်ထားခဲ့ခြင်းအားလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဦးအောင်သန်းဦးမှ ကန့်ကွက်ထားခြင်းအားလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဒေါ်ဆွေဆွေတင်မှ အမည်ပြောင်းလျှောက်ထားခြင်းအားလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ဦးစောမြင့်မှ ဂရန်မိတ္တူလျှောက်ထားခဲ့ခြင်းအားလည်းကောင်း၊ မြေအမည်ပေါက်မှာ မဘိလေဖြစ်ပါသဖြင့် ဒေါ်ဘိလေနှင့် ဒေါ်ခင်ယုဆွေသည် တစ်ဦးတည်းဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားတင်ပြရန် အကြောင်းကြားခဲ့ရာ လျှောက်ထားသူမှ ဌာနဝင်စာအမှတ်-၇၆၁၁/၁၈-၁၂-၂၀၂၀ဖြင့် ယင်းမြေအား ယခင်လျှောက်ထားသူများအား ၎င်းတို့မှ သိရှိခဲ့ခြင်း မရှိပါကြောင်းနှင့် ထိုသူများကိုလည်းမြင်တွေ့ဖူးခြင်းမရှိခဲ့ကြောင်း၊ ၎င်းမြေကွက်တွင် ၎င်းတို့မိခင် ဒေါ်ဘိလေ(ခ)ဒေါ်ခင်ယုဆွေအမည်ဖြင့် ဂရန်တွင် အမည်ပေါက်သည့် အချိန်မှစ၍ ယနေ့အချိန်ထိ နေထိုင်လာခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့် အရှုပ်အရှင်း တစ်စုံတစ်ရာမျှ ဖြစ်ပေါ်ခဲ့ခြင်းလည်းမရှိပါကြောင်း၊ ဂရန်မူရင်းမှာလည်း မြေငှားဂရန်ရရှိသည့်ရက်မှစ၍ ယနေ့အချိန်ထိ ၎င်းတို့မိသားစု၏ လက်ဝယ်တွင်ရှိကြောင်းနှင့် ဒေါ်ဘိလေ(ခ)ဒေါ်ခင်ယုဆွေ တစ်ဦးတည်းဖြစ်ကြောင်းကို ထိမ်းမြားမင်္ဂလာဖိတ်စာ၊ အသုဘရှုဖိတ်ကြားစာ ရပ်ကွက်ထောက်ခံစာနှင့် သေစာရင်းတို့ပူးတွဲ၍လည်းကောင်း၊ ဖြစ်ပေါ်လာသောကိစ္စအဝဝကို တာဝန်ယူပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြလာပြီး ဒေါ်အေးအေးမြင့်နှင့် ဦးဇော်ဝင်းထိုက်တို့က ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးမြို့နယ်၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အဝေရာလမ်းသွယ်(၄)၊ အိမ်အမှတ်(၄/၁၉/၆၂၄) နေ ဦးအိုက်တောင်း ၁၃/လရန(နိုင်)၁၀၈၀၃၄ သည် အထက်ပါအမှတ်တံဆိပ်ကို အသုံးပြုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအိုက်တောင်း**
**ဖုန်း-၀၉-၅၂၆၁၈၄၉**

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၂၁) အကြီးစားစက်ရုံ(တာယာစက်ရုံ-သထုံ)**
**Public Private Partnership(PPP)အတွက်**
**စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ(Expression of Interest-EoI)**
**ခေါ်ယူခြင်း(သက်တမ်းတိုး)**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် ၂၁ အကြီးစားစက်ရုံ(တာယာစက်ရုံ-သထုံ)အား ပြည်တွင်း/ပြည်ပမှ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership(PPP) ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ(Expression of Interest-EoI)ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသည့် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ ကုမ္ပဏီများသည် ၎င်းတို့၏ စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာကို စီမံရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော် လိပ်မူ၍ ၁၉-၁၀-၂၀၂၂ရက် ညနေ ၃နာရီ (မြန်မာစံတော်ချိန်) အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် စာရွက်စာတမ်းများကို စီမံရေးရာဌာန၊ အမှတ်(၂) အကြီးစား စက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၈၆၇၅၊ ၀၆၇-၃၄၀၈၆၇၆)

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင် အမှတ်(၁၄၆၇)၊ ဧရိယာ ၀ ဒသ၀၉၆ ဧက၊ အမှုတွဲအမှတ် ၆၁၃-၅/၂၀၁၈-၂၀၁၉(အေ)ဖြင့် ဦးရင်ကျန်မုံအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဆုံကြဖူ ၁၃/ကလတ(နိုင်)၀၀၁၉၀၃ မှ ရောင်း/ဝယ်စာချုပ် (၂၉၉၊/၂၀၂၁)ဖြင့် ဒေါ်ယဉ်ယဉ်လှိုင် ၁၃/လရန(နိုင်)၁၄၉၈၀၇ထံ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (သီရိမဟာတိုးချဲ့)၊ ဦးပိုင်အမှတ်(၂၆၆၆)၊ ဧရိယာ ၀ ဒသ၀၉၆ ဧက၊ အမှုတွဲအမှတ် ၂၀၀-၅/၁၉၉၂-၁၉၉၃(စီ)ဖြင့် တပ်ကြပ်ကြီးမြင့်အောင် အမည်ပေါက်ပိုင်ဆိုင်သော မြေငှားဂရန်(မူရင်း)မှာ ပျောက်ဆုံးသွားပါသဖြင့် တပ်ကြပ်ကြီးမြင့်အောင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးအာရ်ဂွမ်း ၉/မကန(နိုင်)၁၂၆၃၂၉ မှ မိတ္တူမှန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း (၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## မိဘအမည်မှန်

လားရှိုးမြို့၊ ထ(ခွဲ)၊ အလက(၈)၊ တတိယတန်း(က) မှ မခင်ပြည့်စုံအောင် (ကဝ-၁၂၀၇) ၏မိဘအမည်မှန်မှာ ဦးဝင်းဌေး ၁၃/လရန(ယ)၀၀၇၃၂၂ နှင့် ဒေါ်သန်းရွှေ ၅/မရန(နိုင်)၃၆၃၀၆၇ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင် အမှတ်(၁၅၆၁)၊ ဧရိယာ ၀ ဒသ၀၉၆ ဧက၊ အမှုတွဲအမှတ် ၁၀၅၄-၅/၁၉၉၂-၁၉၉၃(စီ)ဖြင့် ဒေါ်အေးပုမှပိုင်ဆိုင်ပြီးဒေါ်အေးပုမှ ရောင်း/ဝယ်စာချုပ် (၄၇၉၊/၁၉၉၄)ဖြင့် ဒေါ်ပြုး (အမ်အမ်ကေ) ထံသို့လည်းကောင်း ၊ ဒေါ်ပြုး၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဘိုနီ ၁၃/လရန (နိုင်)၀၂၉၇၄၄မှရောင်းဝယ်စာချုပ် (၃၅၁၁/၂၀၂၂)ဖြင့် ဦးလောက်ဝူး ၁၃/လရန(နိုင်)၂၄၈၈၉၃ ထံသို့ လည်းကောင်း အဆီးဆီးရောင်းချပေးပြီးဖြစ်၍ ဦးလောက်ဝူးမှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း (၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (ဟော်လေးလုံးကွက်)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ ၀ ဒသမ၁၄၇ ဧက၊ အမှုတွဲအမှတ် ၂၇၁-၅/၂၀၀၄-၂၀၀၅(အေ)ဖြင့် ဦးလှိုင်မှပိုင်ဆိုင်ပြီးဦးလှိုင်မှာ ၂၇-၆-၂၀၂၁ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်မြသွင် ၁၃/လရန(နိုင်) ၀၂၂၄၅၇ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် (၄၀၂/IV/၂၀၂၂)ဖြင့် အမွေဆက်ခံပြီးဖြစ်၍ ဒေါ်မြသွင်မှ အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀) အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ စံပြလမ်း၊ အမှတ်(၂၉၀)၊ မှန်ခန်း(အေ)(၁၂ ၁/၂ပေxပေ၅၀) အကျယ်အဝန်းရှိ လူနေတိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာကျော် ၁၂/ဒပန(နိုင်)၀၅၀၄၀၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဒေါ်ယဉ်ယဉ်နွယ် ၁၂/ဒပန(နိုင်)၀၅၅၁၁၃ ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့် တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၃၃)**
**အမှတ်(၄၄)၊ ပင်လုံလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၃၁၀၂၆၆၈**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ခနသုခလမ်း၊ အမှတ်(၂၈၆/က)ပေါ်ရှိ အလျားပေ ၂၂xအနံ ပေ၆၀ မြေကွက်၏ ကွယ်လွန်သူ ဒေါ်နုအမည်ပေါက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်(၆၀)မြေငှားဂရန်စာချုပ်စာတမ်းနှင့်မြေပေါ်ရှိ အဆောက်အအုံတို့ကို အမွေဆက်ခံပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုသူ ဦးကောင်းမြတ်ပိုင် ၁၂/ဒဂတ (နိုင်)၀၄၃၂၆၂ ထံမှတရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေပြီး ဖြစ်၍ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စရန်ပေးချေသူ ဦးအောင်ဝင်း ၁၂/ဗဟန (နိုင်)၀၃၃၆၆၇ ထံသို့ ကိုယ်တိုင်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဝင်း**
**၁၂/ဗဟန(နိုင်)၀၃၃၆၆၇**
**အမှတ်(၆၈၃/က)၊ ပုဂံလမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးအောင်နိုင် (ဘ)ဦးတွမ်ချန်စိန် (ခ)တွမ်ချမ်စိန် ၁၃/လရန(နိုင်) ၀၉၉၉၆၇၊ အမှတ်(၈၇၇၊ ၈၇၄)၊ ၃၉x၂၀လမ်းထောင့်၊ ရပ်ကွက်(၅)၊ လားရှိုးမြို့နေထိုင်သူက အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်တော်နှင့်ဒေါ်အေးကြူ (ဘ)ဦးချိန်တင်ကျုံး ၁၃/မရတ(နိုင်)၀၀၉၁၂၄၊ အမှတ်(၈/၁၇/၉၅)၊ လမ်း(၄၀)၊ ရေကန်လမ်း၊ ရပ်ကွက်(၅)၊ လားရှိုးမြို့နေထိုင်သူနှင့် လွန်ခဲ့သည့် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလအတွင်းက အကြင်လင်မယားအဖြစ်ပေါင်းသင်း နေထိုင်ခဲ့ပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။ ယင်းနောက်ဒေါ်အေးကြူနှင့် ကျွန်တော် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့၍ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အုပ်ချုပ်ရေးမှူးရုံး၌ အုပ်ချုပ်ရေးမှူးနှင့် သက်သေလူကြီးမင်းများရှေ့ ၈-၁၀-၂၀၀၇ ရက်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဦးသဘောတူ လင်ခန်း/မယားခန်းကွာရှင်းပြတ်စဲပြီးဖြစ်သည်။

သို့ပါ၍ ယင်းလင်မယားနှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခဲ့သည့် ၈-၁၀-၂၀၀၇ ရက်မှစ၍ ဒေါ်အေးကြူမှာ ကျွန်တော်နှင့်မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်**
**၁၃/လရန(နိုင်)၀၉၉၉၆၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိန်သန်း ၁၄/မမန(နိုင်)၀၂၄၆၈၈သည် မြောင်းမြမြို့၊ အမှတ်(၈) ရပ်ကွက်ရှိ မြေစာရင်းရပ်ကွက်အမှတ်(၁၈)၊ ဇေယျမေဒနီ၊ ဦးပိုင်အမှတ်(၆၂)၊ ဧရိယာ ၀ ဒသမ ၂၈၀ ဧကရှိ ဦးဘိုးမှီ ဂရန်အမည်ပေါက်မြေအား ဦးဘိုးမှီ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဂရန်သက်တမ်းကုန်ဆုံးသဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားမှုတွင် ဦးဘိုးမှီအမည်ပေါက် ဂရန်စာချုပ်သည် မည်သူတစ်ဦးတစ်ယောက်မျှ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်းနှင့် အမွေဆက်ခံထားခြင်းမရှိဘဲ ပျောက်ဆုံးသွားပါသဖြင့် ဦးဘိုးမှီ အမည်ပေါက်ဂရန်စာချုပ် မတင်ပြနိုင်ခြင်းအပေါ်ကန့်ကွက်လိုသူများရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ကြေညာသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့စာဖြင့်သော်လည်းကောင်း၊ လူဖြင့်သော်လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ထားသူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဒေါ်စိန်သန်းအမည်ဖြင့် လူနေထိုင်ရန် ဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်လင်း(LL.B)**
**စဉ်-၁၀၃၂၅**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၉၁၈၇၅၆၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိန်သန်း ၁၄/မမန(နိုင်)၀၂၄၆၈၈ သည် မြောင်းမြမြို့၊ အမှတ်(၈)ရပ်ကွက်၊ ဘောင်ဒရီလမ်း၊ အိမ်အမှတ် (၁၆၉)၊ ဦးပိုင်အမှတ်(၆၂) ကွင်းအမှတ်(၁၈)၊ ဧရိယာ ၀ ဒသမ ၂၈၀ ဧကရှိ ဦးဘိုးမှီ အမည်ပေါက်ဂရန်မြေအား ဒေါ်စိန်သန်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား စာချုပ်စာတမ်း မှတ်ပုံတင်ရန် တင်ပြလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မြောင်းမြမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်လင်း(LL.B)**
**စဉ်-၁၀၃၂၅**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၉၁၈၇၅၆၃၆**

## သွာနုတ္တ(သမာနုတ္တာ)သားဖြစ်သူ ဦးဝင်းမောင်နှင့်၎င်း၏ အမွေဆက်ခံသူများအား အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ စစ်တောင်း(၂၃)လမ်း၊ အိမ်အမှတ်(၄၁၅၈)တွင် နေထိုင်သူဒေါ်လှလေး (ဘ)ဦးဆိုင် ၉/ပမန(နိုင်)၁၆၄၇၅၂ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးဝင်းမောင်အပါအဝင် ၎င်း၏မိသားစုများနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှလေး၏သားဖြစ်သူ ဦးဝင်းမောင်(ဘ)ဦးရွှေပုံ ၉/ပမန(နိုင်)၂၀၂၉၃၀ သည်မိခင်၏ ပြောဆိုဆုံးမမှုကိုလုံးဝ (လုံးဝ)မနာခံဘဲ မိခင်နေထိုင်သောအိမ်အား ဖျက်ဆီးခြင်း၊ ဓားကိုင်၍ ဆဲဆိုကြိမ်းဝါးခြိမ်းခြောက်ခြင်း၊ ဆင်းရဲနွမ်းပါးသူမိခင်ဖြစ်သော ဒေါ်လှလေးထံမှ ငွေများ တောင်းခံခြင်း အစရှိသော စိတ်ဆင်းရဲစေသည့် ကိစ္စရပ်များစွာကို အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ ၎င်းအားသွာနုတ္တ(သမာနုတ္တာ)အဖြစ်သတ်မှတ်၍ ဦးဝင်းမောင်နှင့်၎င်း၏ အမွေဆက်ခံသူများအား တစ်သက်တာအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်လှလေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဟေမာန်နှင်း(ခ)ဒေါ်ဟေမာနှင်း(LL.B)** | **ဒေါ်ပြည့်ပြည့်ဖြိုး (LL.B)** |
| **စဉ်-၁၈၀၈၇** | **စဉ်-၅၃၁၂၅** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁၁/ဇဗ္ဗူစာလမ်းရပ်)၊ ဦးပိုင်အမှတ်(၂၅/ခ)၊ ဧရိယာ ၀ ဒသမ၀၆၉ဧက၊ အမှုတွဲအမှတ် ၃၈၅-၅/၂၀၀၃-၂၀၀၄(အေ)ဖြင့် ဒေါ်နန်းသိန်းမြအောင် အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းလွမ်ခမ်း ၁၃/သနန(နိုင်)၀၃၆၇၉၅ မှ ရောင်း/ဝယ်စာချုပ် (၃၅၉၂၀၂၂)ဖြင့် ဦးမျိုးအောင် ၉/ဝတန (နိုင်)၁၂၈၃၅၁ ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

**ဖခင် အမည်မှန်**

တောင်သာမြို့၊ အထက(ခွဲ)၊ ပန်းပေါင်းကျောင်း၊ Grade-5 မှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၉/တသန (နိုင်)၁၆၂၃၂၁ ဖြစ်ပါကြောင်း။ **ဦးသိန်းထွန်း**

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ဘီးလင်းမြို့၊ ဇုက္ကလိကျေးရွာနေ ကျွန်တော် ဦးအောင်ခင်စိုး၏သမီး မသူဇာခိုင် ၁၀/ဘလန(နိုင်)၀၈၈၄၉၀ သည် မိဘများ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးအောင်ခင်စိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4636 Mitsubishi Fuso FK 71HH/Truck (4X2)ယာဉ်လက်ဝယ်ရှိသူ ဦးစစ်ပိုင်အောင် ၁၂/ရပသ(နိုင်)၀၄၂၈၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/1475 Toyota Corolla Fielder S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆိုင်းဂျာ ၁/ဟပန(နိုင်)၀၁၁၄၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ မြို့သစ်(၁)ရပ်နေ ဒေါ်သောင်းတင်၊ ၉/မထလ(နိုင်)၀၁၄၃၃၅ ၏ ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်-

ဒေါ်သောင်းတင်၏ သမီးဖြစ်သူ မမြသီတာ ၉/မထလ(နိုင်)၁၇၀၃၈၅ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုခြင်း၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်အကြိမ်ကြိမ် ပြုလုပ်နေခြင်းများကြောင့် ယနေ့မှစ၍ သွာနုတ္တရ သမီးအဖြစ်ကြေညာပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးမင်းသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၂)**
**မ-၄၁၊ မင်းရပ်၊ မိတ္ထီလာမြို့**
**ဖုန်း-၀၉-၈၇၉၃၃၁၅၅၆**

## အများသိစေရန်

Ko Gyi Asia General Service Trading Co., Ltd. သည် ရန်ကုန်မြို့၊ အမှတ်(၄၀၁)၊ တ/ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ ရတနာအိမ်ရာတွင် ကုမ္ပဏီရုံးခန်း ဖွင့်လှစ်၍လည်းကောင်း၊ UAE နိုင်ငံ၊ ဒူဘိုင်းမြို့တွင် Ko Gyi Asia အမည်ဖြင့် အခြေစိုက် ရုံးခန်းဖွင့်လှစ်၍လည်းကောင်း၊ လေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်း(တစ်ခုတည်း)ကိုသာ တရားဝင်လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပါသည်။ ဤကုမ္ပဏီအနေဖြင့် တရားမဝင်နည်းဖြင့် ပြည်ပနိုင်ငံသို့ လူပို့ဆောင်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အခြားဝန်ဆောင်မှုလုပ်ငန်းများလည်း လုပ်ကိုင်ပေးခြင်း လုံးဝ(လုံးဝ)မရှိပါ။

ယခုအခါ မသမာသူအချို့မှ ကုမ္ပဏီ၏ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ရည်ရွယ်၍ လူမှုကွန်ရက်မှ မမှန်မကန် ရေးသားဖြန့်ဝေမှုများ ကုမ္ပဏီ၏ဝန်ထမ်းများ၊ ဝန်ထမ်းဟောင်းများနှင့် မိသားစုဝင်ဓာတ်ပုံတင်ခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရပါသည်။

သို့ဖြစ်၍ ဤကုမ္ပဏီ၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် လုပ်ဆောင်နေသူများအား ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်သင်းသင်းရွှေ(LL.B) | ဒေါ်ထူးထူးမြတ်(LL.B) | ဦးစိုးဟန်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၂၈၆၇) | (စဉ်-၁၂၅၃၆/၁၆-၅-၂၀၁၇) | (စဉ်-၅၈၁၂/၁၇-၁၂-၁၉၉၁) |
| အမှတ်(၂၉)B၊ ဗိုလ်ချုပ်နေဝင်းလမ်း၊ သန်လျင်မြို့ | | အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊သန်လျင်မြို့ ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊ ၀၉-၄၄၃၁၆၉၄၁၂ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ ပိတောက်(၂)လမ်း၊ မြေကွက်အမှတ်(၄၆၉)ဟုခေါ်တွင်သော မြေ အလျားxအနံ(၃၉/၄၀'x၆၀')ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော(ခေါင်းရင်းခြင်း) မြေ အလျား x အနံပေ(၂၀'x၆၀')ရှိမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ကျင် ၁၂/လကန(နိုင်)၀၅၇၁၇၅ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဇင်မီသဲသဲ ၇/မညန(နိုင်)၀၂၀၁၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်လင်းထိုက် ၁၂/ဒဂမ(နိုင်)၀၀၁၂၈၈၈ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော် စဉ်-၁၄၆၉၈ LL.B, D.B.L, D.M.L(တရားလွှတ်တော်ရှေ့နေ)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၂၂၃)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်အေးအေးသန်း(၁၂/မဂဒ(နိုင်)၀၃၄၂၁၁)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းရုံး၏မှတ်ပုံတင်အမှတ်(၃၆၉၆/၂၀၂၁)အရတရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်မျိုး (၆/လလန(နိုင်)၀၅၉၈၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ဦးဇော်မျိုးနိုင် | လွှဲအပ်ညွှန်ကြားချက်အရ | ဦးတင်ကိုလှိုင် |
| LL.B, D.B.L | | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၉

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာအဆင့်မြင့်ဈေး၊ သီရိကျော်စွာလမ်း၊ အမှတ်(အေ-၀၉)တွင် ဖွင့်လှစ်ထားသော နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခင် နေပြည်တော်စည်ပင်ဘဏ်လီမိတက်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် လီမိတက်သည် မော်တော်ယာဉ်များအား လစဉ်အရစ်ကျပေးသွင်းသော အငှားဝယ်စနစ် (Hire Purchase)စနစ်ဖြင့်ဆောင်ရွက်ခဲ့ရာ အငှားဝယ်ယူသူများက လစဉ်အရစ်ကျငွေများ ပေးသွင်းခဲ့ခြင်းမရှိသောကြောင့် ဘဏ်က တရားရုံးအသီးသီးတွင် အမှုများဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း အရစ်ကျပေးဆပ်ရန်ကျန်ရှိသော မော်တော်ယာဉ် နံပါတ်များနှင့်စပ်လျဉ်း၍ မြန်မာ့အလင်းသတင်းစာ၌ ၁၂-၃-၂၀၂၂ရက်တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်မေသူမြင့်အဖွဲ့ကလည်းကောင်း၊ ၂၉-၃-၂၀၂၂ရက်တွင် တရားလွှတ်တော်ရှေ့နေ ဦးထက်မင်းအောင်နှင့်အဖွဲ့ကလည်းကောင်း၊ ၁၅-၅-၂၀၂၂ ရက်တွင် တရားလွှတ်တော်ရှေ့နေ ဦးလှဟန်နှင့်အဖွဲ့ကလည်းကောင်း ကြေညာခဲ့ပြီး နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်က ၃-၈-၂၀၂၂ရက်၊ ၅-၈-၂၀၂၂ရက်၊ ၉-၈-၂၀၂၂ရက်၊ ၁၁-၈-၂၀၂၂ရက်၊ ၂၁-၉-၂၀၂၂ရက်နှင့် ၂၃-၉-၂၀၂၂ရက်အသီးသီး၌ ထုတ်ဝေသော သတင်းစာများ၌ မော်တော်ယာဉ်နံပါတ်များ ကြေညာခဲ့ပါသည်။

ယခုအခါနေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိဘက်၏ သဘောတူခွင့်ပြုချက်မရဘဲ အထက်အပိုဒ်တွင် အတိအလင်းဖော်ပြထားသည့်သတင်းစာကြေညာများ၌ အတိအလင်းဖော်ပြထားသော မော်တော်ယာဉ်များအားလိုက်လံသိမ်းဆည်းနေကြောင်း သိရပါသည်။ ထိုကဲ့သို့ဆောင်ရွက်ခဲ့ခြင်းသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ခိုင်းစေမှု သဘောတူညီခွင့်ပြုမှုတို့အရ ဆောင်ရွက်ခြင်းမဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အငှားဝယ်ယူသူများသည် ဘဏ်နှင့်အငှားဝယ်ကြောင်း ခံဝန်ချုပ်၊ အငှားဝယ်ယူသူမှ ပိုင်ဆိုင်မှုကိုလွှဲပြောင်းကြောင်း ခံဝန်ချုပ်များချုပ်ဆိုထားရာ အဆိုပါစာချုပ်တွင် ဖော်ပြထားသော စည်းကမ်းချက်များကိုလိုက်နာရန် တာဝန်ရှိကြောင်းလည်း ထပ်မံအသိပေးအပ်ပါသည်။ အခွင့်ရဆက်သွယ်သူအနေဖြင့်လည်း ဘဏ်နှင့်ချုပ်ဆိုခဲ့သော အခွင့်ရဆက်သွယ်သူအဖြစ်ဆောင်ရွက်ရန် ဝန်ခံကတိစာချုပ်ပါ စည်းကမ်းချက်များနှင့်အငှားဝယ်ကြောင်းခံဝန်ချုပ်၊ အငှားဝယ်ယူသူမှ ပိုင်ဆိုင်မှုကို လွှဲပြောင်းကြောင်း ခံဝန်ချုပ်များကိုလည်း လိုက်နာရန်တာဝန်ရှိကြောင်း ထပ်မံအသိပေး အကြောင်းကြား ကြေညာအပ်ပါသည်။

ဤအကြောင်းကြား ကြေညာချက်ပါအချက်များကို လိုက်နာခြင်းမရှိသူများအား ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးလှဟန် (စဉ်-၃၅၀၈/၈၅) | ဦးစိုးမင်းဦး (စဉ်-၅၂၉၀၅/၂၀) |
| ဦးဇင်ဝင်း (စဉ်-၁၁၅၆၂/၁၆) | ဒေါ်ဆက်ဆက်မြင့် (စဉ်-၅၃၂၈၁/၂၀) |
| ဒေါ်ရူပါထွန်း (စဉ်-၁၄၈၀၅/၁၈) | ဦးရဲလင်းအောင် (စဉ်-၅၄၁၇၈/၂၁) |
| ဒေါ်ဝေဝေနိုင်း (စဉ်-၁၄၈၁၁/၁၈) | အထက်တန်းရှေ့နေများ |
| ဒေါ်မေနွယ်မွန် (စဉ်-၁၅၁၄၄/၁၈) | |
| ဒေါ်နေခြည်နွေနွေး (စဉ်-၁၆၇၈၅/၂၀) | |
| တရားလွှတ်တော်ရှေ့နေများ | |

အမှတ်(၁၄/၈၅)၊ စိုက်ပျိုးရေးသိပ္ပံကျောင်းလမ်း၊ ရွှေချီရပ်ကွက်၊ ပျဉ်းမနားမြို့
ဖုန်း-၀၉-၂၁၇၃၆၄၉၊ ၀၉-၄၂၈၃၀၀၆၃၆

**ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း**

ယာဉ်အမှတ် 12U/5448 အမျိုးအမည် BAJAI 200 T/W အား မောင်တောအမှတ်(၄)ရပ်ကွက်နေ Genuine Auto Co.,Ltd. မှ ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကညန ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ယဉ်ဇေယျာဦး ၅/ယမပ (နိုင်)၁၄၉၂၀၉ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၀၀၉၂၄၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ဇာနည်ဦး ၁၃/ဟပန (နိုင်)၀၆၄၆၈၆ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၃၁၃၉၆၉

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ LCEC ကိုယ်ပိုင် အထက်တန်းကျောင်း Grade-8 မှ မရည်ရွှယ်အောင်အား မရည်ရွှယ်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရည်ရွှယ်နိုင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## နေပြည်တော်
## အငယ်တန်းအင်ဂျင်နီယာ(၂) လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန(ရုံးချုပ်)နှင့် ပညာရေးဒီဂရီကောလိပ်များတွင် အငယ်တန်းအင်ဂျင်နီယာ(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ဆရာအတတ်ပညာဦးစီးဌာန(ရုံးချုပ်)နှင့် နီးစပ်ရာပညာရေးဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ လျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူသည်-

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) ဌာနတွင်းဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်များသည် အင်ဂျင်နီယာဘွဲ့ရရှိသူ (သို့) GTI ဒီပလိုမာဘွဲ့ ရရှိသူများဖြစ်ရမည်။ (Civil / Architecture/ Mechanical/ Electrical Power/ Electronics Engineering ရရှိသူများကို ဦးစားပေးမည်။)

(ဂ) ဌာနတွင်းဝန်ထမ်းများသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ (၃၁) ရက်တွင် အသက် ၄၀နှစ်ထက် မကျော်လွန်သူ၊ ပြင်ပပုဂ္ဂိုလ်များသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ (၃၁) ရက်တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) အနည်းဆုံး လုပ်သက်(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူးတွင် တာဝန်ထမ်းဆောင်လိုပါက မိမိတာဝန်ထမ်းဆောင်နေသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ခွင့်ပြုချက်ရယူပြီး နီးစပ်ရာ ပညာရေးဒီဂရီ ကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက် ဖြေဆိုနိုင်သည်။

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ နီးစပ်ရာ ပညာရေးဒီဂရီကောလိပ်များသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်သည်။

၅။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) လိုင်စင်ဓာတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း

(စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

(ဆ) အိမ်ထောင်စုစာရင်းမိတ္တူ

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ ထောက်ခံစာမူရင်းတို့ကို ပူးတွဲတင်ပြရမည်။( လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား (မူရင်း)များ တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

၆။ လျှောက်လွှာများကို ၂၆-၁၀-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင် ဖြစ်စေ၊ အမြန်ချောပို့ဖြင့်ဖြစ်စေ နီးစပ်ရာ ပညာရေးဒီဂရီကောလိပ်များသို့ ပေးပို့လျှောက်ထားနိုင်သည်။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်စာရွက်စာတမ်းမပြည့်စုံသည့်လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့်လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာပညာရေးဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုရမည်။ ဖြေဆိုရမည့် ခုံအမှတ်နေရာကို သက်ဆိုင်ရာပညာရေး ဒီဂရီကောလိပ်များတွင် ကြေညာမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ်(ရေးဖြေ) | နေ့ရက်အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၁၂-၁၁-၂၀၂၂) နံနက် (၉)နာရီမှ (၁၀) နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၁၂-၁၁-၂၀၂၂) နံနက် (၁၀)နာရီမှ (၁၁) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၁၂-၁၁-၂၀၂၂) နံနက် (၁၁)နာရီမှ (၁၂) နာရီထိ |

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ ပညာရေးဒီဂရီကောလိပ်များတွင် ၁၉-၁၁-၂၀၂၂ ရက်မှ ၂၀-၁၁-၂၀၂၂ ရက်ထိ ကျင်းပမည်ဖြစ်ပါသည်။

၉။ သက်ဆိုင်ရာအသေးစိတ်အချက်အလက်များကို ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း နံပါတ်- ၀၆၇-၃၄၀၇၆၅၆ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆရာအတတ်ပညာဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်မင်း ၅/ဒပယ (နိုင်)၀၇၆၃၆၃ ၏ နိုင်ငံကူး လက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၉၄၁၀၅၈၇၅၇

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်နိုင်ဦး ၅/ကနန (နိုင်)၀၇၆၇၉၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၇၇၄၀၃၅၈၄၅

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် - ၅၊နည်းဥပဒေ - ၂၀)
## ဝေါမြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဦးကျော်မင်းဦး | နှင့် | ၁။ ဒေါ်မြငွေး<br>၂။ ဦးကျော်မြင့်<br>၃။ ဦးသန်းဇော်<br>၄။ ဦးထွန်းဇော် |
| တရားလို | | တရားပြိုင်များ |

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ကိုင်းကျေးရွာနေ တရားပြိုင်အစဉ် (၂) ဦးကျော်မြင့်သိစေရမည်။

သင်အပါအဝင်တရားပြိုင် လေးဦးအပေါ်၌ တရားလိုဦးကျော်မင်းဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလို မှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်၏ ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက် (၁၃၈၄ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်)နံနက် ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်မြင့်ဌွေး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဝေါမြို့နယ်တရားရုံး

## ပျောက်ဆုံးကြောင်း

ကျွန်မ မဝေဝေလွင် ၅/လဝန (နိုင်)၁၉၈၂၉၅ ၏ နိုင်ငံကူး လက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၀၀၄၁၇၁

## ပျောက်ဆုံးကြောင်း

ကျွန်မ မတင်တင်မော် ၅/ပလန (နိုင်)၀၈၉၀၈၄ ၏ နိုင်ငံကူး လက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၃၀၂၄၆၆

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ ၁၄-ရပ်ကွက်၊ အမှတ်(၂၅၉/က)၊ မိုးမခ-၂လမ်း၊ ပေ(၂၀x၆၀)ရှိ ဦးသိန်းဝင်းအမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစံပြည့် ၁၂/ရပသ(နိုင်)၀၄၁၅၄၈ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးထင်ကျော်စိုး ၈/စလန(နိုင်)၁၁၀၅၂၃ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံပြည့်စုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်သင်းသင်းမော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)
အမှတ်(၂၅၉/ခ)၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်
ဖုန်း-၀၉-၄၂၀၇၄၅၈၈၂

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၃၊ ၁၀-ရပ်ကွက်၊ အမှတ်(၈၇၇/ခ)၊ပေ(၂၀x ၆၀) ရှိ ဦးသန်းထွန်းအမည်ပေါက်နှစ်-၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးသန့်ဇော်ဦး ၈/ရမက(နိုင်) ၁၅၇၃၃၀ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးသိန်းဇော်၁၄/ဒဒရ(နိုင်)၁၀၃၄၈၆က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံပြည့်စုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ -
ဒေါ်သင်းသင်းမော် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)
အမှတ်(၂၅၉/ခ)၊ရွှေဘုန်းရှိန်လမ်း၊၅-ရပ်ကွက်၊ရွှေပြည်သာမြို့နယ်
ဖုန်း - ၀၉- ၄၂၀၇၄၅၈၈၂

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း/ရွာမရပ်ကွက်၊ ဗဟိုရ်လမ်း၊ အမှတ်(၁၀)၊ Hall Type ရှစ်ထပ်တိုက်၊ လေးလွှာ၊ အကျယ်အဝန်းပေ(၂၅'x၅၀')ရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လွင်မာစိုး ၁၀/မလမ(နိုင်)၁၈၁၄၇၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဦးကြည်ထွန်း(စဉ်-၆၁၇၃)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၃၁/၅၇၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉ ၅၀၇၅၁၇၁

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၅/က)နှင့် (၅/ခ)မြေပေါ်၌ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၊ (၅/က)၊ ၃လွှာ၊ အကျယ်အဝန်းပေ(၁၈'x၅၄')ရှိ ရေမီးအပြည့်အစုံပါ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းအေးနိုင် ၁/မစန (နိုင်)၀၂၀၆၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူ အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ -
ဒေါ်စုမြတ်မွန် (စဉ်-၁၄၉၁၈)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၃၁/၅၇၊ ဩဘာလမ်း၊ ကျောက်/ထက်ရပ်ကွက်၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉ ၄၅၁၂၃၈၇၉၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်း (၅)လမ်း၊ အမှတ်(၄၁)၊ မြေကွက်ကြီးအတွင်းမှ (အလျား ၂၇ပေ x အနံ ပေ၆၀) အကျယ်အဝန်းရှိ မြေကွက် အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၄၁)၊ ထန်းပင်ကုန်း (၅)လမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့နယ်ဟု ခေါ်တွင်သည့် နေအိမ်အဆောက်အအုံ နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတို့ကိုယ်တိုင်တရားဝင် ပိုင်ဆိုင်ပြီး မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူများ ဖြစ်ကြသော ဦးစိန်သန်း ၁၂/ကလန(နိုင်)၀၅၉၇၅၂ နှင့် ဒေါ်သန်းသန်းငွေ ၁၂/သလန(နိုင်) ၀၁၇၁၀၈ တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးမောင်မောင်သူရ (မြောင်းမြ) | ဦးဇေယျာထွန်း (LL. B) |
| LL. B, A.G.T.I (EP), D.B.L, D.M.L | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈) | |
| ဒေါ်ချယ်ရီလှိုင် (LL. B) | ဦးစိုးလွင်ဦး (LL. B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁) | အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁) |

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၅၁၈၄၀၄၂ ၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉ -၄၂၁၁၀၈၅၅၁၊ ၀၉- ၄၂၅၂၈၇၁၃၄

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကေလာသ(ပွင့်ဖြူမြို့နယ်၊ ဆည်မုန်း+ညောင်ကုန်းရွာ)
## သာသနဝုဒ္ဓိကျောင်း၊ဗားကရာတိုက်
## သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာကျောင်းတိုက်၊ သာသနဝုဒ္ဓိကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကေလာသသည် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) ၂၅-၉-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၁၁:၅၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၄ခုနှစ်၊သီတင်းကျွတ်လဆန်း ၅ရက်) ၂၉-၉-၂၀၂၂ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြား အပ်ပါသည်။

ကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။

**စျာပနကျင်းပရေးကော်မတီ၊ ဗားကရာကျောင်းတိုက်၊**
**စမ်းချောင်းမြို့နယ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်ယဉ်လှ@Doreen
## အသက်(၇၀) နှစ်

MAMDA အသင်းမှ ဦးမင်းဇော်ဖေ (တွဲဖက်အထွေထွေအတွင်းရေးမှူး-၄)၏ မိခင် ဒေါ်ယဉ်ယဉ်လှ@Doreen သည် ၂၄-၉-၂၀၂၂ ရက် ညနေ ၃:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်**
**ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း(MAMDA)**

---

## မောင်မျိုးမင်းခန့်(ခ)ဖိုးသား
## အသက်(၂၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဒ္ဒါလမ်း၊ အမှတ် ၅၉၂ နေ (ဦးတင်ဦး)-ဒေါ်စု ၊(ဦးမောင်နု-ဒေါ်မနုဖြူ)တို့၏ မြေးဦး၊ ဦးလှအောင်သိန်း-ဒေါ်မြင့်မြင့်ဦး တို့၏ချစ်လှစွာသောသား၊ ဒေါ်ခင်ပုလဲစု ၏ချစ်လှစွာသောတူ၊ မဇွန်ဝေဝေထက်၏ တစ်ဦးတည်းသော အစ်ကိုသည် ၂၅-၉-၂၀၂၂ရက်(တနင်္ဂနွေနေ့) ညနေ ၃:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၇-၉-၂၀၂၂ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

နေအိမ်မှကားများမွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဝေပုလ္လ ၆ လမ်း၊ မြေကွက်အမှတ် (၃၄/ခ)၊ ဧရိယာ အကျယ်(၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရီရီမြင့် ၁၂/လမန(နိုင်)၀၄၁၆၂၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်မို့မို့ဝင်းမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည် အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးပပ**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၀၅၇)(၁၄-၂-၁၇)**
**ဖုန်း-၀၉-၇၉၄၁၇၉၄၈၂**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ မြေကွက်အမှတ် ၆၈၈၊ မြေကွက်တည်နေရာ အမှတ် ၁၈၃၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးတင်ရွှေ AA-၀၅၂၇၃၂ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် မြေအားမြေအမည်ပေါက် (ဖခင်)ဦးတင်ရွှေနှင့် (မိခင်) ဒေါ်တင်မြင့်တို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် (မိခင်) (ဖခင်)တို့မှ ဒေါ်စန်းမြင့်၊ ဦးတင်ဝင်း၊ ဦးသန်းဝင်း၊ဒေါ်ဝင်းရွှေ၊ ဦးမောင်မောင်တင်၊ ဦးမောင်မောင်မင်း တို့ မောင်နှမ ၆ ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်းနှင့် အခြားသော သားသမီး/မွေးချင်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း၊ ၎င်းတို့ သားသမီး ၆ ဦး ထဲမှ ဦးမောင်မောင်မင်းသည် (လူပျိုကြီးဘဝ)ဖြင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးမရှိကြောင်း၊ ကျန်မောင်နှမ ၅ ဦးဖြစ်သည့် ဒေါ်စန်းမြင့် ၁၂/လမတ(နိုင်) ၀၀၃၇၀၈ ၊ ဦးတင်ဝင်း ၁၂/လမတ(နိုင်) ၀၀၃၇၄၁ ၊ဦးသန်းဝင်း ၁၂/လမတ(နိုင်)၀၀၃၈၅၂၊ ဒေါ်ဝင်းရွှေ ၁၂/လမတ(နိုင်)၀၀၃၉၄၂ ၊ ဦးမောင်မောင်တင် ၁၂/လမတ(နိုင်)၀၀၃၇၁၅ တို့မှ ၎င်းတို့မောင်နှမ၅ ဦးတည်းသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ (မိခင်)ဒေါ်တင်မြင့်၏သေဆုံးမှုလက်မှတ်၊ (ဖခင်) ဦးတင်ရွှေ၏ သေဆုံးမှုလက်မှတ်၊ ဦးမောင်မောင်မင်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေ စီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာ ဦးသိန်းအောင် (ချောင်းဦး/မန္တလေး)
## မေ့ဆေးအထူးကုဆရာဝန်ကြီး
## အသက်(၈၈)နှစ်

ချောင်းဦးမြို့၊ မြို့သစ်ရပ်နေ(ဦးကံကောင်း-ဒေါ်စိန်ဥ)တို့၏ သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါက်တာ ကြည်ကြည်အေး၏ ခင်ပွန်း၊ ဦးကိုကိုဇော်၊ ဦးညီညီဇော်၊ ဦးမောင်မောင်ဇော်၊ ဒေါ်စုစုအောင်၊ဦးကျော့မောင်မောင်လှိုင် တို့၏ဖခင် ဒေါက်တာ ဦးသိန်းအောင်သည် ၁၃-၉-၂၀၂၂ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးစိန်ထွန်းအောင် (စိန်ထွန်း မင်္ဂလာဈေး)
## အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၈၅၊လေးလွှာ(ဘီ)နေ (ဦးတင်ဦး-ဒေါ်စိန်ရှင်)တို့၏သား၊ (ဦးမြင့်ရွှေ-ဒေါ်စန်းနွဲ့)၊ (ဦးလှကြည်)၊ (ဦးစိုးမောင်)-ဒေါ်တင်ငွေ၊ ဦးမင်းဇံ-ဒေါ်သန်းသန်းဆွေ၊ ဦးဝင်းရွှေ-ဒေါ်ယုမာစော တို့၏ညီမောင်၊ မစန္ဒာမြင့်၊ မသိမ့်သိမ့်သဲ၊ မဆွေနွယ်ထွန်း၊ မောင်တေဇာအောင်၊ မစုမြတ်မြတ်ဖြိုး၊ မောင်သန့်စင်၊ မောင်အောင်ကျော်မင်းတို့၏ဦးလေး ဦးစိန်ထွန်းအောင် (စိန်ထွန်း မင်္ဂလာဈေး)သည် ၂၆-၉-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၀၀:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၈-၉-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရွှေကူမြို့နယ်တရားမရုံး၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် – ၆

| | | |
|---|---|---|
| **ဒေါ်ထွန်းထွန်း** | | **ဦးမျိုးဇော်အောင်** |
| **(၎င်း၏အခွင့်ရကိုယ်စားလှယ်-ဒေါ်စန်းရီ)** | | **ဘောဂဗလရပ်** |
| **အမှတ် ၁၁.၈/၇၇(၆၅)လမ်း၊ (ခ)ရပ်ကွက်** | **နှင့်** | **အမှတ်(၄)ရပ်ကွက်** |
| **ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့** | | **ရွှေကူမြို့** |
| **(တရားလို)** | | **(တရားပြိုင်)** |

ဦးမျိုးဇော်အောင်၊ ဘောဂဗလရပ်၊ အမှတ်(၄)ရပ်ကွက်၊ ရွှေကူမြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ထွန်းထွန်းက တရားလိုမှ အနိုင်ဒီကရီရရှိပြီး ပိုင်ဆိုင်သည့် မြေကွက်အတွင်းရှိ တရားပြိုင်က ဆောက်လုပ်ထားသော အဆောက်အအုံအားဖျက်သိမ်းဖယ်ရှားပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် အောက်တိုဘာ ၁၄ရက်(၁၃၈၄ ခုနှစ်သီတင်းကျွတ်လပြည့်ကျော် ၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဂျေအောင်ဒီး)**
**မြို့နယ်တရားသူကြီး**
**ရွှေကူမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ဗန်း(၂၆)ရပ်ကွက်၊ ရွှေရတနာ ၁ လမ်း၊ အမှတ် ၄၇၈၊ မြို့နယ်မြေတိုင်းရပ်ကွက်၊ မြေကွက်အမှတ် – လှိုင်သာယာ/ရလပ(မ)–၂၆/၄၇၈ ၊ အလျား ၄၀ပေxအနံ ၆၀ပေ ဟုခေါ်တွင်သော ပါမစ် မြေကွက်၏ ၁၈ပေ x အနံ၆၀ပေရှိ ခြေရင်းခြမ်းမြေကွက်၊ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ(၁)လုံးနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ဆိုင်ခွင့်လက်ဝယ်ရှိသူ ဒေါ်ထက်ထားစိုး ၁၂/အစန(နိုင်)၀၁၄၆၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းထွေး ၁၂/အစန(နိုင်)၀၀၉၅၀၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုဇနလွင်(LL.B,D.I.P.L)၊ အထက်တန်းရှေ့နေ(စဉ်–၅၁၈၆၆)**
**ရှေ့နေများနားနေခန်း၊အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၄၄၃၂၁၁၁၂၀**

---

## အများသိစေရန်ကြော်ငြာ

စစ်တွေမြို့နယ်၊ ရွာသစ်ကေကျေးရွာအုပ်စု၊ သက္ကပြင်ကျေးရွာနေ ဦးမာမတ်ရော်ဖိတ်၏ သား/သမီးများဖြစ်ကြသော မောင်ကျော်စိုးနိုင်(ခ)နူရ်ဆာဒိတ်နှင့် မောင်အောင်ကျော်နိုင်(ခ)အာနူရ်ဆာဒိတ်တို့အား ရွာသစ်ကေကျေးရွာ၊ မြေကွက်အမှတ် အကွက်(၈၁)ရွာမြေ အလျား ၄၀ပေx အနံ ၄၀ပေ ၊အိမ်နံပါတ် သ.က.ပ/(၇၈၃)ကိုလည်းကောင်း၊ မောင်ဇော်မိုးလှိုင် (ခ)မာမောက်အိဆုပ်နှင့် မစုစုလှိုင် (ခ)နူရ်ခိုင်ယာစ်တို့အား ရွာသစ်ကေကျေးရွာ၊ မြေကွက်အမှတ် အကွက်(၈၁)ရွာမြေ အလျား ၄၀ပေx အနံ ၄၀ပေ၊ အိမ်နံပါတ် သ.က.ပ/(၇၈၅)ကို လည်းကောင်း၊ အဘ ဦးမာမတ်ရော်ဖိတ်မှ ၂၀၂၂ ခုနှစ်၊စက်တင်ဘာ ၁၆ရက်တွင် မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းလိုက်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဦးမာမတ်ရော်ဖိတ်**
**ရွာသစ်ကေအုပ်စု၊ သက္ကပြင်ကျေးရွာ၊ စစ်တွေမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ ဗိုလ်ဥက္ကာလမ်း၊ မြေကွက်အမှတ်(၆၂၁)၊ အကျယ်အဝန်း(၄၂ပေ× ၆၄ပေ)ရှိ ဦးမျိုးထွန်းဦး (၁၂/တမန (နိုင်) ၀၇၉၉၂၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မာဦး (၁၂/လသန (နိုင်) ၀၀၄၅၆၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)** |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆** |

---

## အမည်မှန်

မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ နင်းကြမ်းအထက(ခွဲ)Grade-10မှ မောင်ဖိုးပြုံး၏ အမည်မှန်မှာ မောင်နေသူရရှိုင်း ဖြစ်ပါကြောင်း။

**မောင်နေသူရရှိုင်း**

---

## ဖခင်အမည်မှန်

မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင်ရှိသော UMTကိုယ်ပိုင်အထက်တန်းမြင့်တင်ရေးကျောင်းမှ Grade-11 ကျောင်းသား မောင်အောင်မင်းခန့် ၏ ဖခင်အမည်မှန်မှာ ဦးဘိုကြည် ၈/ မသန(နိုင်)၀၈၄၁၇၁ ဖြစ်ပါကြောင်း။

**ဦးဘိုကြည်**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မြင့်စိုးသန်း(ဘ)ဦးမြင့်အောင် ၉/တကန(နိုင်)၁၇၂၇၂၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း–၀၉–၂၆၃၅၃၈၀၄၆**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/7962 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စန်းလှိုင် ၁၄/ညတန(နိုင်)၁၇၁၈၉၁ ၏နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၇၁၂၄၂၈၂၀**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ အလက(ခွဲ) အံကရဲGrade-5တန်းမှ မောင်ထွန်းဝေယံ၏ ဖခင်ဦးမင်းဇော်နှင့် ဦးလင်းဇော် ၁၀/ကမရ(နိုင်)၂၀၆၉၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမင်းဇော်(ခ)ဦးလင်းဇော်**

---

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ် ၄၀၃နေ ဒေါ်လှိုင်လှိုင်ထွန်း ၁၃/ကတန(နိုင်)၁၆၂၂၄၅ ၏လွှဲအပ်ညွှန်ကြားချက်အရ တပ်ကြပ်ကြီး ခင်မောင်ဝင်း(ကပ/၅၂၇၅၀၈)သိရှိစေရန်အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

တောင်ကြီးမြို့၊ အေးသာယာ၊ ရပ်ကွက်(၁၀)၊ ရတနာမာန်အောင်လမ်းဟု အမည်ခေါ်တွင်သော တည်ရှိရာ ကွင်း/ အကွက် အမှတ်နှင့် အမည်(၈၈/မုံတဝရွာ အနောက်မြောက်)၊မြေကွက်အမှတ် ၅၄၊ ဧရိယာ ၀ဒသမ ၀၅၈ ဧကရှိမြေကွက်အား တပ်ကြပ်ကြီး ခင်မောင်ဝင်း(ကပ/၅၂၇၅၀၈) ဂရန်အမည်ပေါက် အမှုတွဲအမှတ် ၂၀၄၃/၁၉၉၂ ဖြင့် မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လူကြီးမင်းက ဒေါ်လှိုင်လှိုင်ထွန်း ၁၃/ကတန(နိုင်)၁၆၂၂၄၅ ထံ နှစ်ဦးသဘောတူ အိမ်ခြံ/မြေကွက် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုခဲ့ပြီး မြေကွက်နှင့်တကွ စာရွက်စာတမ်း မူရင်းများတို့ကို လက်ရောက်လွှဲပြောင်းပေးအပ်ကာ သက်ဆိုင်ရာဌာနတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးမည်ဟု လူကြီးမင်းက ဝန်ခံကတိပြုခဲ့ကြောင်း သိရှိရပါသည်။

သို့ပါ၍ တပ်ကြပ်ကြီး ခင်မောင်ဝင်းအနေဖြင့် အထက်ဖော်ပြပါ မြေကွက်အား ၃၀-၉-၂၀၂၂ရက်နောက်ဆုံးထားကာ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ပြုလုပ်ချုပ်ဆိုပေးပါရန် တောင်းဆိုအသိပေးကြေညာလိုက်ရပါသည်။ တောင်းဆိုချက်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို လျှောက်ထားတရားစွဲဆိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်နန်းသက်သက်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၃၂)၁၅–၈–၂၀၁၉**
**အမှတ် ၁၆၆၊ ရတနာလမ်း၊ နယ်မြေ (၇)၊ ကျောင်းကြီးစုရပ်၊**
**တောင်ကြီးမြို့**
**ဖုန်း–၀၉– ၄၂၈၃၁၀၃၄၁**

---

## ဦးသန်းဝင်း ၁၂/မရက(နိုင်)၀၈၀၆၅၃ ၊ ဦးသာဒင် ၁၂/လသန(နိုင်)၀၁၀၃၆၁ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မော်တင်ရပ်ကွက်၊ ၈ လမ်း၊ အမှတ် ၅၂ နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမြင့် ၁၂/လမတ(နိုင်)၀၁၁၄၁၄ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မြင်းကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၈၃၄၊ ဦးပိုင်အမှတ် ၁၁၈၊ ဧရိယာ ၀ဒသမ ၄၆ဧက ၊ ဦးပိုင်အမှတ် ၁၁၉၊ ဧရိယာ ၀ဒသမ ၁၂ ဧက၊ ဦးပိုင်အမှတ် ၁၁၇/၁၊ ဧရိယာ ၀ဒသမ ၃၁ ဧက၊ ဦးပိုင်အမှတ် ၁၂၁၊ ဧရိယာ ၀ဒသမ ၀၁ ဧက၊ မြေကွက်အမှတ် ၂၈၆၊ ဧရိယာ ၀ဒသမ ၇၀ ဧကရှိ ယာမြေများနှင့် ကျန်အခြားမြေ စုစုပေါင်း ဧရိယာ ၁ဒသမ ၆၀ ဧကတို့အား ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၏ ၉-၁၂-၂၀၁၅ ရက်စွဲပါ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှု ခရိုင်အယူခံမှုအမှတ် ၁၃/မယ/၂၀၁၅-၂၀၁၆ (မိတ္ထီလာခရိုင်)၏ လယ်ယာ မြေပုံစံ-၇၊ လျှောက်ထားရန် ဆုံးဖြတ်မှုအပေါ် ကျွန်ုပ်အမှုသည်မှ ဆက်လက်ဆောင်ရွက်ခဲ့ရာ မိတ္ထီလာမြို့နယ်၊ မြင်းကန်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် ၄၅/၂၀၁၅၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်း ၂၀-၁၂-၂၀၁၅ ရက်စွဲပါ မှတ်တမ်း၏ဆုံးဖြတ်ချက်အရ ပုံစံ-၇ အပြိုင်လျှောက်သူများအားပယ်ပြီး ကျွန်ုပ်မိတ်ဆွေ ဦးရဲမြင့် ၁၂/ လမတ(နိုင်)၀၁၁၄၁၄ သို့ လယ်ယာမြေများကို ဆက်လက်လျှောက်ထားခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ယင်းလျှောက်ထားခွင့်ရှိသော ဧရိယာ ၀ဒသမ ၆၀ ဧကသည် ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်ရှိနေပြီး ယင်းမြေကွက်ပေါ်၌ ကြက်သွန်ကြော်လုပ်ငန်းအတွက် လုပ်ငန်း ကြီးကြပ်ရန် လုပ်အားခပေး၍ ဆောင်ရွက်စေသူ ဦးသန်းဝင်း ၁၂/မရက(နိုင်)၀၈၀၆၅၃ နှင့် ဦးသာဒင် ၁၂/လသန(နိုင်)၀၁၀၃၆၁ တို့မှ ကျွန်ုပ်မိတ်ဆွေ လက်ဝယ်ရှိ လယ်ယာမြေ လုပ်ပိုင်ခွင့်လျှောက်ထားခွင့်ရှိသူ၏ ဧရိယာ ၀ ဒသမ ၆၀ ဧကအား အခြားသူများသို့ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချရန် စီစဉ်နေသည်ဟု ကြားသိရပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေလက်ဝယ်ရှိ ကျွန်ုပ်မိတ်ဆွေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားခွင့်ရှိသည့် အထက်ပါ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မြင်းကန်ကျေးရွာအုပ်စုရှိ မြေဧရိယာ ၁ ဒသမ ၆၀ဧကအား ဦးသန်းဝင်းနှင့် ဦးသာဒင် တို့ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ အခြားသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသို့ တစ်နည်းနည်းဖြင့် လွှဲပြောင်း၊ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန် အသိပေး တားမြစ်လိုက်ပါသည်။ ဤအသိပေးတားမြစ်မှုအားလိုက်နာခြင်းမရှိဘဲ ဆောင်ရွက်သူ များကို လည်းကောင်း၊ ဆောင်ရွက်သူများထံမှ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူသူများ ကိုလည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဦး(LL.B)တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၆၇၊ တကောင်း၄လမ်း၊ (၅)ရပ်ကွက်**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၉၆၄၉၃၃၅၀၇**

---

## မိခင်အမည်မှန်

ဦးကျော်သူရ၏သမီး အောင်လံမြို့၊ အထက(၁)Grade-11 မှ မမေပုလဲဆွေ၏ မိခင် အမည်မှန်မှာ မစိုး ၈/ဆပဝ(နိုင်)၀၉၆၉၇၀ ဖြစ်ပါကြောင်း။

**မစိုး**

---

## ဖခင်အမည်မှန်

မြို့သစ်မြို့၊ အထက(၁) Grade-10(စနစ်ဟောင်း)မှ မောင်ဇော်မျိုး၏ဖခင် အမည်မှန်မှာ ဦးအောင်ကိုဝင်း ၈/ မသန(နိုင်)၀၆၈၉၂၀ ဖြစ်ပါကြောင်း။

**ဦးအောင်ကိုဝင်း**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/03577, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသီဟကျော် ၁၄/ဧရက(နိုင်)၀၀၁၅၉၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

---

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/9224 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကို ကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွ ပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေရရှိစေမှာ ဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈ လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

၁-၈-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## စစ်ကိုင်းတိုင်းဒေသကြီး ရေဦး - ခင်ဦး ကားလမ်းမကြီးတစ်လျှောက် NUG နှင့် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် မိုင်းများအား အများပြည်သူ ဘေးအန္တရာယ်မရှိစေရေး ဖယ်ရှားရှင်းလင်း



ကားစလစ်အိုးဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရဆွဲမိုင်းများ။



သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဒေသန္တရ ဆွဲမိုင်း။

နေပြည်တော် စက်တင်ဘာ ၂၆

NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသည့် ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေသည့် အုပ်ချုပ်ရေးတာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် လမ်းပန်းဆက်သွယ်မှုများ လုံခြုံချောမွေ့မှုမရှိစေရေး ရည်ရွယ်ချက်များဖြင့် အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများတွင် မိုင်းထောင်ခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ရေဦးမြို့နှင့် ခင်ဦးမြို့သွား ကားလမ်းမကြီးတစ်လျှောက် သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြောင်းမဲ့အကြမ်းဖက်

စာမျက်နှာ ၂၂ ကော်လံ ၁

ယနေ့ သတင်းအညွှန်း


၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုရစာရင်းများထုတ်ပြန် စာ - ၁၁

စက်တင်ဘာ ၂၅ ရက်အထိ သီလဝါ ဆီလှောင်ကန်၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုအခြေအနေအရ စက်သုံးဆီဖူလုံမှုရှိ စာ - ၁၂

ရုရှားနိုင်ငံ စာသင်ကျောင်းတစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ ၁၃ ဦး သေဆုံး စာ - ၁၃


## ဘားအံမြို့၌ သဘာဝဥယျာဉ်နှင့် ပန်းခြံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

နေပြည်တော် စက်တင်ဘာ ၂၆

ဘားအံမြို့သည် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဆွဲဆောင်ရာနေရာဒေသဖြစ်သည့်အတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ခရီးသွားပြည်သူများနှင့် ဒေသခံများ အပန်းဖြေနိုင်ရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန် ရည်ရွယ်၍ ဘားမဲတောင်သဘာဝဥယျာဉ်၊ ဇွဲကပင်ပန်းခြံနှင့် လှာကမြင်ပန်းခြံတို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၂၃ ကော်လံ ၄ ✻

